မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ သောကြာနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ငူခရိုင်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြော

ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့မှု၊ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ထောက်ပံ့ကူညီဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့မှုအား လယ်ယာမြေစစ်တမ်းကောက်ယူနေမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ တစ်နိုင်ငံလုံး၌ လယ်ယာမြေပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဦးဝင်းမြင့်နှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▲

နိုင်ငံတကာ

ဖိလစ်ပိုင်သို့ အားပြင်းမုန်တိုင်းဦးတည်တိုက်ခတ် ယနေ့မွန်းလွဲပိုင်း နိုင်ငံအလယ်ပိုင်းဝင်ရောက်နိုင်

သတင်းစာမျက်နှာ ➤ ၄

ပြည်တွင်း

ပုဂံဒေသတွင် ခေတ်ဟောင်း မော်တော်ယာဉ်များနှင့် ဥရောပခရီးသွားအဖွဲ့ လာရောက်လည်ပတ်

သတင်းစာမျက်နှာ ➤ ၁၀

နိုင်ငံတကာအားကစား

ချန်ပီယံလိဂ် အာဆင်နယ်နဲ့ ချယ်လ်ဆီး နောက်တစ်ဆင့်တက်နိုင်

သတင်းစာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒေသဝမ်းစာနှင့် မိုးစပါး

ဒေသတစ်ခုသည် နှစ်စဉ်စိုက်ပျိုးသော သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပါမှ ဝမ်းစာအတွက် စိတ်အေးရမည်ဖြစ်ပါသည်။ ဒေသနေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်စုံလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ သီးနှံစိုက်ခင်းတို့၏ သဘောသည် မိုးခေါင်၍သော်လည်းကောင်း၊ ရေကြီး၍သော်လည်းကောင်း ထိခိုက်ပျက်စီးတတ်ပါသည်။ သို့သော် ဝမ်းစာပြည့်မီဖူလုံရေးအတွက် ဝီရိယစိုက်ထုတ် စိုက်ပျိုးထုတ်လုပ်နိုင်မှသာလျှင် ဒေသဝမ်းစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

လွန်ခဲ့သည့် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း နောက်ကျမိုးများ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ဒေသအချို့ မြစ်ရေကြီးပြီး စိုက်ပျိုးလယ်မြေများ ရေကြီးနစ်မြုပ်ခဲ့ရပါသည်။ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ခဲ့သဖြင့် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းနှင့် ထန်းတပင် စသော မြို့နယ်များ၌ မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ခဲ့ရပါသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတွင်လည်း မိုးများ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် လယ်မြေအချို့ ရေကြီးနစ်မြုပ်မှု သုံးကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ကြောင်းသိရပါသည်။ မကွေးတိုင်းဒေသကြီးတွင်လည်း ဧက ၁၀၀၀ ခန့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရပါသည်။ အခြားသောဒေသများတွင်လည်း ဤကဲ့သို့ မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှု ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ဒေသအများစု ရေကျသွားပြီဖြစ်၍ ပြန်လည်စိုက်ပျိုးနိုင်သော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီစိုက်ပျိုးသွားနိုင်ပါမှ ဒေသဝမ်းစာအတွက် စိတ်အေးရမည်ဖြစ်ပါသည်။

ယင်းပြဿနာသည် တောင်သူလယ်သမားများချည်း ဆောင်ရွက်၍မရနိုင်ပါ။ သက်ဆိုင်ရာ၊ ဒေသဆိုင်ရာ ဒေသတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နိုင်ပါမှ အထမြောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီး နစ်မြုပ်လယ်မြေအချို့ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧက နှစ်တင်းနှုန်းဖြင့် မျိုးစပါးများ ဖြန့်ဖြူးပံ့ပိုးပေးလျက် ရှိပါသည်။

ရေကြီးနစ်မြုပ်လယ်ယာမြေများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အကောင်းဆုံးမှာ သက်တမ်းတိုအထွက်ကောင်း စပါးမျိုးများဖြစ်ပါသည်။ သီးထပ်ရင်၊ ကျွန်းရွှေဝါ၊ မော်ဘီဆန်းနှင့် အခြားသက်တမ်းတို ဒေသမျိုးများ စိုက်ပျိုးသွားသင့်ပါသည်။ ယင်းစပါးမျိုးများသည် အချိန်တိုအတွင်း ဖြစ်ထွန်းအောင်မြင်နိုင်ပါသဖြင့် စပါးမျိုးများ တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိစိုက်ပျိုးသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်မှသာလျှင် ဒေသဝမ်းစာအတွက် ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ ပျက်စီးဆုံးရှုံးလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး သက်တမ်းတိုအထွက်ကောင်း စပါးမျိုးများ အချိန်မီဖြန့်ဖြူး စိုက်ပျိုးသွားနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါမှ ဒေသဝမ်းစာအတွက် စိတ်အေးရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နယ်စပ်ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ရာတွင် ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်အောင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအုပ်နှင့် နည်းပြများ၊ ကျောင်းသားများနှင့် တွေ့ဆုံ၍ လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ကြိုးစားကြရေး၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ သင်တန်းသားဦးရေကို တိုးမြှင့်လက်ခံနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ သင်တန်းသားလူငယ်များအနေဖြင့် မိမိတို့၏လူနေမှုဘဝမြင့်မားအောင် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်၍ လုပ်ငန်းများ သတ်မှတ်ကာလအမီ အမြန်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ နယ်စပ်ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ရာတွင် ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်အောင် အလေးထား ဆောင်ရွက်သွားရန်၊ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းသူ ကျောင်းသူကလေးများအား သင်တန်းနည်းပြများက Guardian စနစ်ဖြင့် အနီးကပ်ကြပ်မတ်စောင့်ရှောက်ကာ စည်းကမ်းတကျသွားလာနေထိုင်ရေး၊ ဝတ်စားဆင်ယင်ရေး၊ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ခန်းစာမှတ်စုများ၊ စာရေးကိရိယာများ ပြည့်စုံစွာရရှိစေရေး၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်မြင့်မားစေရေး ဝိုင်းဝန်းကြိုးပမ်းကြရန်မှာကြားပြီး သင်တန်းသူ အိပ်ဆောင်၊ စာကြည့်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကချင်ပြည်နယ်ရှိ တနိုင်း၊ ကာမိုင်း၊ ချီဖွေ၊ မန်စီ၊ နမ့်ခမ်း၊ ဝိုင်းမော်၊ ဖားကန့်၊ ဟိုပင်၊ ပန်ဆောင်၊ နန်းယွန်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ရှင်ဗွေယန်မြို့နယ်များမှ ဂျိန်းဖော၊ နာဂ၊ ရှမ်း၊ ချင်း၊ လာချိတ်၊ လော်ဝေါ်၊ ပလောင် တိုင်းရင်းသူ ၉၇ ဦးတက်ရောက်လျက်ရှိပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝသော၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သော တိုင်းရင်းသူကလေးများဖြစ်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နမ့်ခမ်းမြို့ အမှတ်(၂) စည်ပင်သာယာဈေးသစ်ဖွင့်

နမ့်ခမ်း နိုဝင်ဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်ရှိ အမှတ်(၂) စည်ပင်သာယာဈေးသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ကျင်းပရာ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက အမှတ်(၂) စည်ပင်သာယာဈေး ဆောင်ရွက်ထားမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဈေးသစ်ကြီးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုကို၊ ဈေးကော်မတီနာယက ဦးစိုင်းအိုက်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဈေးသစ်ကြီးမှာ ကွန်ကရစ်ခင်း၊ သစ်သားတိုင်၊ သွပ်မိုးအဆောက်အအုံဖြစ်ပြီး ကိုးပေပတ်လည် ဆိုင်ခန်းပေါင်း ၄၃၂ ခန်းပါရှိကြောင်းနှင့် လူသုံးကုန်အမျိုးမျိုး၊ စားသောက်ကုန်၊ သားငါး၊ ကုန်စိမ်းများကို ရောင်းချပြီး ၂၀၁၄ ခုနှစ် မတ်လကုန်အထိ အခွန်လွတ်စနစ်ဖြင့် ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အမှတ်(၂) စည်ပင်သာယာဈေးသစ်ကြီးကို နမ့်ခမ်းမြို့ရဲ့ ဒုတိယဈေးကြီးအဖြစ် ဖွင့်လှစ်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးသူဈေးသားတွေ ညှိနှိုင်းပြီးဆောင်ရွက်ခဲ့ပါတယ်။ ရရှိတဲ့ အခွန်အခများကို ဒီဈေးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးတင်ကိုကိုက ပြောသည်။ **ဘုဏ်မင်း(နမ့်ခမ်း)**

ထင်သာမြင်သာ ပြုပြင်စရာ

စလင်းဝက်သည်းကန်တော်ကြီး ထိန်းသိမ်းပြုပြင်ပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်ဘက်ကပ်လျက် တစ်စပ်တည်းတွင် တည်ရှိနေသော ဝက်သည်းကန်တော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကျော် ပုဂံပြည်ကြီးကောင်းစားစဉ် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးလက်ထက် ခရစ်သက္ကရာဇ် ၁၁၉၄ ၊ ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် စလင်းနယ်သားများ၏ ခွန်အား ဖွဲ့ သတ္တိနှင့် တူးဖော်ခဲ့သော ကန်ကြီးဖြစ်သည်။

ကန်တော်ကြီး၏ အကျယ်အဝန်းမှာ ၁ ဒသမ ၇ စတုရန်းမိုင်ဖြစ်၍ ဧကအားဖြင့် ၁၀၈၈ ဧက ရှိသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၃ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးက (သားငှက်ဘေးမဲ့ကြိုးဝိုင်း) အဖြစ် သတ်မှတ်ထိန်းသိမ်းပေးခဲ့သည်။ ၎င်းကန်ကြီး၏ ပိုလျှံရေများကို ဆင်ကျုံးကွင်း၊ ရှမ်းစုကွင်း၊ ကူဖြူကွင်း၊ ကူတိုကွင်း၊ မကျီးပင်ပုကွင်း စသည့်ကွင်းများတွင် လယ်မြေ ဧက ၂၅၀၀ ကျော် ရေသွင်းရယူ၍ စပါးစိုက်ပျိုးရသည်။

ဤကန်ကြီးကို အမှီပြု၍ ကြာဖက်ခူးသူများ၊ ကြာသက်နံ့ရက်လုပ်ရန် ကြာချည်မျှင်များ ထုတ်ယူရောင်းချသူအများအပြားရှိသည်။ ဤကန်ကြီး၏ မနီးမဝေးတွင် ရှေးဟောင်းရုပ်စုံကျောင်းတော်ကြီး ရှိသည်။ ယခုအခါ ဤကန်တော်ကြီးကို ပြုပြင်ထိန်းသိမ်းမှု အလွန်အားနည်းနေ၍ ကန်ပတ်လည်တွင် ချုံနွယ်များ၊ ကန်အတွင်း ကျူပင်ရိုင်းများပေါက်နေပြီး ယခုအတိုင်းသွားမည်ဆိုလျှင် ကန်ကြီးတိမ်ကော ပျောက်ကွယ်သွားနိုင်သည်။ ကန်အတွင်းရှိ ရေသတ္တဝါများမှာလည်း ဖမ်းဆီးခံနေရသည်။

ကန်တော်ကြီးသည် မြို့၏ ကျက်သရေဆောင် ဆိုသော်လည်း အကျည်းတန်နေသည်။ ရှေးဟောင်းလေ့လာစရာ ကျောင်းတော်ကြီးနှင့် ဤကန်ကြီးသည် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများကိုပင် ဆွဲဆောင်နိုင်သည်။ စလင်းမြို့သူမြို့သားများက ကန်တော်ကြီးကို အချိန်မီ ပြုပြင်ထိန်းသိမ်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

တရုတ်တိုင်ပေမှ ပေါင်းစပ်ကုန်ထုတ်လုပ်မှုအသုံးချနည်းပညာ

INTEGRATED MANUFACTURING TECHNOLOGY FROM TAIWAN

စက်ယန္တရား၊ ကိရိယာ၊ အသုံးချနည်းပညာနှင့်လေ့ကျင့်သင်ကြားပေးမှု

MACHINERY, TOOLS, TECHNOLOGY, TRAINING

လျှပ်ကာပြောင်း (Transformer) MCB ၏ မော်တာများ၊ မျက်နှာကြက်ပန်ကာနှင့် စားပွဲတင်ပန်ကာ၊ Hi တိုင်ပိုစ့်များ (Hi-mast Poles)၊ အလင်းရောင်တပ်ဆင်ပေးမှုများ (Light Fitting)၊ သွယ်ပြွန်သေတ္တာများ (Conduit Boxes)၊ ကွန်ကရစ်မွှေစက်များ (Mixer)၊ ကြိတ်စက်များ (Grinder)၊ ဓာတ်ငွေ့သုံးအပူပေးကိရိယာများ (LPG Cylinders) နှင့် မီးဖိုများ (Stoves)၊ စတီးလက်စတီးရေတိုင်ကီများ (Stainless Stell Water Tanks)၊ ပန်းကန်ဆေးခွက် (Sinks) နှင့်တံခါးများ၊ သတ္တုပြားအပေါက်များ (Sheet Metal Slitting)၊ ဖြတ်ခြင်းနှင့် အလိပ်လိပ်ခြင်း (Cutting Roll Forming)၊ ထုပုံသွင်းစက်များ (Stamping)၊ ပုံထုစက်များ (Forging)၊ ဒိုင်-ပုံသွင်းပစ္စည်းများ (Die Casting)၊ မျက်နှာကြက်တန်းများ (Hangers)၊ ကုန်မာပစ္စည်းများ (Hardware)၊ မော်တော်ကားအစိတ်အပိုင်းများ၊ အခြားကားနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့်စားသုံးသူ သုံးပစ္စည်းများ၊ ယူနီတက်-သတ္တုပုံသွင်းပစ္စည်းများ

တရုတ်တိုင်ပေ နည်းပညာကုမ္ပဏီလီမိတက်
Call Peter on+ 886-975-893 or local 0936131345 (on show dates)
Email: peter@umtt.com.tw
ကျွန်တော်တို့နှင့် တွေ့ရှိရန် MIMF 2013, Myanmar Convention Center
အမှတ် ၁၂၂၊ ရန်ကုန်ဈေးဆိုင်၊ နိုဝင်ဘာ (၁၅-၁၈)ရက်

ပြည်တွင်းသတင်း

စပါးပျက်စီးသွားသောတောင်သူများ ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် နိုင်ငံတော်က မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးမည်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာလာရာ ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ်သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု အခြေအနေနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီးအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့်အခြေအနေ၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၄ နာရီအတွင်း တပ်မတော်၊ ပြည်သူတို့နှင့် ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စပါးများ အချိန်မီ အမိုးအကာအောက်ရောက်ရှိရေးအတွက် စီမံဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ဧက ၁၅၀၀၀ ကျော်တွင် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်နစ်နာခဲ့သည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်နိုင်အောင် ကူညီဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ စစ်တောင်းမြစ် ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ရေကြီးမှုကို ကာကွယ်ရန်အတွက် ပဲခူး-စစ်တောင်းတူးမြောင်းပြန်လည်ပြုပြင်ရန် လိုအပ်သည့်အခြေအနေ၊ စစ်တောင်းမြစ်ရေတိုက်စားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေကြီးနစ်မြုပ်ပျက်စီးသည့်ဧက ၁၅၀၀၀ ကျော်အတွက် ဆောင်းသီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်း၊ မတ်ပဲနှင့်နေကြာများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမည့် အစီအစဉ်၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးနိုင်မည့် အခြေအနေ၊ စက်ယန္တရားများဖြင့် ရိတ်သိမ်းနိုင်ရန်အတွက် Combine Harvester များ စုစည်းထားမှုအခြေအနေများ၊ စစ်တောင်း၊ ပဲခူးမြစ်တစ်လျှောက် ရေတားတမံများ၊ မြစ်ကြောင်းထိန်းသိမ်းမှုလုပ်ငန်းများနှင့် ရေတံခါးတည်ဆောက်မှုအခြေအနေများနှင့် ပဲခူး-စစ်တောင်းတူးမြောင်းပြန်လည်ပြုပြင်ရေးလုပ်ငန်းကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

> **သီးနှံပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားများအား အကူအညီပေးနိုင်ရန်အတွက် မှန်ကန်တိကျသော စာရင်းဇယားများ ပြုစုပေးရန် လိုအပ်။**
>
> **ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကို ကာကွယ်ရန်အတွက် မိမိတို့အစိုးရလက်ထက်တွင် ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေ။**

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက စစ်တောင်းမြစ်နှင့် ပဲခူးမြစ် ရေကြီးနစ်မြုပ်မှုကာကွယ်နိုင်ရန်အတွက် မြို့နယ် ၂၃ မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်း ၂၂၈ ခု အနက် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် စီမံကိန်း ၃၈ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၂၇ ခုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် ပဲခူးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုနှင့်ပတ်သက်ပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်း၊ အချိန်အနည်းငယ်ယူ ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဟူ၍ သုံးပိုင်းခွဲခြားဆောင်ရွက်ရန်လိုပါကြောင်း။

ကြုံတွေ့ခဲ့ရ

ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရေနစ်မြုပ်သွားခဲ့သည့် စပါးများကို အမြန်ဆုံးရိတ်သိမ်းရန်လိုပါကြောင်း၊ ဒေသအခြေအနေပေါ်မူတည်ပြီး လူအင်အားဖြင့် ရိတ်သိမ်းရမည့် စိုက်ဧက၊ စက်ယန္တရားဖြင့် ရိတ်သိမ်းရမည့် စိုက်ဧကများကို ခွဲခြားထားရန်လိုပါကြောင်း၊ စပါးပျက်စီးသွားသော တောင်သူများအနေဖြင့် ဆောင်းသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်က မျိုးကောင်းမျိုးသန့်များ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာတွင် သီးနှံအမျိုးအစားအလိုက် သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရက ကူညီဆောင်ရွက်ပေးရန်လိုပါကြောင်း၊ သီးနှံပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားများအား အကူအညီပေးနိုင်ရန်အတွက် မှန်ကန်တိကျသော စာရင်းဇယားများပြုစုပေးရန် လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကို ကာကွယ်ရန်အတွက် မိမိတို့အစိုးရလက်ထက်တွင် ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးကြောင်း။

နှစ်အလိုက်ဆောင်ရွက်မည်

ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် နောင်ဘဏ္ဍာရေးနှစ်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ အကူအညီပေးသွားမည်ဖြစ်ပါကြောင်း၊ ပဲခူးမြစ်နှင့်စစ်တောင်းမြစ် ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရေးနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် စစ်တောင်းမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ မြစ်ကြောင်းတစ်လျှောက် ရေတားတမံတည်ဆောက်ခြင်း၊ ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလားတူပင် စစ်တောင်းမြစ်အတွင်း စီးဝင်နေသည့် ရဲနွယ်၊ ဘိုင်ဒါ၊ ကောလိယချောင်းများကိုလည်း ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုပါကြောင်း၊ ပဲခူး-မြစ်မခစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ပဲခူး-စစ်တောင်းတူးမြောင်းကိုလည်း နိုင်ငံတကာနှင့် ပူးပေါင်းပြုပြင်ထိန်းသိမ်းနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပဲခူးမြစ်နှင့်စစ်တောင်းမြစ်ရေကြီးမှုကို ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးရေရရှိရေးအတွက်လည်း အထောက်အကူရရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ရေကြီးနစ်မြုပ်မှုဘေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရန်လိုအပ်သည့် အစီအမံများ၊ ကြိုတင်ကာကွယ်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည့်ကိစ္စရပ်များအပေါ် အကျယ်တဝင့် ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး
ပူးပေါင်းကော်မတီ

သတင်းထုတ်ပြန်ချက်(၂/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃/၂၀၁၃)ကို ၃၁-၁၀-၂၀၁၃ ရက်နေ့၌ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၂။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီသည် အများပြည်သူတို့၏ လိုလားချက်အရလည်းကောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်၍ ပြည့်စုံသောအကြံပြုချက်များကို ပေးပို့နိုင်ရန်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ သတင်းထုတ်ပြန်ချက်(၁/၂၀၁၃)ဖြင့် ထုတ်ပြန်ခဲ့သော အကြံပြုချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မတိုင်မီပေးပို့ရန် သတ်မှတ်ချက်(အစား) ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ ပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁)ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၁-၂၀၁၃ရက်မှစ၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင် သီတာဆိပ်လမ်းသွယ်တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၁၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၃:၀၀ နာရီတွင် အမှတ် (၁)သစ္စာလမ်း၊ ရန်ကင်း၊ တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၌ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁နှင့် ၀၁-၉၀၀၀၉၁၂တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

နိုင်ငံတကာသတင်း

ပါလက်စတိုင်းခေါင်းဆောင်ဟောင်း အာရာဖတ် အဆိပ်ခတ်သတ်ခံရဖွယ်ရှိကြောင်း စစ်ဆေးတွေ့ရှိ

ပါလက်စတိုင်း နိုဝင်ဘာ ၇

ကွယ်လွန်သွားခဲ့ပြီဖြစ်သော ပါလက် စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်သည် ပိုလိုနီယမ် ရေဒီယိုသတ္တိကြွအဆိပ်ခတ်သတ်ခံရ ဖွယ်ရှိကြောင်း ဆွစ်ဇာလန်မှုခင်းဆေး ပညာရပ်ဆိုင်ရာ သတင်းထုတ်ပြန်ချက် ကို အယ်လ်ဂျာဇီးရား သတင်းဌာနက သတင်းထုတ်ပြန်သည်။ သူသည် ၂၀၀၄ ခုနှစ်က သွေးနှင့်ဆိုင်သော ရောဂါဖြစ် ရာမှ လေဖြတ်ပြီး သေဆုံးခဲ့ကြောင်း ၎င်း၏ဆေးမှတ်တမ်းများတွင် ဖော်ပြ သည်။ သို့ရာတွင် သူသည် အသတ်ခံရ သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး နောက် ၎င်း၏အလောင်းကို လွန်ခဲ့ သည့်နှစ်က ပြန်ဖော်စစ်ဆေးခဲ့သည်။ ၎င်း၏ အလောင်းကို မှုခင်းဆိုင်ရာ ဆရာဝန်များက စစ်ဆေးခဲ့ရာ ခန္ဓာ ကိုယ်အတွင်း ပိုလိုနီယမ်များ မြင့်မား စွာတွေ့ရခြင်းကြောင့် အဆိပ်ခတ် သတ်ခံရဖွယ်ရှိကြောင်း ဆွစ်ဇာလန် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အစ္စရေးက မစ္စတာအာရာဖတ် **(အောက်ပုံ)** ကို အဆိပ်ခတ်သတ်လိမ့်မည်ဟု ပါလက်စတိုင်းပြည်သူများ နှင့်အခြားသူများက ကာလအတန်ကြာ ကပင် ယုံကြည်ထားကြသည်။ အချို့ သောပုဂ္ဂိုလ်များက ၎င်းအား အေအိုင်ဒီ အက်စ်သို့မဟုတ်ကင်ဆာဖြင့်သေဆုံး ခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။ အစ္စရေးကမူ အာရာဖတ်သေဆုံးမှုနှင့် ပတ်သက်ပြီးမည်သို့မျှ ပတ်သက်မှုမရှိ ကြောင်း ငြင်းဆိုထားသည်။ ဆွစ်ဇာ လန်တို့၏ စုံစမ်းစစ်ဆေးမှုသည် သိပ္ပံ ပညာထက်ဇာတ်လမ်း ဆန်နေကြောင်း အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနပြော ရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ဆွစ်ဇာလန် လာဆန်းဗောက်ဒိုး အစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ သည် အာရာဖတ်၏ ဆေးမှတ်တမ်းများ ရုပ်ကြွင်းမှ နမူနာများနှင့် ၂၀၀၄ ခုနှစ် ပါရီဆေးရုံ၌ သေဆုံးခဲ့စဉ်က အချက် အလက်များကို စစ်ဆေးခဲ့သည်ဟုဆို သည်။ ဇီဝဆိုင်ရာစစ်ဆေးမှုတွင် မစ္စတာအာရာဖတ်၏ အရိုးများနှင့် ၎င်း၏ရုပ်အလောင်းဝန်းကျင်မှ မြေကြီး နမူနာများကိုပါ စစ်ဆေးဖော်ထုတ်ခဲ့ သည်ဟု ဆိုသည်။ ယင်းတို့ အားလုံး စစ်ဆေးချက်အရ ပိုလိုနီယမ် -၂၁၀ အဆိပ်သင့်ခဲ့သည့် အကျိုးဆက်များကို ရှာဖွေနိုင်ခဲ့သည်ဟုဆိုသည်။ ယင်း ပိုလိုနီယမ်အဆင့်သည် ရေဒီယိုသတ္တိ ကြွ မြင့်မားစွာရှိသည်ဟုဆိုသည်။

(ဘီဘီစီ)

ခြောက်ပါတီဆွေးနွေးပွဲပြန်စရန် ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယား ဆွေးနွေး

ဝါရှင်တန် နိုဝင်ဘာ ၇

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားသုံးနိုင်ငံတို့မှ ထိပ်တန်းနျူကလီး ယားသံတမန်များသည် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်အရေး ဆိုင်ရာ ခြောက်ပါတီဆွေးနွေးပွဲပြန်စရန် သင့်မသင့်ဆွေးနွေးခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ရေးသားထားသည်။ အဆိုပါ ခြောက်ပါတီ ဆွေးနွေးပွဲမှာ ငါးနှစ်နီးပါးကြာအောင် ဆိုင်းငံ့ထားသော ဆွေးနွေးပွဲဖြစ် သည်။

တွေ့ဆုံ

အဆိုပါ သံတမန်တို့မှာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှဒေသ နှင့်အဏ္ဏဝါရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ဂျွန်နီချီအီဟာရား မြောက်ကို ရီးယားနိုင်ငံမူဝါဒရေးရာအမေရိကန် အထူးကိုယ်စားလှယ် ဂရင်းဒါးဗီးစ်နှင့် ကိုရီးယားကျွန်းဆွယ်ဒေသ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ အထူးကိုယ်စား လှယ်ချိုတေးယွန်တို့ ဖြစ်ကြသည်။ ၎င်းတို့သည် နိုဝင်ဘာ ၆ ရက်က ဝါရှင် တန်မြို့ အမေရိကန်နိုင်ငံခြားရေးရုံး၌ နှစ်နာရီကြာမျှ တွေ့ဆုံခဲ့ကြခြင်းဖြစ် သည်။

၎င်းတို့က မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားထုတ်လုပ်မှု စွန့်လွှတ်ရန်နှင့်နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်တို့ကို စွန့်လွှတ်ရန် တိုက်တွန်း ပြောကြားထားသည်။

တောင်ကိုရီးယားက မိမိတို့သုံးနိုင်ငံသည် နျူကလီးယားဖျက်ဆီးရေး အယူအဆသဘောထားနှင့်ပတ်သက်၍ စိတ်တူကိုယ်တူရှိနေကြောင်း ပြောဆို သွားသည်။ မြောက်ကိုရီးယားက ခြောက်ပါတီဆွေးနွေးပွဲပြန်စရန် ခြွင်းချက် မရှိ တိုက်တွန်းထားသည်။ သို့ရာတွင် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား တို့က မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားဖျက်ဆီးရေး ခိုင်လုံသော ပထမဆုံးခြေလှမ်းများရှိရန် အတင်းအကျပ်တောင်းဆိုနေကြသည်။

(အင်န်အိတ်ချ်ကေ)

တာဂျစ်ကစ္စတန်သမ္မတ ပြန်လည်အရွေးခံရ

ဒူရှာဘီ နိုဝင်ဘာ ၇

တာဂျစ်ကစ္စတန်သမ္မတအီမိုမာလီ ရာမွန်းသည် နိုဝင်ဘာ ၆ ရက် သမ္မတ ရွေးကောက်ပွဲတွင် ဆန္ဒမဲ ၈၃ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်းခံရကြောင်း ဗဟို ရွေးကောက်ပွဲကော်မရှင် (စီအီးစီ)က နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

သမ္မတအီမိုမာလီရာမွန်းသည် ရွေးကောက်ပွဲတွင် အနိုင်ရလိုက်သဖြင့် နောက်ထပ်သက်တမ်းခုနစ်နှစ် သမ္မတ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ဆင်းရဲနေသော ဆိုဗီယက်နိုင်ငံဟောင်းကို နှစ်ပေါင်း ၂၀ ကျော်ကြာ အုပ်ချုပ်ခဲ့ပြီးဖြစ် သည်။

အမေရိကန်နှင့် အီးယူတို့က ဗဟို အာရှနိုင်ငံဖြစ်သည့် တာဂျစ်ကစ္စတန် ရွေးကောက်ပွဲကို လွတ်လပ်၍ တရား မျှတသော ရွေးကောက်ပွဲအဖြစ် အသိ အမှတ်မပြုသည်ဟုဆိုသည်။

အတိုက်အခံများကလည်း ၎င်းက မြို့တော်နှင့် အခြားမြို့ကြီးများ၌ သမ္မတပုံများကို အလွန်ကြီးမားသော ဆိုင်းဘုတ်ကြီးများ စိုက်ထူလျက် မတရားသဖြင့် ဆွဲဆောင်မှုပြုလုပ်ခဲ့ သည်ဟုစွပ်စွဲပြောကြားသည်။

အဆိုပါနိုင်ငံသည် မော်စကို ကျောထောက်နောက်ခံပြုသော အစိုးရ နှင့် အစ္စလာမ္မစ်တို့ ဦးဆောင်သော အတိုက်အခံတို့အကြား ၁၉၉၂-၉၇ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ စစ်ပွဲ ကြောင့် အကြီးအကျယ်ပျက်စီးစေခဲ့ သည်။ ကုလသမဂ္ဂ ကြားဝင်ဖျန်ဖြေမှု နှင့် ငြိမ်းချမ်းရေးသဘောတူညီချက် မရမီ လူပေါင်း ၅၀၀၀၀ စစ်ပွဲအတွင်း သေဆုံးခဲ့ရသည်။

(ဆင်ဟွာ)

ဖိလစ်ပိုင်သို့ အားပြင်းမုန်တိုင်းဦးတည်တိုက်ခတ် ယနေ့မွန်းလွဲပိုင်း နိုင်ငံအလယ်ပိုင်းဝင်ရောက်နိုင်

မနီလာ နိုဝင်ဘာ ၇

ဖိလစ်ပိုင်အာဏာပိုင်များအနေ ဖြင့် ဟိုင်ရန်း(Haiyan) တိုင်ဖွန်းမုန် တိုင်းဝင်ရောက်တိုက်ခတ်လာမည်ဖြစ် သည့်အတွက် အရေးပေါ်ပြင်ဆင် လျက်ရှိရာ သောကြာနေ့တွင် နိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက် ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင် များက ခန့်မှန်းထားကြသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် အဆင့် ၅ ရှိ မုန်တိုင်းအမျိုးအစားဖြစ် ပြီးဖိလစ်ပိုင်နိုင်ငံသို့ တစ်နာရီ ၁၇၃ မိုင်နှုန်းဖြင့် ဦးတည်တိုက်ခတ်လျက်ရှိ သည်။

မုန်တိုင်းကြောင့် ကျောင်းအချို့ ပိတ်ထားလိုက်ရပြီဖြစ်သည်။ ကမ်းရိုး တန်းမြေနိမ့်ပိုင်းဒေသများနေ ပြည်သူ များဘေးကင်းရာသို့ ရွှေ့ပြောင်းပေး ထားရသည်။

၎င်းမုန်တိုင်းသည် သောကြာ နေ့မွန်းလွဲပိုင်းတွင် ဆာမာနှင့် လိုင် တေးကျွန်းစုကြားမှ ဝင်ရောက်လာ ဖွယ်ရှိသည်။ ယခုတိုက်ခတ်နေသည့် မုန်တိုင်းကြီးသည် ၂၀၁၂ ခုနှစ်က လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ ရသည့် ဘိုသာမုန်တိုင်းထက် အဆ ပေါင်းများစွာ ကြီးမားပြင်းထန်လိမ့် မည်ဖြစ်ကြောင်း ဖိလစ်ပိုင်မိုးလေဝသ ပညာရှင်များက သတိပေးထားသည်။

ပြီးခဲ့သည့် လက ဘိုဟောဒေသ၌ အင်အား ၇ ဒသမ ၃ ရှိ အားပြင်း ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၅၀၀၀ ခန့် ရွက်ဖျင်တဲများဖြင့် နေရဆဲဖြစ်သည်။ မုန်တိုင်းသည် ယင်းတို့ကို ခြောက် လှန့်လျက်ရှိသည်။

(ဘီဘီစီ)



ဆိုယုဇ်အာကာသယာဉ် အောင်မြင်စွာလွှတ်တင်

ရုရှား နိုဝင်ဘာ ၇

ရုရှားဆိုယုဇ်အာကာသဒုံးပျံယာဉ်ကို ကာဇက်စတန် မြေပြင်စခန်းမှ အောင်မြင်စွာလွှတ်တင်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းခရီးစဉ်တွင် ဂျပန်လူမျိုးအာကာသယာဉ်မှူး ကိုချီဝါ ကာတာနှင့်အခြားအဖွဲ့ဝင် နှစ်ဦးလိုက်ပါသွားကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ဆိုယုဇ်အာကာသယာဉ်ကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီ ၁၄ မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယခု အခါ နိုင်ငံတကာအာကာသယာဉ်စခန်းသွားလမ်းခရီး၌ ရောက်ရှိနေသည်။ ဒုံးပစ်စင်မှ အဆင့်သုံးဆင့်ပါဒုံးပျံယာဉ် လွှတ်တင်ခဲ့ပြီးနောက် ကိုးမိနစ်အကြာ ကီလိုမီတာ ၂၀၀ အမြင့်ရှိ စီစဉ်ထားသော ပတ်လမ်းကြောင်းထဲသို့ ဝင်ရောက် သွားခဲ့သည်။ ဆိုယုဇ်အာကာသယာဉ်မှူးအခန်းထဲတွင်မူ ဝါကာတာသည် ယာဉ်လွှတ်တင်မှုဖြစ်စဉ်များကို ရှင်းပြနေ လျက်ရှိပြီး ကင်မရာဆီသို့ ဝှေ့ယမ်းနှုတ်ဆက်ပြနေသည် ဟုဆိုသည်။ လွှတ်တင်ပြီးခြောက်နာရီခန့်အကြာတွင် နိုင်ငံ တကာအာကာသစခန်းနှင့် ချိတ်ဆက်မိမည်ဖြစ်သည်။

ဝါကာတာသည် အာကာသသို့ သွားရောက်မှုခရီးစဉ်မှာ ယခုအပါအဝင် လေးကြိမ်မြောက်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ပထမ ဆုံးအာကာသစခန်းအုပ်ချုပ်ရေးမှူးဖြစ်လာမည်ဖြစ်သည်။ ဝါကာတာသည် ယခုခရီးတွင် သူ၏ကိုယ်ပိုင်အလုပ်များဖြစ် သော ကြယ်တာရာများကို ရုပ်ရှင်ရိုက်ကူးခြင်း၊ လက်တွေ့ သိပ္ပံစမ်းသပ်မှု၌ အရိုးများ အလေးချိန်ကင်းမဲ့မှုတို့ကို သုတေ သနပြုလေ့လာမည်ဖြစ်သည်။ ဂျပန်နှင့်ဗီယက်နမ် ပူးတွဲ မိုက်ခရိုဂြိုဟ်တုတစ်လုံးကိုလည်း လွှတ်တင်လိမ့်မည်ဖြစ် သည်။

(ဘီဘီစီ)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ် ၆၅၀ဟုခေါ်တွင်သော အလျားပေ(၄၀×၆၀)ရှိ မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစိုးမြင့် AE-၂၂၉၅၉၆အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်ကို ဦးစိုးမြင့်မှ လက်ဆင့်ကမ်း ရောင်းချခဲ့ပါသည်။ ယခုအချိန်တွင် ဦးကျော်စွာမင်း ၁၂/ဗတထ(နိုင်)၀၀၁၂၀၈က ပိုင်ဆိုင်ပြီး ၎င်းမှ လက်ဝယ်ထားရှိပိုင်ဆိုင် ရယူအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက နည်းလမ်းတကျ လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် လူနေထိုင်ခွင့်ပြုမိန့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဥပဒေအရပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးသူ(စဉ်-၈၅၂၁)
တရားလွှတ်တော်ရှေ့နေ
အခန်း ၃၊ ခုနစ်လွှာ၊ Strand Condo၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၅၄၆၅၁

ဇီဝိတဒါန

အရှင်ဉာဏဝံသသည် ခန္ဓာကိုယ်တွင်း အစိတ်အပိုင်းများ လှူဒါန်းချင်သည်။ AB သွေးလိုအပ်သူတိုင်း ဖုန်း-၀၉-၇၃၁၃၆၈၈၂သို့ ဆက်သွယ်ပါ။

တိုက်ခန်းရောင်းမည်

တိုက်-၁၀၁၊ ပေ(၁၆×၆၀)၊
လမ်းမတော်လမ်းသစ်လမ်း၊
လမ်းမတော်မြို့နယ်၊(အသင့်နေထိုင်)
ဖုန်း-၀၉-၅၁၅၇၄၃၆၊ ၀၉-၅၀၂၄၃၄၉

ဝယ်လိုသည်

Excavator (Used)
နာရီ ၆၀၀၀ ဝန်းကျင်
၂၀၁၀ နှင့်အထက်
ဖုန်း-၀၉-၅၁၉၂၈၅၇၊ ၄၂၁၁၃၀၄၉၉

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အထည်ချုပ်စက်ရုံမြေနေရာများတွင် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဖော်ပြပါလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည်အဆိုပြုလွှာများအား ၁၆-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်သို့ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အသေးစိတ်မေးမြန်းသိရှိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေးဌာန)၊ အထည်အလိပ်လုပ်ငန်း၊
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈

အစည်းအဝေးတက်ရောက်မည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ၌ ကျင်းပမည့်(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့် အရာခံဗိုလ်များ အစည်းအဝေး တက်ရောက်ရန်အတွက် ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Brigadier General Dato Seri Pahlawan Haji Yussof Bin Haji Abd Rahman ဦးဆောင်သော အဖွဲ့၊ မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor ဦးဆောင်သောအဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ် Lieutenant General Noel A.Coballes ဦးဆောင်သောအဖွဲ့နှင့် ဗီယက်နမ်နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Nguyen Quoc Khanh ဦးဆောင်သောအဖွဲ့တို့သည် နိုဝင်ဘာ ၆ ရက်ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အလားတူ ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Meas Sophea ဦးဆောင်သောအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံကြည်းတပ်ဦးစီးချုပ် General Budiman ဦးဆောင်သောအဖွဲ့၊ လာအိုနိုင်ငံ ဒုတိယစစ်ဦးစီးအရာရှိချုပ် Brigadier General Chantuong Soneta AT ဦးဆောင်သော အဖွဲ့၊ စင်ကာပူနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Major General Ravinder Singh ဦးဆောင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် General Udomdej Sitabutr ဦးဆောင်သောအဖွဲ့တို့သည် လေကြောင်းခရီးစဉ်များဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးကို နိုဝင်ဘာ ၈ ရက်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရ Ballroom ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် (၃)ကြိမ်မြောက် အာဆီယံနိုင်ငံလုပ်သက်ရင့် အရာခံဗိုလ်များအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဘရူနိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် လေကြောင်းခရီးစဉ်ဖြင့် မန္တလေးမြို့သို့ရောက်ရှိပြီး နိုဝင်ဘာ ၆ ရက်ညပိုင်းနှင့် နိုဝင်ဘာ ၇ ရက်တို့တွင် ပြင်ဦးလွင်မြို့ ရွှေစံအိမ်ဟိုတယ်သို့ ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပရာ မြန်မာဘက်မှ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Pong sak Ruktapongpisal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံထိုင်းကုမ္ပဏီတို့အကြား ချုပ်ဆိုထားသည့် မူဘောင်သဘောတူညီချက်ဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးလုပ်ငန်းစဉ်များတွင် ပါဝင်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြုလုပ်သွားမည်

ထိုညှိနှိုင်းဆွေးနွေးပွဲသို့ မြန်မာဘက်မှ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ငွေကြေးနှင့်ရန်ပုံငွေရှာဖွေထူထောင်ရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့လည်း တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေအနေဆိုးရွားလာတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အတိုက်အခံနဲ့ လက်ရှိအစိုးရတို့အကြား လာမယ့် ၂၀၁၄ ရွေးကောက်ပွဲအတွက် အယူအဆသဘောထားကွဲလွဲရာမှ ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးဆန္ဒပြမှုဟာ အခြေအနေဆိုးရွားလာတာတွေ့ရပါတယ်။

ဝန်ကြီးချုပ် ရှိတ်ဟာစီနာ နုတ်ထွက်ပေးဖို့ ဆန္ဒပြတောင်းဆိုသူတွေနဲ့ ရဲအဖွဲ့တို့ အဓိကရုဏ်းဖြစ်ခဲ့တာကြောင့် အနည်းဆုံးနှစ်ဦးသေဆုံးပြီး သုံးဒါဇင်ကျော်လောက် ထိခိုက်ဒဏ်ရာရသွားတယ်လို့ သိရပါတယ်။ ဒီအဓိကရုဏ်းဟာ ဘင်္ဂလားဒေ့ရှ် အဓိက အတိုက်အခံပါတီဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ (ဘီအင်န်ပီ)က နိုင်ငံတစ်ဝန်း သုံးရက်ကြာဆန္ဒပြဖို့ တိုက်တွန်းဆော်ဩခဲ့ရာမှ စတင်ခဲ့တာဖြစ်ပါတယ်။

ဒါကာမှာလုံခြုံရေးတပ်ဖွဲ့တွေက ဆန္ဒပြမှုကို နှိမ်နင်းစဉ် ဘီအင်န်ပီပါတီခေါင်းဆောင် ခါလီဒါဇီယာ ထောက်ခံသူတွေက ခဲတွေ၊ ဗုံးတွေနဲ့ ပစ်ပေါက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဘီအင်န်ပီပါတီက အတိုက်အခံ မဟာမိတ်ပါတီတွေကို ဦးဆောင်ပြီး ဘင်္ဂလားဒေ့ရှ်မြို့ကြီးတွေမှာ ဆန္ဒပြအုံကြွမှုတွေ ပြုလုပ်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

တောင်အာရှ နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မြို့အချို့ဖြစ်တဲ့ နာတိုး၊ ရာရှာဟီး၊ ကိုဗီလာနဲ့ ဘိုဂရာမြို့တွေမှာ အကြမ်းဖက်မှုတွေနဲ့ မီးရှို့ဖျက်ဆီးမှုတွေဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ အာဏာပိုင်တွေက ဆိုးရွားတဲ့ ဖျက်ဆီးမှုတွေကို တားဆီးဖို့ထောင်နဲ့ချီတဲ့ရဲတပ်ဖွဲ့ဝင်တွေအပြင် စစ်တပ်တွေလည်း ဖြန့်ကြက်ချထားပါတယ်။

အတိုက်အခံနဲ့ သူ့ရဲ့ မဟာမိတ်တွေက ဇန်နဝါရီလ အထွေထွေရွေးကောက်ပွဲမတိုင်မီ အိမ်စောင့်အစိုးရတစ်ရပ်ထူထောင်ဖို့ လက်ရှိအစိုးရကို တိုက်တွန်းထားပါတယ်။ ဒါပေမယ့် ဝန်ကြီးချုပ် ဟာစီနာကတော့ အိမ်စောင့်အစိုးရစနစ်ကို ဖျက်ပြီး ရွေးကောက်ပွဲမှာ အနိုင်ရဖို့ သူကိုယ်တိုင်ဦးဆောင်တဲ့ ပါတီစုံကြားဖြတ် အစိုးရဖွဲ့သွားဖို့ တင်ပြထားပါတယ်။ အိမ်စောင့်အစိုးရဟာ ဒီမိုကရေစီနဲ့ဆန့်ကျင်ပြီး လက်ရှိအစိုးရရဲ့ ဦးဆောင်မှုနဲ့သာ လာမယ့် ရွေးကောက်ပွဲကို ကျင်းပသင့်တယ်လို့ သူမက အခိုင်အမာ ပြောဆိုနေပါတယ်။ အတိုက်အခံပါတီခေါင်းဆောင် ဇီယာနဲ့ သူရဲ့ မဟာမိတ်တွေက လက်ရှိအစိုးရကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ အထွေထွေရွေးကောက်ပွဲ မတိုင်မီနုတ်ထွက်ရမယ်လို့ တိုက်တွန်းထားပါတယ်။

အသွင်ကူးပြောင်းရေး အစိုးရကို ချက်ချင်းမဖွဲ့ပေးနိုင်ရင် အကြမ်းဖက်မှုတွေ ပိုမိုကျယ်ပြန့်လာနိုင်ကြောင်းလည်း နိုင်ငံရေးအကဲခတ်သူတွေက ယုံကြည်ထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ပြီးခဲ့တဲ့လဆန္ဒပြမှုစတင်ကတည်းက လူပေါင်း နှစ်ဒါဇင်လောက်သေဆုံးခဲ့ပြီး ဖြစ်ပါတယ်။ ဒီနိုင်ငံဟာ နိုင်ငံရေးအကြမ်းဖက်မှုသမိုင်းကြောင်းရှည်တဲ့ နိုင်ငံဖြစ်ပါတယ်။ သို့ပေမယ့် ဒီနှစ်ကတော့ ၁၉၇၁ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက သွေးထွက်သံယိုအဖြစ်ဆုံးနှစ်လို့ ဆိုပါတယ်။ ဒီနှစ်စကတည်းကဆိုရင် လူပေါင်း ၁၅၀ ကျော်သေဆုံးခဲ့ပြီဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ စစ်အာဏာသိမ်းမှုများ၊ သွေးထွက်သံယိုမှုများနဲ့၊ သဘာဝဘေးအန္တရာယ်တွေနဲ့ သမိုင်းကြောင်းဆိုးရွားနေပါတယ်။

မောင်နွေသစ်

အရာတော်မြို့နယ်၌ ကျေးရွာအုပ်စုများအား ရေစုပ်စက်များ အခမဲ့ထောက်ပံ့

အရာတော် နိုဝင်ဘာ ၇

ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားလာစေရန် လက်မှုမှုသည် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် အောက်တိုဘာ ၂၈ ရက်က မြို့နယ်ကျေးရွာ ငါးအုပ်စုတို့အား တစ်လုံးလျှင် ငွေကျပ်လေးသိန်းရှိ ရေစုပ်စက်များ အခမဲ့ကူညီထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

တောင်သူလယ်သမားများအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် လယ်ယာမြေများတွင် ရေမောင်းတင်ရန်နှင့် ကျေးရွာ၏ လိုရာသုံးစွဲနိုင်ရန်အတွက် ရေစုပ်စက်များတပ်ဆင်ပြင်ဆင်ထိန်းသိမ်းခြင်း စသည့် လုပ်ကိုင်မှုများ ပြုလုပ်ပြသခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်း၊ ဆင်းရဲမှုလျှော့ချရေး ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များတက်ရောက်ကြပြီး ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေအဖွဲ့၏ အစီအစဉ်ဖြင့် ငှက်ပျောခြံကျေးရွာ၊ မင်းရွာကျေးရွာ၊ ကိုင်းရွာကျေးရွာ၊ ကျွန်းတောကျေးရွာ၊ လိန်လှကျေးရွာအုပ်စု ဖွံ့ဖြိုးရေးကော်မတီများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဆင်းရဲမှုလျှော့ချရေးဥက္ကဋ္ဌ သက်ဆိုင်ရာ ဌာနဦးစီးမှူးများက ရေစုပ်စက်များပေးအပ်ကြရာ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သန်းခေါင်စာရင်း နောက်ကြောင်းရာဇဝင်

ယဉ်ယဉ်ကြိုင်

လူဦးရေ ရေတွက်ခြင်းကို ကမ္ဘာပေါ်တွင် ရှေးနှစ်ပေါင်းများစွာကပင် ပြုလုပ်ခဲ့ကြပါသည်။ ဥပမာအနေဖြင့် ပြောရမည်ဆိုလျှင် အီဂျစ်နိုင်ငံတွင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၂၀၀၊ တရုတ်ပြည်၊ ဘေဘီလိုနီယား၊ ဂရိနှင့် ရောမတို့တွင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်စသည်ဖြင့် နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ဆောင်ခဲ့ကြကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရသည်။

၁၀၈၆ ခုနှစ် Domesday Book စာအုပ်တွင် ဗြိတိန်နိုင်ငံ၏ ပထမဦးဆုံး သန်းခေါင်စာရင်းကို ဖော်ပြခဲ့ပါသည်။ ယင်းအချိန်က လူဦးရေ စာရင်းထက် မြေဧရိယာများသိရှိရန် သန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြသည်။ ထိုသို့ ကောက်ယူရရှိသည့် စာရင်းများမှ လူဦးရေတိုးပွားလာသည်ကို ဂရုပြုမိပြီး တိုင်းပြည်၏စားနပ်ရိက္ခာဖူလုံမှုအတွက် စိုးရိမ်လာရာမှစတင်၍ ခေတ်မီ သန်းခေါင်စာရင်းများကို ကောက်ယူခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အတူ မိမိတိုင်းပြည်တွင် လူမည်မျှ နေထိုင်သည်ကို သိရှိခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးများစွာရှိလာသည်ကို သိရှိရာမှ လူဦးရေနှင့် ဆက်နွယ်သည့်အခြား အချက်အလက်များရရှိပါက တိုင်းပြည်အတွက် အသုံးဝင်ပုံကို နားလည် သဘောပေါက်လာခဲ့ကြသည်။ ဥပမာအားဖြင့် မည်သည့်နေရာတွင် လူဦးရေ ထူထပ်နေသည် သိရှိခြင်းဖြင့် ယင်းပြဿနာများနှင့် သက်ဆိုင်သည့် နည်းဥပဒေအသစ်များ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ခေတ်မီသန်းခေါင်စာရင်းများကို ဥရောပနိုင်ငံများတွင် ၁၆၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ မြောက်အမေရိကတွင် ၁၆၆၆ ခုနှစ်နှင့် အမေရိကန်နိုင်ငံတွင် ၁၇၉၀ ခုနှစ်တို့တွင်လည်းကောင်း စတင်ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေ ရေတွက်ခြင်းနှင့် လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စာရင်းအင်းများသာမက စီးပွားရေး၊ လူမှုရေးအကြောင်းအရာတို့ကို သတ်မှတ်ထားသည့် ရည်ညွှန်းချိန်၌ တစ်နိုင်ငံလုံး(သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသော စာရင်းအင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မိုးကောင်းကင်မှ လျှပ်တစ်ပြက်ဓာတ်ပုံရိုက်လိုက်သလို ယင်းအချိန်တွင် တွေ့မြင်ရသည့် လူဦးရေစာရင်းပင်ဖြစ်သည်။ ထို့အတူ သန်းခေါင်စာရင်းသည် လူမှုစီးပွားရေးနှင့်လူဦးရေဆိုင်ရာ အချက်အလက်များကို ကောက်ယူခြင်း၊ စုစည်းခြင်း၊ တွက်ချက်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကို ဆိုလိုပါသည်။ သန်းခေါင်စာရင်း အမျိုးမျိုးတို့ရှိရာ အများဆုံး ကောက်ယူကြသော သန်းခေါင်စာရင်းများမှာ လူဦးရေသန်းခေါင်စာရင်း (Population Census)၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (Housing Census)၊ လယ်ယာသန်းခေါင်စာရင်း (Agricultural Census)၊ စီးပွားရေး သန်းခေါင်စာရင်း (Business Census) စသည်တို့ပါဝင်ပါသည်။ ယနေ့ လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် အသက်၊ လူမျိုး၊ အိမ်အကြောင်းအရာ၊ မိသားစုဦးရေ၊ အလုပ်အကိုင်၊ မွေးဖွားခြင်းနှင့်သေဆုံးခြင်း စသည့် နိုင်ငံအလိုက် လိုအပ်ချက်အပေါ်မူတည်ပြီး စာရင်းအင်းအချက်အလက်များ ကောက်ယူခဲ့ကြသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေတိုးပွားမှုကိုတိုင်းတာရန် နိုင်ငံအသီးသီးတွင် ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် ကမ္ဘာ့ကုလသမဂ္ဂမှ အကြံပြုထားပါသည်။ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏအလွန်ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်ကြီးမားပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် လူဦးရေသန်းခေါင်စာရင်းကို ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူလေ့ရှိပြီး နိုင်ငံအချို့တွင်မူ ငါးနှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိပါသည်။

ယခုအခါ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် ကုလသမဂ္ဂ၏ကမ္ဘာ့သန်းခေါင်စာရင်းကောက်ယူမှုလက်ရှိအစီအစဉ်အရ ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၂၀၀ ခန့်တွင် လူဦးရေသန်းခေါင်စာရင်းများနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ကောက်ယူပြီးခဲ့ရာ ၂၀၀၅ ခုနှစ်တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံ၊ ၂၀၀၇ ခုနှစ်တွင် ၁၁ နိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် ၁၂ နိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ၁၅ နိုင်ငံ၊ ၂၀၁၀ ခုနှစ်တွင် နိုင်ငံပေါင်း ၄၃ နိုင်ငံနှင့် ၂၀၁၁ ခုနှစ်တွင် နိုင်ငံပေါင်း ၆၂ နိုင်ငံနှင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံတို့တွင် ကောက်ယူခဲ့ကြပါသည်။ ယခု ၂၀၁၃ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံ ကောက်ယူမည်ဖြစ်ပြီး လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံ ကောက်ယူမည်ဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းကိုပြန်လည်ကြည့်ရှုပါက သာလွန်မင်းလက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်တွင် သန်းခေါင်စာရင်းသဘောသက်ရောက်သည့် စစ်တမ်းများ ကောက်ယူခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းစာရင်းများတွင် လူဦးရေအကြောင်းအရာ၊ အိမ်ခြေ၊ လယ်ယာမြေသီးနှံထွက်၊ အခွန်တော်ငွေစသည့် စာရင်းတို့ကိုကောက်ယူခဲ့ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရအုပ်ချုပ်ချိန်တွင် စီမံခန့်ခွဲရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ်တို့တွင် ဗြိတိသျှလက်အောက်ရှိ အောက်မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းများကောက်ယူခဲ့ပါသည်။ ၁၈၉၁ ခုနှစ်မှစ၍ ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းများကို ၁၀ နှစ်တစ်ကြိမ် အချိန်မှန်ကောက်ယူခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းကောက်ယူရန် ဆက်လက်ကြိုးပမ်းခဲ့ကြပါသည်။ သို့ရာတွင် ပြည်တွင်းလုံခြုံမှု ကန့်သတ်ချက်အခြေအနေအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောက်ယူရန်မဖြစ်နိုင်ခဲ့၍ အဆင့်ဆင့်ကောက်ယူရန် စီစဉ်ခဲ့ကြသည်။ ယင်းအစီအစဉ်အရ ၁၉၅၃ ခုနှစ် မတ်လတွင် မြို့ပေါင်း ၂၅၂ မြို့နှင့် ချင်းပြည်နယ် (ပလက်ဝခရိုင်ခွဲမှအပ)တို့တွင်လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည်မ၌ ကျေးရွာအုပ်စု ၂၁၄၃ ခုနှင့် ကချင်ပြည်နယ်တွင် ကျေးရွာအုပ်စု ၁၀၁၆ ခုကိုလည်းကောင်း ကောက်ယူခဲ့ပါသည်။ ကျန်ဒေသများတွင် လုံခြုံမှုကန့်သတ်ချက်အရ ဆက်လက်ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ယင်းနောက်တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ပြည့်စုံသော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့ပါသည်။

၁၉၈၃ ခုနှစ်နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့သော်လည်း ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ **လက်ရှိတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းများမှာ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှ လူဦးရေများ၊ ငါးနှစ်တစ်ကြိမ်ကောက်ယူသော စစ်တမ်းများမှရရှိသည့် အညွှန်းကိန်းများစသည်တို့အပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ထားရသဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ကိန်းဂဏန်းများခိုင်မာမှု အားနည်းချက်များရှိနိုင်မည်ဖြစ်ပါသည်။ ထို့အတူ လူဦးရေဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မရရှိသဖြင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ စီမံချက်ချမှတ်ရေးဆွဲရေးလုပ်ငန်းများနှင့် မူဝါဒရေးဆွဲရေးလုပ်ငန်းများတွင် အခက်အခဲများ တွေ့ကြုံလာရပါသည်။ ထို့ကြောင့် ခိုင်မာသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းများရရှိစေရန် လူဦးရေ သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ပါသည်။**

နိုင်ငံတော်အစိုးရသစ်လက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာတွင် လူဦးရေဆိုင်ရာအချက်အလက်များသည် လက်ရှိနှင့်အနာဂတ်စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် အဓိကအကျဆုံးပင်ဖြစ်သည်။ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်းနှင့် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းအစရှိသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းမှသာ ရရှိနိုင်ပါသည်။

ယခုအချိန်သည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူဦးရေဆိုင်ရာအချက်အလက်များရရှိရန် အမှန်တကယ်လိုအပ်လာခြင်းနှင့် ၂၀၁၁ ခုနှစ် မတ်လ ၁၅ ရက်နေ့မှာ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမနေ့အစည်းအဝေးတွင် မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက မြန်မာနိုင်ငံတွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူရန် အဆိုတင်သွင်းခဲ့သည့်အတွက် ပြည်သူတို့၏ လိုလားချက်ကို ဖြည့်ဆည်းနိုင်ရန်အလို့ငှာ နိုင်ငံတော်အကြီးအကဲမှ သန်းခေါင်စာရင်းကောက်ယူရန် လမ်းညွှန်ခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင်ရှိသော လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် နှစ်ပေါင်း ၃၀ ကျော် ကောက်ယူခြင်းမရှိသော သန်းခေါင်စာရင်းကို နိုင်ငံတော်အစိုးရမှ "လူည်းနေ လေ့အောင်း၊ မြင်းဇောင်းမကျန်" ဆိုသည့် စကားအတိုင်း ပြည်လုံးကျွတ်ကောက်ယူမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူပါမည်။ ယင်းလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှဦးဆောင်ပြီး သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်နှင့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတို့နှင့်ပူးပေါင်း၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့တွင်း၌ CNG ဓာတ်ငွေ့ကုမ္ပဏီပိုင်တစ်သန်း ခရီးသည်တင်ယာဉ်အစီး ၂၀၀ ကျော် ထုတ်ယူခွင့်ပြု

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် နိုဝင်ဘာ ၇

လူဦးရေ ထူထပ်များပြားသည့် ရန်ကုန်မြို့တော်ကြီး၌ ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်၍ စွမ်းအင်ဝန်ကြီးဌာနခွင့်ပြု CNG ဓာတ်ငွေ့ကုမ္ပဏီတစ်သန်းကို ခရီးသည်တင် မော်တော်ယာဉ်လိုင်းကားအစီးရေ ၂၃၃ စီးကို နိုဝင်ဘာ ၅ ရက်မှစတင်၍ CNG ဓာတ်ငွေ့များကို ထုတ်ယူခွင့်ပြုလိုက်ကြောင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးလှအောင်က နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက မထသ (ဗဟို)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံ ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

"ဒီ CNG ဓာတ်ငွေ့သုံးကားတွေကို နိုဝင်ဘာ ၅ ရက်ကပဲ အစီးရေ ၂၃၃ စီး စတင်ဓာတ်ငွေ့ထုတ်ယူသုံးစွဲခွင့်ပြုလိုက်ပါပြီ။ အခုလိုခွင့်ပြုတာကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ နိုင်ငံတော်သမ္မတကြီးထံ ခွင့်ပြုမိန့်အဆင့်ဆင့်တွေတောင်းပြီး စွမ်းအင်ဝန်ကြီးဌာနက စိစစ်ပြီး ထုတ်ယူခွင့်ပြုခဲ့တာပါ။ လမ်းတွေ တိုးချဲ့ပြုပြင်ပြီးတဲ့နောက် ပြည်သူတွေ ယာဉ်ကျပ်တည်းမှုနည်းစေဖို့ အဓိကထား ရည်ရွယ်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ်လည်း မထသ(ဗဟို)ကနေ အထက်ကို အစီးရေတိုးပြီး ထုတ်ပေးဖို့ တင်ပြထားပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ စွမ်းအင်ဝန်ကြီးဌာနတို့က စိစစ်ပြီး ချထားလုပ်ဆောင်ပေးသွားမှာပါ"ဟု ၎င်းက ထပ်မံရှင်းပြခဲ့သည်။

အဆိုပါ CNG ဓာတ်ငွေ့ကုမ္ပဏီတစ်သန်းကို မထသ (ရန်ကုန်တိုင်းဒေသကြီး)မှ ၅၇ ယာဉ်လိုင်းခြောက်စီး၊ ၄၃ ယာဉ်လိုင်း တစ်စီး၊ ၄၃ ယာဉ်ကြီး (ရွှေပေါက်ကံ)မှ တစ်စီး၊ ၄၀ယာဉ်လိုင်းမှ တစ်စီး၊ ၅၃ ယာဉ်လိုင်း ခြောက်စီး၊ မထသ (အရှေ့ပိုင်းခရိုင်) မှ G 2000 ယာဉ်လိုင်း ၄၃ စီး၊ မေတ္တာလိုင်း(၃) နှစ်စီး၊ မေတ္တာလိုင်း(၄)နှစ်စီး၊ မိုးကောင်းကင် ခုနစ်စီး၊ မထသ (အနောက်ပိုင်းခရိုင်)မှ၂၄၉ ယာဉ်လိုင်း လေးစီး၊ ၂၂၆(အပြာ) ယာဉ်လိုင်း တစ်စီး၊ မထသ (တောင်ပိုင်းခရိုင်)မှ ၂၅၈ (ရိုးရိုး) ယာဉ်လိုင်း ၂၃ စီး၊ သုံးခွ-ရန်ကုန် (အေဘီစီ) ယာဉ်လိုင်း ရှစ်စီး၊ ခရမ်း-ရန်ကုန်(အေဘီစီ)သုံးစီး၊ သန်လျင်-ဆူးလေတစ်စီး၊ မထသ (မြောက်ပိုင်းခရိုင်)မှ ၁၂၄ ယာဉ်လိုင်း ၂၈ စီး၊ ၁၃၂ ယာဉ်လိုင်း လေးစီး၊ ၁၅၂ ယာဉ်လိုင်းတစ်စီး၊ ၂၂၆ (အနီ) ယာဉ်လိုင်းတစ်စီး၊ ရွှေရန်ကုန်မှ သီဟဒီပ သုံးစီး၊ ၁၄၂ ယာဉ်လိုင်းမှ ခုနစ်စီး၊ ပြည့်မဏ္ဍိုင် ခုနစ်စီး၊ ၆၇ ယာဉ်လိုင်းတစ်စီး၊ မှော်ဝန်းသာ ယာဉ်လိုင်း ကိုးစီး၊ ဒီပယာဉ်လိုင်း ကိုးစီး၊ ၆၈ ယာဉ်လိုင်း တစ်စီး၊ ရွှေမြန်မာယာဉ်လိုင်းကိုးစီး၊ ဥက္ကံ-ဆူးလေယာဉ်လိုင်း ခြောက်စီး၊ သီဟရာဇာယာဉ်လိုင်းနှစ်စီး၊ ခြင်္သေ့ တစ်စီး၊ ကန္ဒရဝတီမှ ၁၄၆ ယာဉ်ကြီး ၁၀စီး၊ ရွှေမြင်းပျံမှ ၁၂၉ ယာဉ်ကြီး ၂၅စီး စုစုပေါင်း ၂၃၃ စီးကို ထုတ်ယူခွင့်ပြုထားပြီဖြစ်သည်။

ရန်ကုန်မြို့၌ နေ့စဉ်သွားလာလှုပ်ရှားနေသည့် ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ယာဉ်လိုင်းပေါင်း ၃၄၉ လိုင်းမှ ယာဉ်စီးရေ ၆၄၀၀ ကျော် ပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါယာဉ်များအနက်မှ CNG ဓာတ်ငွေ့ဖြင့် အသုံးပြု ပြေးဆွဲပေးလျက်ရှိသော ယာဉ်စီးရေမှာ ၅၈၈၁ စီး ရှိကြောင်း သိရသည်။

CNG ဓာတ်ငွေ့အရောင်းဆိုင်၌ မော်တော်ယာဉ်များအား ဓာတ်ငွေ့ရောင်းချနေမှုကို တွေ့ရစဉ်။

ရှမ်းပြည်နယ် နောင်တရားမြို့နယ်ခွဲ တီကျစ်ကျေးရွာအုပ်စု ဘုရားကြီးကွင်း တောင်သူ ဒေါ်နန်းကီး၏ လယ်မြေ၌ မိုးစပါးစိုက်ပျိုးမှု အထွက်တိုး ရေဆင်းပုလဲသွယ်-၁ စပ်မျိုးစပါး တစ်ဧက စမ်းသပ်မျိုးစေ့ထုတ်လုပ်ငန်း ဝတ်မှုန်ကူးပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် အတိုးနှုန်းသက်သာသောချေးငွေဖြင့် ချေးယူဆောင်ရွက်လို

နေပြည်တော် နိုဝင်ဘာ ၇

ယနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဒသမနေ့ကို အစီအစဉ်(၁၃)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့် ပေးပို့ထားသော **အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးယူပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ချေးငွေရယူမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က သဘောတူသင့်ပါကြောင်းဖြင့် ထောက်ခံတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်(၇)ဦးတို့က ထောက်ခံဆွေးနွေးကြပြီး အလုံ မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က မသေချာသည့်ကိစ္စကို မလုပ်စေချင်သည့်အတွက် ကန့်ကွက်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမေရိကန်ဒေါ်လာသန်း ၆၀ ချေးယူမည့်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်က မူအားဖြင့် သဘောတူသော်လည်း ဆောင်ရွက်မှုအခြေအနေများကိုပြည်ထောင်စုလွှတ်တော်သို့ အနည်းဆုံး(၄)လလျှင်တစ်ကြိမ် တင်ပြအတည်ပြုချက် ရယူသွားရန် ဆုံးဖြတ်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက နှစ်ရှည်လများ အသုံးပြုပြီး ဟောင်းနွမ်းနေသော လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများကိုလဲလှယ်၍ အဆင့်မြှင့်တင်ပေးရန် လိုအပ်နေခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မည့် စီမံကိန်းနှင့် အမေရိကန်ဒေါ်လာသန်း ၆၀ကို အတိုးနှုန်းသက်သာသော ချေးငွေဖြင့် ချေးယူ၍ ဆောင်ရွက်လိုခြင်းအား အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ ၄၄ ရုံ၊ ဓာတ်အားလိုင်းအရှည် ၃၃၄ ကီလိုမီတာ၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

အားခွဲရုံ ၉၃ ရုံ၊ ဓာတ်အားလိုင်းအရှည် ၂၂၈ ကီလိုမီတာ၊ မီတာအရေအတွက် အလုံး ၅၅၀၀၀၊ မကွေးတိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ ၃၆ရုံ၊ ဓာတ်အားလိုင်း အရှည် ၉၁ကီလိုမီတာ၊ မီတာအရေအတွက် အလုံး ၁၂၀၀ တို့ကို တည်ဆောက်တပ်ဆင်လဲလှယ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

စီမံကိန်း ဆောင်ရွက်မည့်နေရာများအတွင်း ဓာတ်အားဖြန့်ဖြူးရေးစနစ်အပိုင်းတွင် ပျမ်းမျှဓာတ်အား ပျောက်ဆုံးမှုမှာ ၁၈ ရာခိုင်နှုန်းခန့်ရှိရာ ယခုတင်ပြသည့် ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်ရေးစီမံကိန်းကို ဆောင်ရွက်ပြီးစီးပါက ဓာတ်အားပျောက်ဆုံးမှုကို ၄ ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဓာတ်အားပျောက်ဆုံးမှု ၁၄ ရာခိုင်နှုန်းခန့်သာရှိမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ခြင်းဖြင့် ပိုမိုလာမည့်လျှပ်စစ်ဓာတ်အား ပမာဏကို အခြားလျှပ်စစ်ဓာတ်အား မရရှိသေးသောနေရာများအတွက် သုံးစွဲနိုင်ခြင်း၊ ဓာတ်အားရောင်းရဝင်ငွေ တိုးတက်ရရှိနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ရေး စီမံကိန်းအတွက် **ADB** မှပေးအပ်မည့်ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၆၀ ဖြစ်ပြီး ချေးငွေဆိုင်ရာ အချက်အလက်များမှာ ဆိုင်းငံ့ကာလ ၈ နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ်နှင့် အတိုးနှုန်းကို ဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလအတွင်း (၁ ဒသမ ၅)ရာခိုင်နှုန်းဖြစ်ကာ ချေးငွေများကို ၂၀၂၂ ခုနှစ်မှစ၍ ၂၀၄၅ ခုနှစ်အထိ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို ချေးငွေအမေရိကန်ဒေါ်လာသန်း ၆၀ နှင့် နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၁၃၄၂၆ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ အတွင်းရေးမှူး ဦးအေးမောင်က "လျှပ်စစ်က မြို့ကြီးတွေမှာပဲရပါတယ်။ နယ်တွေမှာ မရဘူးဖြစ်နေပါတယ်။ လျှပ်စစ်ကွန်ရက်နဲ့ လျှပ်စစ်ထုတ်လုပ်တဲ့စက်တွေလိုပါတယ်။ ချေးငွေရမှပဲ ဝယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ချေးငွေချေးတာကို ထောက်ခံပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ **ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏အစည်းအဝေး (၃/၂၀၁၃) ဆုံးဖြတ်ချက်များ**နှင့် စပ်လျဉ်း၍ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ရီက ဖတ်ကြားတင်ပြပြီး လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) ဖြင့်ထုတ်ပြန်ခဲ့သောအကြံပြုချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီပေးပို့ရန်သတ်မှတ်ချက်(အစား) ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီပေးပို့ရန်၊ ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၃)အရ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးသပ်ရေး ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်(အစား) ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၁ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဝင် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း (အစား) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်အား အစားထိုးပြောင်းလဲတာဝန်ပေးအပ်ရန်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဝင်းမောင် (အစား) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်အား အစားထိုးပြောင်းလဲ တာဝန်ပေးအပ်ရန်တို့ဖြစ်သည်။

ထို့အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက တင်သွင်းသော **မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ညဏစိုးက ရှင်းလင်းတင်ပြခဲ့သည်။

ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအရ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက် (၃) ချက်ရှိပြီး လေ့လာစိစစ် တွေ့ရှိချက်များအရ ပုဒ်မ ၂ ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုရန်နှင့် ပုဒ်မ ၅(က) နှင့် ပုဒ်မ ၂၃ တို့ကို ဖြည့်စွက်ပြင်ဆင်၍ အတည်ပြုရန် အစီရင်ခံတင်ပြထားကြောင်း၊ ယင်းဥပဒေကြမ်းတွင် အခန်း(၁၈)ခန်းနှင့် ပုဒ်မပေါင်း (၉၆)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

ခု ပါရှိကြောင်း သိရသည်။

ယနေ့အစည်းအဝေးတွင် နိုဝင်ဘာ ၅ ရက်က တင်သွင်းခဲ့သော **ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ (၆)လ နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏အစီရင်ခံစာ(၇/၂၀၁၃)**အပေါ် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးကြပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)တွင် ယခင်ဘဏ္ဍာရေးနှစ်အတွင်းက ဖြစ်ပွားခဲ့သော နိုင်ငံတော်ဘဏ္ဍာငွေများ အလွဲသုံးစားမှုအပေါ် ပြစ်မှုကျူးလွန်သူ(၃)ဦးကို ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် အရေးယူနိုင်ရန်တရားစွဲဆိုဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်ဘဏ္ဍာငွေများဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ၎င်းတို့ (၃)ဦးပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို ၁၉၅၁ခုနှစ် ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၃ အရ ဝရမ်းကပ်သိမ်းဆည်းခြင်းကိုလည်း ဆောင်ရွက်ထားရှိပါကြောင်း၊ နောင်တွင် အလားတူငွေကြေးလျော့နည်းဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဌာနတွင်း စာရင်းစစ်များဖွဲ့စည်း၍ လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊ အထူးစာရင်းစစ်အဖွဲ့များ အကူအညီဖြင့် ဌာနတစ်ခုချင်းအသေးစိတ်စစ်ဆေးခြင်းများပြုလုပ်၍ နိုင်ငံတော်ဘဏ္ဍာငွေကြေးများ ဆုံးရှုံးမှုမရှိအောင် အလေးထား ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုကိုတင်သွင်းခဲ့ရာ လွှတ်တော်ကအတည်ပြု မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၇

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ်ကချင်ပြည်နယ်လွှတ်တော် အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၇

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေငွေစာရင်း တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေကြမ်းများ အတည်ပြုစိစစ်၊ ပြည်သူ့လွှတ်တော်တွင် အမြန်ဆုံးတင်ပြပြီး အဆုံးအဖြတ်ခံယူနိုင်ရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်၌ တင်ပြအတည်ပြုချက်ရယူရမည့် လက်ခံရရှိပြီးဖြစ်သော ဥပဒေကြမ်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် အိုင်ဆောင်အမှတ် (၂) ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း၊ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်း၊ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း၊ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြအတည်ပြုချက်ရယူနိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၇

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၅ ရက်နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတတိယနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် အစည်းအဝေးပထမနေ့က တင်သွင်းသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်ပြင်ဆင်ဖြည့်စွက်သည့် ငွေစာရင်းနှင့်ပတ်သက်၍ အတည်ပြုနိုင်ရေးအတွက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က အဆိုတင်သွင်းပြီး ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ
တောကိုမှီ၏

ပြည်တွင်းသတင်း

▲ **ရွှေဖုံးမှ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရသည့် ပြည်သူများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းအကူအညီပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးခေါင်မှုများဖြစ်ပေါ်ခဲ့သကဲ့သို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်များတွင်လည်း မကြာမီလများအတွင်းက ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုဒေသများတွင် ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ယခု တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းမြို့နယ်များတွင်လည်း အခါမဟုတ်မိုးကြီးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရသဖြင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ပါရန် မိမိတို့လာရောက်ရခြင်းဖြစ်ပါကြောင်း။

သဘာဝဘေးဒဏ်များကို ဟန့်တားနိုင်ခြင်းမရှိသော်လည်း ထိခိုက်မှုနည်းပါးစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပွားချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ခြင်းနှင့်ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ပါကြောင်း။

တောင်သူလယ်သမားများအနေဖြင့် ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် စပါးစိုက်ခင်းများကို အမြန်ဆုံးရိတ်သိမ်းရန်၊ လုံးဝပျက်စီးသွားသော စပါးစိုက်ခင်းများအစား ဆောင်းသီးနှံများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လုပ်ဆောင်စေလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆောင်းသီးနှံအတွက် မျိုးကောင်းမျိုးသန့်များထောက်ပံ့ရန်၊ စပါးစိုက်ပျိုးရန်အတွက် ချေးယူထားသည့် စိုက်ပျိုးစရိတ်များကို ဆိုင်းငံ့ပေးနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကာကွယ်နိုင်ရန်အတွက် လိုအပ်သည့် ရေတားတမံများ၊ ရေတံခါးများနှင့်မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေသေးပါကြောင်း၊ ထိုလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှု၊ နိုင်ငံနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဟူသည့် ဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုအခြေအနေများ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လက်ရှိအချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းများ ရရှိထားပြီဖြစ်သောကြောင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ရေဘေးသင့်မြို့နယ် ငါးမြို့နယ်ရှိ တောင်သူများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်မျိုးစေ့များကို မြို့နယ်အလိုက်တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အသုံးပြုသည့် အရေးပေါ်သုံးဆေးပစ္စည်းများနှင့် ဘလီးချင်းပေါင်ဒါတစ်ပုံးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ရေကြီးနစ်မြုပ်သည့် ငါးမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ CB ဘဏ်နှင့် ဒေါက်တာကိုကိုကြီးတို့က ငွေကျပ်သိန်း ၁၀၀၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

❍ **ကျောဖုံးမှ**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက ရေဘေးသင့်ခံပြည်သူများအား အားပေးအမှာစကား ပြောကြားရာ၌ ရေကြီးနစ်မြုပ်မှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား နိုင်ငံတော်က ကူညီပံ့ပိုးပေးမည့် အစီအစဉ်များ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများကိုရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေဘေးသင့်ဒေသများမှ ပြည်သူများအနေဖြင့် ကောင်းမွန်ပြည့်စုံအထွက်တိုးစေမည့် မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ကူညီပေးရေးဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရန် မျိုးစေ့များ၊ ဆန်၊ ဆီ၊ အဝတ်အထည်များကို ပေးအပ်ထောက်ပံ့ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်နိုင်စေရန်အတွက် မျိုးစေ့များနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့မှရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပဲခူးမြို့သို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ပဲခူးမြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လမ်းညွှန် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအခြေအနေများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူ့ဗဟိုပြုမှုဝါဒအရ မြို့နယ်များတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ရွေးချယ်ထားသည့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများနှင့် စည်ပင်သာယာရေးကော်မတီများပူးပေါင်းပြီး မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းမှာကြားခဲ့သည်။ ထို့နောက် သနပ်ပင်၊ဒိုက်ဦးနှင့် ကဝ မြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ **လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး** ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ရေးနေ့ အခမ်းအနားပြင်ဆင်ကျင်းပမှုများနှင့် အတူ လွတ်လပ်ရေးနေ့မတိုင်ခင် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများမှာ အကြိုဟောပြောပွဲများပြုလုပ်ခြင်း၊ နိုင်ငံတော်အလံလွှင့်ထူခြင်း၊ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၊ ခရိုင်နှင့်မြို့နယ်များအလိုက် အားကစားပြိုင်ပွဲပြပွဲ၊ ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်းအများနှင့် သက်ဆိုင်သည့်ရုံး၊ ကျောင်း၊ အဆောက်အအုံ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်နှင့် ပန်းခြံများတွင် ရောင်စုံမီးထွန်းညှိခြင်း စသည်တို့ကိုလည်း ပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

အနာဂတ် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်မောင်မယ်များအား လွတ်လပ်ရေး၏ တန်ဖိုးသိရှိကြစေရန် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန်အတွက် အသံလွှင့်ဇာတ်လမ်းတွေ လွှင့်ပေးရန်၊ သမိုင်းဝင်တေးသီချင်းများကို စာနယ်ဇင်းများ၌လည်း ရေးသားဖော်ပြပေးရန်လိုအပ်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဓာတ်အားခပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်သည် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီခွဲအထိ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်များသို့သွားရောက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်က မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနေမှုအခြေအနေ၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အမျိုးအစားပေါ်မူတည်၍ တစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်၊ လျှပ်စစ်စွမ်းအားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် ကောက်ခံနေသည့် ဓာတ်အားခနှုန်းထားများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ပြည်သူများ၊ လုပ်ငန်းရှင်များက သိရှိလိုသည့်မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူးဦးတိုးအောင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေတို့သည် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ သွားရောက်ပြီး လျှပ်စစ်ဓာတ်အားခ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက လျှပ်စစ်စွမ်းအားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များ၊ မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနေမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအမျိုးအစားပေါ် မူတည်၍ တစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်၊ လက်ရှိလျှပ်စစ်ဓာတ်အားကဏ္ဍ၏ ဘဏ္ဍာရေးအခြေအနေ၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် နိုင်ငံတကာတွင် ကောက်ခံနေသည့် ဓာတ်အားခ နှုန်းထားများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ပြည်သူများ၊ လုပ်ငန်းရှင်များက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးတက်ရောက်ရန် မန္တလေးမြို့သို့ ရောက်ရှိနေသည့် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ ရန်အောင်မြင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မလေးရှားတပ်မတော်ကြည်းတပ် ဦးစီးချုပ်တို့သည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း၊ ဗိုလ်ချုပ်မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် တပ်မတော်အရာရှိကြီးများ၊ မလေးရှား တပ်မတော်မှတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ စစ်ဦးစီးအရာရှိချုပ် (ကြည်း) Major General Dato Azizan Bin Md Delin ၊ မလေးရှားတပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံစစ်သံမှူး Colonel Ganseng Lock တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ဦးဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံ၌ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံတကာ ကာကွယ်ရေးနှင့်လုံခြုံရေးပြပွဲ ၂၀၁၃ (Defence & Security International Exhibition 2013)သို့တက်ရောက်ပြီး ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာရာ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်း ဦးဆောင်သောအဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်း မစ္စတာမိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြငွေနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတားအား သွားရောက် ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၁) မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြရာ ကလေးငယ်လေးနှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ကြိုဆိုကြသည်။

ထို့နောက် စာသင်ဆောင်၌ မူလတန်းလွန်ကျောင်းမှ ကျောင်းသား မောင်စိုင်းနောင်လင်းက ဩစတြေးလျ ဘုရင်ခံချုပ်အား အင်္ဂလိပ်ဘာသာဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်

ဩစတြေးလျဘုရင်ခံချုပ်က ကျောင်းသား ကျောင်းသူလေးများ၏ ပညာရည် တိုးတက်မှုအခြေအနေကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်နှင့်အဖွဲ့အား မူလတန်းကျောင်းသား ကျောင်းသူငယ်လေးများက မိတ္ထီလာကန်ဝယ်သီချင်းနှင့် မျောက်ညိုလေးကဗျာတို့ကို ရွတ်ဖတ်သီဆိုပြကြသည်။

ယင်းနောက် ဘုရင်ခံချုပ်က ကလေးငယ်များအား ပုံပြင်တစ်ပုဒ်ကို ရုပ်ပုံများနှင့်တကွ ရှင်းလင်းပြောပြပြီး ပုံပြင်စာအုပ်များကို လက်ဆောင်အဖြစ်ပေးအပ်ကာ ကလေးငယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အောင်ဇမ္ဗူကျောင်းဆောင်သို့ရောက်ရှိရာ ကျောင်းသားကျောင်းသူငယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ကြိုဆိုကြပြီး ဩစတြေးလျဘုရင်ခံချုပ်သည် ပထမတန်း စာသင်ခန်းအတွင်း ကြည့်ရှုလေ့လာကာ ကျောင်းသားကျောင်းသူငယ်လေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဘုရင်ခံချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျောင်းကြီးအား သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဩစတြေးလျ ဘုရင်ခံချုပ်နှင့်ခင်ပွန်းတို့ ဦးဆောင်သောအဖွဲ့သည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်အဖွဲ့ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၁) မူလတန်းလွန်ကျောင်းတွင် ကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စ မာရီယာဘာရှား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

ဩစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံ မစ္စ မာရီယာဘာရှားနှင့်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမြို့ရှိ ဆေးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိကြသည်။

ထို့နောက် ဆေးတက္ကသိုလ် (မန္တလေး)ရွှေရတုခန်းမ၌ ကျင်းပသည့် ဩစတြေးလျနေသဟာယနိုင်ငံ University of Sydney. Sydney Medical School နှင့် ဆေးတက္ကသိုလ်(မန္တလေး) နှင့် ဆေးတက္ကသိုလ်(မကွေး)တို့၏ ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကိုကျင်းပရာ ဧည့်သည်တော်ဘုရင်ခံ၏ရှေ့မှောက်၌ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်၊ ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းမြတ်အေးနှင့် University of Sydney.Sydney Medical School မှ ပါမောက္ခ Bruce Robinson တို့က စာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

အဆိုပါနားလည်မှုစာချွန်လွှာတွင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့လွန်ကျောင်းသားကျောင်းသူများအား ဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာလေ့လာနိုင်မည့် အစီအစဉ်များ၊ တက္ကသိုလ်အချင်းချင်းပူးပေါင်း၍ သုတေသနပြုလုပ်ခြင်းလုပ်ငန်းများ၊ သတင်းအချက်အလက် စာအုပ်စာတမ်းများ ဖလှယ်လေ့လာရေးအစီအစဉ်များပါဝင်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ် (မန္တလေး)ခန်းမဆောင်၌ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် မိခင်နှင့်ကလေးကျန်းမာရေးခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ သားဖွားမီးယပ်ပညာရပ်များ၊ မိခင်နှင့်ကလေးကျန်းမာရေးပညာရပ်များ၊ အဏုဇီဝဗေဒပညာရပ်များကို ဩစတြေးလျနေသဟာယနိုင်ငံ University of Sydney.Sydney Medical School မှ ပါမောက္ခများနှင့် ဆေးတက္ကသိုလ်(မန္တလေး)နှင့် (မကွေး)တို့မှ ပါမောက္ခများအား ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော် ဘုရင်ခံနှင့်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်ပေါ်မှ မန္တလေးနေဝင်ဆည်းဆာအလှနှင့်မန္တလေးမြို့ရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဆေးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်နှင့် ပါမောက္ခများက ဧည့်သည်တော် ဘုရင်ခံနှင့် အဖွဲ့အား Mandalay Hill Resort Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာအသင်း ဂျပန်ခရီးစဉ်တွင် ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၇

ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများ ကစားလျက်ရှိသည့် မြန်မာယူ-၂၃ အသင်းသည် တတိယမြောက်ပွဲစဉ်အဖြစ် ဆီရီဇိုအိုဆာကာလူငယ်အသင်းနှင့် ယနေ့ညနေပိုင်းက ခြေစမ်းကစားခဲ့ရာ မြန်မာယူ-၂၃ အသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းမှာ နှစ်ပွဲဆက်ကစားခြင်းဖြစ်သောကြောင့် ယခုပွဲတွင် အရန်ကစားသမားအများစုကို အသုံးပြုခဲ့ပြီး ရှေ့တန်းတွင် ကောင်းစည်သူ၊ စိုးကျော်ကျော်တို့ကိုထားကာ ရန်အောင်ဝင်း၊ ဖြိုးကိုကိုသိန်း၊ ရဲလင်းအောင်တို့ဖြင့် ပွဲထွက်ကစားခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်နှင့် ၆၈ မိနစ်တွင် ကောင်းစည်သူ၊ ၇ မိနစ်နှင့် ၇၅ မိနစ်တွင် စိုးကျော်ကျော်၊ ၁၅ မိနစ်တွင် ထူးထူးအောင်တို့က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာ နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် နိုဝင်ဘာ ၉ ရက်တွင် ဟန်နန်တက္ကသိုလ်အသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုးညွန့်**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အခွန်လုပ်ငန်းများ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၄)ဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်သူများနှင့်အများဆုံး ထိတွေ့ဆက်ဆံနေရသည့်ဌာနဖြစ်သည့်အတွက် အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးနှင့်အညီ ဆောင်ရွက်ရန်နှင့် ပွင့်လင်းမြင်သာရှိရန် လိုအပ်ကြောင်း၊ ပြည်သူကို ဗဟိုပြုဆက်ဆံနေရသည့်ဌာနဖြစ်သည့်အတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းမှန်၊ လမ်းမှန်၊ စည်းကမ်းတကျ ဆောင်ရွက်ကြရန် လိုကြောင်း။

ဆုများပေးအပ်

လက်ရှိအခြေအနေ ပြည်သူလူထု၏ သဘောထားတို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကိုလည်း ဆောင်ရွက်နေကြောင်း ခေတ်မီ IT နည်းပညာနှင့် အခွန်ကောက်ခံနိုင်ရန်အတွက် e-RTS (e-Revenue Taxation System) ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခွန်ထမ်းများကိုယ်တိုင် လိုလိုလားလား အခွန်ပေးဆောင်သော (Self Assessment System)သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရန်အတွက် ဝန်ထမ်းများအနေဖြင့် စည်းရုံးပညာပေးမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စည်းကြပ်ကောက်ခံရမည့် အခွန်ငွေများကို လျော့နည်းလွတ်ကင်းမှု မရှိစေဘဲ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးလိုက်သည့် ပညာရပ်များ၊ အတွေ့အကြုံကောင်းများကို စွဲမြဲစွာမှတ်ယူပြီး ဝန်ထမ်းတိုင်းမလျှော့သော ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဌာနအကျိုး၊ နိုင်ငံတော်အကျိုးသယ်ပိုးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ၄၈ ဦးတို့သည် ရက်သတ္တခြောက်ပတ်ကြာ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေ့လာသင်ယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂံဒေသတွင် ခေတ်ဟောင်းမော်တော်ယာဉ်များနှင့် ဥရောပခရီးသွားအဖွဲ့ လာရောက်လည်ပတ်

ညောင်ဦး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ Destination Unlimited ခရီးသွားကုမ္ပဏီနှင့် Essence of Myanmar (Inspiration Myanmar) ခရီးသွားကုမ္ပဏီတို့၏ စီစဉ်မှုဖြင့် ၁၉၃၀-၁၉၇၁ ခုနှစ်ကာလအတွင်းရှိ ခေတ်ဟောင်းမော်တော်ယာဉ်များဖြင့် ဥရောပခရီးသွားအဖွဲ့သည် ပုဂံဒေသအတွင်း လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုအဖွဲ့တွင် ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ရုရှား၊ ဆွစ်ဇာလန်နိုင်ငံတို့မှ နိုင်ငံသားပေါင်း ၂၄ ဦးပါဝင်၍ ခေတ်ဟောင်းမော်တော်ယာဉ် ကိုးစီးဖြင့် လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်ကိုးစီးအနက် တစ်စီးမှာ ကလောမြို့အရောက်တွင် စက်ချွတ်ယွင်းမှုကြောင့် မန္တလေးမြို့သို့ ပို့ဆောင်ပြင်ဆင်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့သည် ခေတ်ဟောင်းမော်တော်ယာဉ်များကို ဥရောပမှ ရန်ကုန်မြို့သို့ သင်္ဘောဖြင့်သယ်ဆောင်လာပြီး အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ရန်ကုန်-ဖျာပုံ-ဘိုကလေး-ဖျာပုံ-ကျိုက်လတ်-မအူပင်-ရန်ကုန်မြို့များသို့ လည်ပတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက် အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်-ပဲခူး-တောင်ငူ- နေပြည်တော်-ပင်းတယ-အင်းလေး-ကလော-ပုပ္ပားမြို့များမှတစ်ဆင့် ပုဂံဒေသသို့ နိုဝင်ဘာ ၄ ရက်က ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံဒေသတွင် သုံးညအိပ်ခရီး လည်ပတ်၍ နိုဝင်ဘာ ၇ ရက်တွင် မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မကွေး၊ ပြည်မှ ရန်ကုန်မြို့များသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်

တောင်တွင်းကြီး နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာအုပ်စု ဝါးခြံကာကျေးရွာ၌ နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲက မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ရာ အဆိုပါကျေးရွာနေ ဦးမောင်ကောက်-ဒေါ်မိကြည်နေအိမ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သုံးပင်ရိုးရိုးတစ်ထပ် သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်ကျွမ်းမှုအတွက် တောင်တွင်းကြီးရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်း သတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနများသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၀၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)မှ ရရှိသည့် သတင်းများ

စဉ့်ကိုင်

➢ ဆယ့်နှစ်ကိုင်းကျေးရွာနှင့် မြောက်ကိုင်းကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ဂျင်းကျောက်လမ်းအဖြစ် ပြုပြင်ပေးနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်သား

➢ ဒိုင်းကျေးရွာအုပ်စု နတ်လွဲအနောက်ရွာအနီး ကင်းတားလက်ဝဲမြောင်းပေါ်ရှိ ကွန်ကရစ်လူလျှောက်တံတားမှ လှည်းကူးတံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများစာရင်းတွင် ထည့်သွင်းရေးဆွဲ၍ ရန်ပုံငွေရရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ္တရာ

➢ ကမ်းတစ်ဖက်ကျေးရွာအုပ်စု ကြပ်ကုန်းကျေးရွာ ဆက်သွယ်ထားသော ရွှေတချောင်း မြောင်းကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

➢ သပြေသာကျေးရွာအုပ်စု မော်နီကုန်းကျေးရွာအနီးရှိ ရဲဘက်ရေဆိုးထုတ်မြောင်းကို ဖြတ်ကူးသည့် တံတားတည်ဆောက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်း

➢ တွင်းငယ်ကျေးရွာတောင်ပိုင်းရှိ ရွာအဝင်လမ်းကို ပြင်ဆင်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာတွက်ချက်၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေရရှိရေးဆောင်ရွက်ပြီး ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်ကြီး

➢ မန္တလေး-မတ္တရာကားလမ်းနှင့် ကျေးရွာခြောက်ရွာကို ဆက်သွယ်ထားသော မြနန္ဒာကျောက်ချောလမ်းကို အဆင့်မြှင့်တင်နိုင်ရန် ဘဏ္ဍာငွေကြေးအခြေအနေမရှိသေးသော်လည်း သွားလာရေး ပိုမိုအဆင်ပြေစေရန် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သာစည်

➢ သက္ကယ်ဒိတ်ကျေးရွာအုပ်စု မျက်နီကျင်းကျေးရွာတွင် သောက်သုံးရေအဆင်ပြေစေရေးအတွက် စိမ့်စမ်းရေသွယ်ပေးနိုင်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ ပဏာမ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူး

➢ မြို့နယ်အတွင်းလမ်းပိုင်း ပျက်စီးခဲ့သည့်နေရာများကို ချက်ချင်းပြုပြင်ပေးရန် လိုအပ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းရေးလုပ်သားအဖွဲ့ ဖွဲ့စည်း၍ နေ့စဉ်ပြုပြင်ထိန်းသိမ်းရေးကို စီစဉ်ဆောင်ရွက်ထားရှိပြီး ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အတူ တိုင်းဒေသကြီးအတွင်း ဦးစားပေးအလိုက် လမ်းပိုင်းများကောင်းမွန်ရေး၊ အမြန်ဆုံးဆောင်ရွက်ပြီးစီးရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်

➢ အမှတ်(၁) ခရိုင်ချင်းဆက်လမ်းသည် မလှိုင်မြို့နယ်အတွင်း မိုင် (၃၀) ဖြတ်သန်းသွားသော လမ်းမကြီးဖြစ်ပြီး အရေးပါသည့် ကျေးရွာပြည်သူ့အကျိုးပြုလမ်းကြီးအဖြစ်သုံးသပ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စည်ပင်သာယာရေးဌာနက လွှဲပြောင်းရယူပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ တာဝန်ယူစေရန်အတွက် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း နိုင်ငံတော်အစိုးရရုံးသို့ ဆက်လက်တင်ပြလျက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လက်ခံရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း

➢ အောင်မင်္ဂလာတိုးချဲ့ရပ်ကွက်သည် မိမိတို့အစီအစဉ်နှင့် မီးလင်းရေးဆောင်ရွက်သည့်အခါ ဖြစ်သလိုမီးကြိုးများသွယ်တန်းထားသည့်ကိစ္စ၊ အချို့မီးကြိုးများကို မြေပြင်နှင့် နှစ်ပေကွာအထိ နိမ့်ကျပြီး ပေ (၅၀၀-၁၀၀၀) အထိ ရှည်လျားသည့်ကိစ္စ၊ ပင့်ကူအိမ်သဖွယ် ရှုပ်ထွေးပြီး စုစည်းချည်နှောင်ထားသည့်အတွက် လမ်းသွားလမ်းလာများ၊ ကလေးသူငယ်များအတွက် အန္တရာယ်ရှိသည့်အတွက် စနစ်တကျဖြစ်အောင် တင်ပြချက်ကို ချက်ချင်းကွင်းဆင်းလေ့လာစိစစ်ရာ မှန်ကန်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ နုတ်သိမ်းပြီးဌာနသို့ ပြန်လည်အပ်ရမည့် သံတိုင်ခြောက်တိုင်နှင့် ပြန်လည်အပ်ရမည့် ACSR (35) mm^2 ရှိသော ပစ္စည်းများဖြင့် ၄၀၀ ဗို့ခာတ်အားလိုင်းပေ ၈၀၀ ကို ဆွဲထားပေးပြီး ဦးစားပေးဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် ပုဂံမြို့ Ayeyar River Hotel ၌ ကျင်းပသော အာဆီယံအဆင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ အာဆီယံသဘာဝဘေး လုပ်ငန်းစီမံချက် ၂၀၁၀-၂၀၁၅ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ခွဲကို အင်ဒိုနီးရှားနိုင်ငံနှင့်အတူ ပူးတွဲသဘာပတိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများက ASEAN Recovery Toolkit ရေးဆွဲနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မုံရွာ၊ ကလေး၊ ကသာ၊ ခန္တီး၊ မော်လိုက်နှင့် တမူးခရိုင်တို့ရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး မုံရွာမြို့နယ်ရှိ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၄၇ ဒသမ ၄၅ သိန်း၊ သလ္လာရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၆၀ ဒသမ ၅၈ သိန်း၊ ရောင်ခြည်သစ် မျက်မမြင်ကျောင်းအတွက် ၁၁ ဒသမ ၁၀ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခုနစ်ကျောင်းအတွက် ငွေကျပ် ၄၂ သိန်း၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ရိုးမတိမ် မဟာအောင်မြေလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၅၀ ဒသမ ၁၉ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ချောင်းဦးမြို့နယ်အတွင်းရှိ ဇရိပ်မွန်(၂) အမျိုးသမီးဂေဟာအတွက်ငွေကျပ် ၇၀ ဒသမ ၀၈ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ အရာတော်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ်၁၂ သိန်း၊ ကန္နီမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ကလေးမြို့နယ်အတွင်းရှိ သာစည်ကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၅၆ ဒသမ ၂၅ သိန်း၊ ယုံကြည်ခြင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၅ သိန်း၊ ဇရိပ်မွန်(၄)အမျိုးသမီးဂေဟာအတွက် ငွေကျပ် ၁၆ ဒသမ ၇၉ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ လေးထပ်ကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၃၉ ဒသမ ၉၇ သိန်း၊ အုတ်ရှစ်ကုန်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ်၂၆ ဒသမ ၈၈ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ ကောလင်းမြို့နယ်အတွင်းရှိ ဆင်ကုန်းရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေ ကျပ် ၅၈ ဒသမ ၂၂ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ရွှေထီးရှေ့ဆောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ်၁၅ ဒသမ ၉၀ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ ကသာမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ အင်းတော်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ဝန်းသိုမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း သုံးကျောင်းအတွက် ငွေကျပ် ၁၈ သိန်း၊ နန်းယွန်းမြို့နယ်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၂၃ ဒသမ ၉၆ သိန်း၊ ခန္တီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ မော်လိုက်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ တမူးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၇၂၉ ဒသမ ၁၃ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွင်းထွက်သယံဇာတအရင်းအမြစ်ဆိုင်ရာစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၇

တွင်းထွက်သယံဇာတ အရင်းအမြစ်ဆိုင်ရာလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (၅/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး၊ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တက်ရောက်လာသော လုပ်ငန်းကော်မတီအဖွဲ့ဝင်များမှဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန် ရှိသည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတနော်မြို့နယ် မရမ်းစံပြကျေးရွာ မီးလင်းတော့မည်

ပန်းတနော် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းတို့ ဦးဆောင်၍ မရမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီဖွဲ့စည်းပြီး ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေကြောင်း သိရသည်။

မရမ်းကျေးရွာတွင် အိမ်ခြေ၃၀၀ နီးပါးရှိပြီး အိမ်သုံးမီတာတပ်ဆင်မည့် ဦးရေ ၂၀၄ အိမ်၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း၊ ဘုတာတစ်ခု၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးနှင့် လမ်းမီး ၃၀၁ တိုင် တပ်ဆင်ရန် လျာထားလျက်ရှိသည့် ကျေးရွာနေပြည်သူများက ဓာတ်အားရရှိရန် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ၁၁ ကေဗွီလိုင်း ၂ ဒသမ ၇ မိုင်၊ ၄၀၀ ဗို့လိုင်း ၁ ဒသမ ၆၃ မိုင်အား တည်ဆောက်ခွင့်ရရှိရေးတင်ပြထားသည်။ မရမ်းကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီအနေဖြင့်လည်း လျှပ်စစ်မီးလင်းရေး ကိစ္စများအားလုံးအတွက် ကော်မတီအလိုက် ကျရာအခန်းကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသဖြင့် ကျေးရွာအတွင်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဦးသန်းကျော်ဦးက ပြောကြားသည်။

ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှာလည်း ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ရာ မကြာမီကာလအတွင်း မရမ်း စံပြကျေးရွာလည်း လျှပ်စစ်မီးရောင်များ လင်းလက်တော့မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

တရားမဝင်သစ်ဖမ်းသော ကျောက်တံခါးမြို့နယ် သစ်တောဝန်ထမ်းများကို သစ်ခိုးသူများ နှောင့်ယှက်

ကျောက်တံခါး နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများသည် နိုဝင်ဘာ ၂ ရက် ည ၁၀ နာရီခွဲတွင် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့်လမ်း မိုင်တိုင်အမှတ်(၁) အနီး၌ တရားမဝင်သစ်ခိုးထုတ်သယ်ယူမည့် သတင်းပေးတိုင်ကြားချက်အရ ဖမ်းဆီးအရေးယူဆောင်ရွက်နေစဉ် မြို့ချောင်းဘက်မှ လူကိုးဦး (အမည်မသိ) တို့သည် ဆိုင်ကယ်ငါးစီးဖြင့် ရောက်လာပြီး ဆဲဆိုကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးထားသော ဆိုင်ကယ်လေးစီးနှင့် ဝန်ထမ်း ဆိုင်ကယ်တစ်စီးတို့ကို အကြမ်းဖက်ဖျက်ဆီးခြင်းများ ပြုလုပ်ကျူးလွန်ခဲ့ကြသည်။

ဝန်ထမ်းများ ရှောင်တိမ်းစဉ် ကျန်ရစ်သော ဖမ်းဆီးစာရင်းပုံစံ(၈)ဝင် ဆိုင်ကယ်သုံးစီး၊ လော်ဂျားဆိုင်ကယ်၊ ဖမ်းဆီးရမိဆိုင်ကယ်တစ်စီး ပေါင်း ငါးစီးတို့ကို ရိုက်ချိုးဖျက်ဆီးခဲ့ကြသည်။ အခင်းဖြစ်ပွားမှုကို ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ဖဒိုရဲစခန်းမှ ဒုရဲအုပ်တို့ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ပြီး ဖျက်ဆီးခံရသော ဆိုင်ကယ်များအားမှတ်တမ်းတင်ခြင်း၊ ဖမ်းဆီးရမိကျွန်းသစ်များအား စုသိမ်းသယ်ယူခြင်း၊ မိုင်တိုင်အမှတ် (၈)အထိ စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ကြပြီး ပြစ်မှုကျူးလွန်သူများကို ဖဒိုရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

နောက်မိုးကောင်း၍ အလယ်ပိုင်းဒေသမှ တောင်သူများအခက်ကြုံ

နတ်မောက် နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မိုးဦးခေါင်ပြီး နောက်မိုးကောင်း၍ တောင်သူများ အခက်ကြုံနေရသည်။ မိုးလိုအပ်ချိန်တွင် မိုးခေါင်သောကြောင့် နှမ်း၊ မြေပဲများပျက်စီးပြီး ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် အထွက်နှုန်းတစ်ဝက်ခန့်လျော့နည်း၍ တောင်သူများ ဆုံးရှုံးကြောင်း၊ မိုးနောက်ကျ၍ စပါးစိုက်နောက်ကျသောကြောင့် တောင်သူအချို့ စပါးအနည်းငယ်သာစိုက်ပျိုးနိုင်ကြောင်း သိရသည်။

စပါးစိုက်နောက်ကျ၍ မရိတ်သိမ်းနိုင်သေးသောကြောင့် ကုလားပဲ မစိုက်ပျိုးနိုင်သေးကြောင်း၊ ယခင်နှစ်များတွင် တန်ဆောင်မုန်းလဆန်းလျှင် ကုလားပဲစိုက်ပျိုးနိုင်ပြီး ယခုအခါတွင် နတ်တော်လမှစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ နတ်မောက်မြို့ ရန်အောင်မြင်ရပ်မှ တောင်သူတစ်ဦးက ပြောကြားသည်။

၄င်းကဆက်လက်၍ နောက်ပိုင်းသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ ငရုတ်နှင့် ပဲတီစိမ်းများ စိုက်ပျိုးချိန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပဲစင်းငုံအပွင့်ပွင့်ချိန်တွင် မိုးရွာသွန်းသောကြောင့် အပွင့်များကြွေ၍ ပဲစင်းငုံအင်တိုင်းယာများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆုံးရှုံးမှုများကြုံတွေ့

ထို့ပြင် ငရုတ်ခင်းများရင့်မှည့်ချိန်တွင် မိုးစွေခဲ့သောကြောင့် ငရုတ်များပုပ်၍ ကုန်စည်ဒိုင်များတင်သွင်းရာတွင် ဈေးကွက်မဝင်ဘဲ တောင်သူများအရှုံးများသည်ဟု သိရသည်။ ယခုနှစ်တွင် ရာသီဥတုမမှန်မှုကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့ရှိ တောင်သူလယ်သမားများ ဆုံးရှုံးမှုများကြုံတွေ့နေရကြောင်း သိရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့

စားဝတ်နေရေး ပြည့်စုံရေး မီးဘေးမပေါ့နှင့်

လျှပ်စစ်လမ်းမီးများ ကိုယ့်အားကိုယ်ကိုးတပ်ဆင်

နောင်ချို နိုဝင်ဘာ ၇

နောင်ချိုမြို့ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဥက္ကဋ္ဌ ဦးမြင့်ဆန်းနှင့်အဖွဲ့သည် မြို့တွင်း မန္တလေး-လားရှိုးကားလမ်းတစ်လျှောက်တို့တွင် လျှပ်စစ်မီးသီး၊ မီးချောင်းများ လဲလှယ်တပ်ဆင်ကြရာ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးညီညီနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြသည်။ မြို့တွင်းလမ်းဘေးဓာတ်တိုင်များတွင် လျှပ်စစ်မီးများ လင်းလျက်ရှိသောကြောင့် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယာဉ်အန္တရာယ်များ ကင်းရှင်းရေးအတွက် များစွာအထောက်အကူပြုစေသောကြောင့် ဒေသခံများ ဝမ်းမြောက်လက်ရှိသည်။ **စိုးစိုး(နောင်ချို)**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော လုံးချင်းတိုက်/တိုက်ခန်း/လူနေဆိုင်ခန်း Shop House ဝယ်ယူခွင့်ရရှိသူများမှ ငွေအကြေပေးသွင်းရန် အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချထားခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ လုံးချင်းတိုက်၊ တိုက်ခန်း၊ လူနေဆိုင်ခန်း Shop House များကို ဝယ်ယူထားသူအချို့သည် ငွေပေးသွင်းရမည့် သတ်မှတ်ကာလထက် များစွာကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ
(ခ) သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ
(ဂ) သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ
(ဃ) လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းအိမ်ရာ
(င) ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ
(စ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ ကြို့ကုန်းအိမ်ရာ
(ဆ) ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ဒဂုံတောင်တိုးချဲ့၊ အကြီးစားစက်မှုဇုန်၊ ကရဏာလမ်းဘေးရှိ Shop House
(ဈ) ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ Rode Park(3) (4)၊ ရွှေပင်လုံအိမ်ရာ
(ည) ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ

၂။ သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာစီမံကိန်းများရှိ တိုက်ခန်းတန်ဖိုး ငွေအကြေပေးသွင်းရန်ကျန်ရှိသူများအနေဖြင့် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ တိုက်ခန်းတန်ဖိုးငွေအကြေပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးငွေများကို ဌာနမှပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ပြောင်းလဲလာသော မြန်မာ့ရွှေဈေးကွက်နှင့် ရှေ့လများအတွက် အလားအလာမှန်းဆချက်

ရန်ကုန် နိုဝင်ဘာ ၇

ဈေးကွက်၏ အသွင်သဏ္ဌာန်သည် ကုန်ပစ္စည်းပေါများမှု၊ နည်းပါးမှုနှင့် အချိန်ကာလပေါ် မူတည်၍ အပြောင်းအလဲအမြဲဖြစ်ပေါ်နေတတ်သည်။ တန်ဖိုးကြီးမားသော ရွှေအရောင်းအဝယ်သည်လည်း ထို့အတူပင်။ အခြားအခြားသော ကုန်ပစ္စည်းများထက်ပင် အပြောင်းအလဲက နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းမတူတတ်သကဲ့သို့ နေ့လယ်ပိုင်းနှင့် ညနေပိုင်းပင် ကွာခြားတတ်သည်ကို လေ့လာတွေ့ရှိရသည်။ ၂၀၁၃ ခုနှစ်အတွင်းမှာပင် မြန်မာရွှေဈေးမှာ နှစ်ဦးကာလစောစောပိုင်း၌ အမြင့်ဈေးကွက်တွင် ရပ်တည်နေခဲ့သည်။ ဇန်နဝါရီ ၁၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၇၆၉၀၀၀ ရှိနေခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၈၈ ရှိခဲ့သည်။

နှစ်လယ်ပိုင်း ဇွန် ၁၉ ရက်အထိ အခေါက်ရွှေဈေး တစ်ကျပ်သား ငွေကျပ် ၇၀၀၀၀၀ အထက်တွင် ရပ်တည်နေပြီး ဇွန် ၂၀ ရက်နောက်ပိုင်းမှ အစပြု၍ ငွေကျပ် ၇၀၀၀၀၀ အောက် တဖြည်းဖြည်း ကျဆင်းလာခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ပြီးခဲ့သော အောက်တိုဘာလအတွင်း ပြောင်းလဲမှုများကို ဆန်းစစ်ကြည့်ရာ အောက်တိုဘာ ၁ ရက် ရွှေဈေးအဖွင့်၌ အခေါက်ရွှေဈေး တစ်ကျပ်သား ငွေကျပ် ၆၉၃၀၀၀ ရှိနေခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၅၈ ရှိခဲ့သည်။ အောက်တိုဘာ ၃၁ ရက်အကုန်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၆၉၀၃၀၀ ဖြင့် ပိတ်သိမ်းခဲ့ပြီး၊ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၃၄ ရှိခဲ့သည်။ ယင်းလအတွင်း အမြင့်ဆုံးစံချိန်မှာ ၂၉ ရက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၉၅၇၀၀ ဖြစ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးအနေဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၅၅ ရှိခဲ့သည်။ အနိမ့်ဆုံးဈေးအနေဖြင့် ၁၅ ရက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၈၁၀၀၀ နှင့် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၀ ရှိနေသည်။

လက်ရှိ အရောင်းအဝယ်အခြေအနေနှင့် ရှေ့လများအတွက် အလားအလာကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်ဦးအေးချို (လှဆန်းကြည်) အရောင်းအဝယ်က တစ်ဆိုင်ကောင်းနှစ်ဆိုင်ကောင်းလောက် အရောင်းအဝယ်ကောင်းကြပေမယ့် ရွှေဆိုင်အတော်များများက အရောင်းအဝယ်အေးကြပါတယ်" ဆိုပြီး ရှေ့လများအတွက် အလားအလာကိုမူ "ကမ္ဘာ့ရွှေဈေးနဲ့ဒေါ်လာဈေး ချိန်တွက်မယ်ဆို ပြည်တွင်းရွှေဈေးက ငွေကျပ် ၅၀၀၀ လောက်မြင့်နေတာမို့ ရွှေဈေးက တက်မလာနိုင်ပါဘူး။

"ဒါ့အပြင် အခုက ပွင့်လင်းရာသီရောက်လာပြီမို့ ပြည်တွင်းရွှေလုပ်ကွက်တွေက ရွှေအထွက်များလာပါပြီ။ အဲဒါကလည်း ရွှေဈေးကျခြင်းရဲ့ အကြောင်းတစ်ရပ်ပါ။ နောက်ပြီး ဈေးကွက်အတွင်းမှာ ဝယ်လိုအားထက် ရောင်းလိုအား များလာတာကလည်း ဈေးကွက်ကို အေးစေတာပါ။ နောက်ဆုံး ဒီလို နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေက နှစ်စဉ် အရောင်းအဝယ်အေးတတ်တဲ့ရာသီပါ" ဟု သုံးသပ်ခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းရွှေဈေးကွက်ရှိ ရွှေဆိုင်တစ်ဆိုင်၏ ရောင်းဝယ်ခင်းကျင်းမှုကို တွေ့ရစဉ်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၆၀၀၀-၆၄၅၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၅၅၀၀-၆၄၅၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၈-၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၃-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃၈-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၅၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၃၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၆၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၇၅-၁၁၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၃၀-၅၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဖရဲသီးများ မြိတ်ဈေးကွက်သို့ ဝင်ရောက်၊ ဈေးကောင်းရရှိ

မြိတ် နိုဝင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျေးရွာများမှ ဖရဲစိုက်တောင်သူများသည် ဖရဲသီးများကို မြိတ်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ တနင်္သာရီမြို့နယ် တကူ၊ မော်တုံး၊ ခုံမော်နှင့် မဇော့ကျေးရွာတို့တွင် အများအပြားစိုက်ပျိုးကြပြီး မြိတ်မြို့နယ် သရမဲကျေးရွာနှင့် ကျောက်ဖြူတောင်ကျေးရွာတို့တွင်လည်း ထိုင်ဝမ် ၈၅၅ ဖရဲမျိုးများ စိုက်ပျိုးကြသည်။ ကျွန်မတို့ "တနင်္သာရီမြို့နယ်မှာ ဖရဲသီးကို တကူ၊ မော်တုံး၊ ခုံမော်နှင့် မဇော့ကျေးရွာတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တနင်္သာရီမြို့မှာထက် မြိတ်မြို့မှာက ပိုပြီးအရောင်းသွက်လို့ လာရောင်းရခြင်းဖြစ်ပါတယ်၊ တစ်ဆင့်ပြန်လည်ရောင်းချသူများလည်းရှိပြီး ယခုအခါ ဈေးကောင်းရရှိနေပါတယ်" ဟု တကူကျေးရွာ ဖရဲသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ အဆိုပါ ဖရဲသီးများကို ကုန်းလမ်းနှင့် ရေလမ်းစသည်ဖြင့် မြိတ်မြို့သို့တင်သွင်းကြပြီး မြိတ်မြို့ ဖရဲသီးဈေးကွက်၌ အရွယ်အစားအလိုက် အသေးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ရှိပြီး အကြီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိ ပေါက်ဈေးရှိ၍ ဈေးကောင်းရကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

အမျိုးသားလွှတ်တော်ရုံးအတွက် မော်တော်ယာဉ်များဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုလျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) Saloon ၃ စီး
(ခ) Van ၉ စီး

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၈-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၀၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၁၃ ရက် ၁၆း၀၀နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံတစ်စုံလျှင် ၂၀၀၀ဝိ/-(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၀၀၄၊ ၀၆၇-၅၉၁၂၆၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ရွာနေ ဦးအောင်ကျော်သူ ၇/သကန(နိုင်)၀၇၈၅၁၄၏သမီး ပြလို့ အထက တတိယတန်းမှ မသီရိကျော်သူအား မစိုးရတနာဟုပြောင်းလဲခေါ်ပါရန်။ **မစိုးရတနာ**

အမျိုးသားလွှတ်တော်ရုံးအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) စက်ပစ္စည်း (၃) မျိုး
(ခ) ရုံးသုံးပရိဘောဂ (၁၂) မျိုး
(ဂ) ကွန်ပျူတာအပါအဝင်နှင့်ရုံးသုံးစက်ကိရိယာ (၁၆) မျိုး
(ဃ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ (၇၄) မျိုး

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၈-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ -အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ တစ်စုံလျှင် ၅၀၀၀ဝိ/(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၀၀၄၊ ၀၆၇-၅၉၁၂၆၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

ကျေးဇူးဆပ်

ကျွန်တော် မျိုးထွန်းလင်း၏
P.P No. 790215 စာအုပ်
ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၃၂၇၀၈၂

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခိုင်ဇင်ထွေး ၇/အတန(နိုင်)၀၆၆၂၇၄၏ ပတ်စ်ပို့နံပါတ် A-၁၅၂၇၆၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၇၈၆၈၀

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းနိုင် ၈/စလန(နိုင်)၀၅၄၂၀၈၏ပတ်စ်ပို့နံပါတ် ၈၄၀၁၇၀သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၈၂၅၂၄

အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ သိမ်ဖြူတိုက်နယ်၊ ရေကျော်လမ်း၊ အမှတ် ၂၉၊ ရန်ကုန်မြို့ရှိ နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ မြေညီထပ်ခေါင်းဘက်ခြမ်း တစ်ခန်း၊ အကျယ်အဝန်း (၁၇'· ၆"× ၇၀') ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် ဆက်စပ်သော အကျိုးခံစားခွင့်များကို ဦးကျန်ရှူးဟိုင်(ခ)ဦးဝင်းနိုင်ဦး ၁၃/လကန(နိုင်)၀၀၁၂၇၀ ထံမှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူသိရှိရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဘေဘီထွန်း B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၄၉)
အမှတ် (၃)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဇမ္ဗူလလမ်း၊ မြေကွက်အမှတ် ၃၄၇၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀) ပါမစ်အမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက် ဒေါ်ခင်မာဝင်း HZA-၀၅၈၈၇၁ထံမှ အဆင့်ဆင့်စာချုပ်ဖြင့် ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်သန္တာထွေး ၁၂/ဥကတ(နိုင်)၁၅၂၆၅၁ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ ဒေါ်မြင့်မြင့်ငြိမ်း ၇/တငန(နိုင်)၀၁၄၆၇၄က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ငြိမ်း
၇/တငန(နိုင်)၀၁၄၆၇၄
ဖုန်း-၀၉-၇၃၁၀၂၃၆၇

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်တင်လှ၏ ပတ်စ်ပို့နံပါတ်-၈၉၉၈၀၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၇၉၅၆၈**

အမည်မှန်နှင့်တစ်ဦးတည်း ဖြစ်ကြောင်း

ဦးရွှေထယ်၏သမီး မဒေါ်(ခ)နော်ဒေါလေ ၁၂/ကမတ(နိုင်)၀၀၆၂၇၈သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် (ဘ)ဦးရွှေမောင်၏အမည်မှန်မှာ ဦးရွှေထယ်ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် တင်မောင်မြင့် ၁၂/ကတတ(နိုင်)၀၁၅၈၂၈၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ သွင်းကုန်ပါမစ် ISP IDVY8 13-14 10659 သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဦးရုံမိုး ဖုန်း-၀၉-၈၅၅၂၇၂၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၄၁၂ဟုခေါ်တွင်သည့် အကျယ်(အလျားပေ ၄၀×အနံပေ ၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၄၁၂ ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင်အမည်ပေါက်ထားသူ ဒေါ်ခက်ခက်ဝင်း ၁၂/မရက(နိုင်)၀၆၆၀၂၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၄၄၃/၂၀၁၃)ရရှိထားသူ ဒေါ်ယဉ်ယဉ်မိုး ၁၂/မရက(နိုင်)၀၀၀၁၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေ၊ အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L၊ အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax -၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

၂၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၇

နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ Royal Hua Hin Golf Club ၌ ကျင်းပမည့် 6th Singha Thailand Junior World Golf Championships 2013 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် လူငယ်လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် နိုဝင်ဘာ ၅ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေး ရည်ရွယ်ကာ ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်းသိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

မြန်မာ့ခြင်းလုံး Test Match 2013 ပြိုင်ပွဲဖွင့်

နေပြည်တော် နိုဝင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို မြန်မာ့ခြင်းလုံး Test Match 2013 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက မြန်မာ့ခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် ရိုးရာယဉ်ကျေးမှု ခြင်းလုံးအခြေခံအနှစ်သာရများ မပျောက်ပျက်ရေး ဦးတည်ချက်(၂)ရပ်နှင့် အခြေခံထိချက် ခြောက်ချက်ပေါ်မူတည်ပြီး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့ခြင်းလုံး Test Match ပြိုင်ပွဲတွင် အထက်မြန်မာပြည်ခြင်းလုံးအသင်း၊ အောက်မြန်မာပြည်ခြင်းလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံး(က)၊ (ခ) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲကို အမျိုးသားခြောက်သင်း၊ အမျိုးသမီးငါးသင်းယှဉ်ပြိုင်မည်

ဆီးဂိမ်းအကြို ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်။

သတင်း - ဖိုးသော်ဇင်
ဓာတ်ပုံ - စိုးညွန့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

ဖူဆယ်ပြိုင်ပွဲကို အမျိုးသား ခြောက်သင်း၊ အမျိုးသမီးငါးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲကို အုပ်စုပတ်လည်ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် အုပ်စု(က)၌ အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ အုပ်စု(ခ)၌ ထိုင်း၊ ဗီယက်နမ်၊ လာအိုတို့ ပါဝင်နေပြီး အုပ်စုတစ်စုစီမှ အမှတ်အများဆုံးနှစ်သင်းစီမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စုတွင် အင်ဒိုနီးရှားက ထိပ်တန်းအဆင့်ရှိပြီး အုပ်စုတက်ရေး မလေးရှားအသင်းနှင့် အပြိုင်လုရဖွယ်ရှိနေသည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၉၊ ၁၃၊ ၁၅ ရက်၊ ဆီမီးပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲမှာ အုပ်စုတက်ရေးအရေးပါသည့်ပွဲလည်း ဖြစ်သည်။

ကစားထား

အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ အောင်မြင်မှုရရှိရေးအတွက် ဂျပန်နည်းပြနှင့် လေ့ကျင့်နေသလို ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများသွားရောက်ကစားထားသည်။

မြန်မာအမျိုးသမီးအသင်း ပွဲစဉ်များ

၁၀-၁၂-၁၃
မြန်မာ - ဗီယက်နမ်
၁၂-၁၂-၁၃
မြန်မာ - မလေးရှား
၁၆-၁၂-၁၃
မြန်မာ - အင်ဒိုနီးရှား
၁၈-၁၂-၁၃
မြန်မာ - ထိုင်း

မြန်မာအမျိုးသားအသင်း ပွဲစဉ်များ

၉-၁၂-၁၃
မြန်မာ - မလေးရှား
၁၅-၁၂-၁၃
မြန်မာ - အင်ဒိုနီးရှား

သို့ကဲလုံစွာဂုဏ်ယူ ဝမ်းမြောက်ကြောင်း

RedLink Communications Co., Ltd. မှ Vice Chairman & Co-Founder ဦးသိန်းသန်းတိုး၏ ဇနီး ဒေါ်ချောစုထွေးသည် ၇-၁၁-၂၀၁၃ ရက် (ကြာသပတေး) နေ့တွင် ဝိတိုရိယဆေးရုံကြီး၌ သားရတနာလေးအား အောင်မြင်စွာ မွေးဖွား ကြောင်း သိရှိရပါသဖြင့် RedLink ကုမ္ပဏီ ဝန်ထမ်းများမှ လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

RedLink Communications Co., Ltd.
Board of Directors'
နှင့် ဝန်ထမ်းများ

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်အောင်ပိုင်ထက်** ၁၁/သတန(နိုင်)၀၆၅၈၆၂ နှင့် ကျွန်မ **မမြတ်ဆုပြည့်ဝေ** ၁၁/စတန(နိုင်)၀၉၀၅၇၁တို့သည် ၃-၁၁-၂၀၁၃ရက်တွင် ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ် (၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဦးသဘောတူ တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

မောင်အောင်ပိုင်ထက်-မမြတ်ဆုပြည့်ဝေ

အမည်ပြောင်း

ဦးတင်မောင်လွင် ၁၂/လကန(နိုင်)၁၀၁၂၅၇၏သမီး မလွင်ရည်မွန် ၁၂/သဃက(နိုင်)၁၄၀၄၄၄အား မအင်ကြင်းမိုး ဟု ပြောင်းလဲခေါ်ပါရန်။

မအင်ကြင်းမိုး

ပြည့်စွက်ဖတ်ရှုပါရန်နှင့် ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၁-၂၀၁၃ရက်ထုတ် ဤသတင်းစာစာမျက်နှာ ၂၀ ပါ အထက(၁)၊ လားရှိုးမြို့၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှီးဆော်လွှာကြော်ငြာ၌ ရန်ကုန်လိပ်စာတွင် ဒေါ်ဘောက်ထွယ် ဖုန်း-၀၉-၅၁၅၉၅၅၈ ဟု ဖြည့်စွက်ဖတ်ရှုပါရန်နှင့် ခွန်ညီမင်း ဖုန်း-၀၉-၅၀၄၉၄၉၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

Ph : 09450044494, 09450044496, 377921

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးညွန့်နိုင် ၁၂/သဃက(နိုင်)၀၉၈၈၃၁ ၏ C.D.C အမှတ် ၁၈၄၀၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၇၃၀၀၄၉၅၃**

အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃/က ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၁၀၇ နေ ကျွန်မ ဒေါ်စန်းစန်း ၁၂/ဒဂန(နိုင်)၀၀၃၂၆၆၏ သားကြီးသည် မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် သားအကြီး အောင်ဆန်းချစ် ၁၂/မဂဒ(နိုင်)၁၀၇၂၅၂အား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်း

အလိမ္မာ စာမှာရှိ

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ် အာဆင်နယ်နဲ့ချယ်လ်ဆီး နောက်တစ်ဆင့်တက်နိုင်

အာကာကျော်

ယမန်နေ့ညက ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုပွဲတွေမှာတော့ ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ အသီးသီးသောပြိုင်ဘက်တွေကို အနိုင်ရရှိလိုက်တာကြောင့် ၁၆ သင်းပြိုင်ပွဲတက်ဖို့ အခြေအနေကောင်းသွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဒေါ့မွန်-အာဆင်နယ်

အုပ်စု (F) မှာ အာစင်ဝင်းဂါးရဲ့အသင်း အာဆင်နယ်ကတော့ အဲဒီပြိုင်ပွဲမှာ ဒေါ့မွန်ကို အနိုင်ရလိုက်တာဖြစ်ပါတယ်။ ရမ်ဆေးရဲ့ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးနဲ့ အာဆင်နယ်က ဒေါ့မွန်ကိုအနိုင်ရခဲ့တာ ဖြစ်ပါတယ်။ အဝေးကွင်းကစားရတဲ့ အာဆင်နယ်အနေနဲ့ ပွဲစတာနဲ့ ဒေါ့မွန်ခံစစ်ကို တရစပ်ထိုးဖောက်ဖို့ ကြိုးစားပေမယ့် ပထမပိုင်းပြီးတဲ့အထိတော့ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ဒေါ့မွန်က ပထမပိုင်းတစ်ချိန်လုံး တောင့်ထားနိုင်ခဲ့ပါတယ်။ ပွဲချိန် ၆၂ မိနစ်မှာတော့ ရမ်ဆေးက အိုဇေးလ်ရဲ့ ဖြတ်တင်ဘောကနေ အနိုင်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဒီပွဲနိုင်လိုက်ခြင်းကြောင့် ဒေါ့မွန်ကိုနိုင်တဲ့ ပထမဆုံးပရီမီယာလိဂ်အသင်း ဖြစ်လာခဲ့ပါတယ်။ ဒီပွဲနိုင်လိုက်တဲ့အတွက် အာဆင်နယ်တို့အုပ်စုကို ဦးဆောင်နိုင်တဲ့အသင်းလည်း ဖြစ်လာပါတယ်။

ချန်ပီယံလိဂ်အုပ်စု နှစ်ပွဲကစားရန် ကျန်ရှိနေသေးပေမယ့် အာဆင်နယ်ကတော့ နောက်တစ်ဆင့်တက်ဖို့ အခြေအနေ ကောင်းနေပါတယ်။ လာမယ့် နိုဝင်ဘာ ၂၆ ရက်မှာ မာဆေးနဲ့အိမ်ကွင်းကစားရမှာ ဖြစ်ပါတယ်။ နောက်ဆုံးပွဲကတော့ ဒီဇင်ဘာ ၁၁ ရက်မှာ နာပိုလီနဲ့တွေ့မှာ ဖြစ်ပါတယ်။

ချယ်လ်ဆီး-ရှော်လ်ကေး

ချယ်လ်ဆီးနဲ့ ရှော်လ်ကေးပွဲမှာတော့ အီတူးက ချယ်လ်ဆီးအတွက် နှစ်ဂိုးသွင်းပေးခဲ့တာကြောင့် ချယ်လ်ဆီးတို့လည်း အခြေအနေကောင်းပါတယ်။ ဒီပွဲမှာတော့ ချယ်လ်ဆီးက သုံးဂိုးပြတ်နဲ့ ပြတ်ပြတ်သားသား အနိုင်ယူခဲ့တာဖြစ်ပါတယ်။ ဂျာမန်ကလပ် ရှော်လ်ကေးက ပွဲအစမှာ ဟုတ်မလိုလိုနဲ့ ထိရောက်တဲ့ဂိုးသွင်းနိုင်တာ မတွေ့ရပါဘူး။ နှစ်ဂိုးသွင်းထားတဲ့ ချယ်လ်ဆီးကို ရှော်လ်ကေးဂိုးသမားက လက်ဆောင်ဂိုး ပြန်သွင်းပေးလိုက်တာကြောင့် ထပ်ဆောင်းဂိုး ရခဲ့ပြန်ပါတယ်။ ချယ်လ်ဆီးဟာ ဒီအနိုင်ပွဲကြောင့် အုပ်စုထဲမှာ သုံးမှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ လာမယ့်ပြိုင်ပွဲ ဘေဆယ်နဲ့ ကစားမယ့်ပွဲမှာ သရေကစားနိုင်တာနဲ့ ၁၆ သင်းပြိုင်ပွဲကို ချယ်လ်ဆီးတို့ တက်သွားမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးရဲ့ လက်ရှိခြေစွမ်းအရ နောက်တစ်ဆင့်တက်ဖို့ သေချာပြီလို့လည်း ပြောလို့ရပါတယ်။ နည်းပြမော်ရင်ဟိုအတွက်တော့ ချန်ပီယံလိဂ်ဖလားကို စိတ်ကူးယဉ်ဖို့ နီးကပ်လာနေပြီလို့လည်း ပြောနိုင်ပါတယ်။

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

ပြင်သစ်လီဂူး ပွဲစဉ် -၁၃			နိုဝင်ဘာ ၉
မိုနာကို	-	အီဗီယန်	နံနက် ၂း၀၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၂			နိုဝင်ဘာ ၉
ဟန်နိုဗာ	-	ဘရန်းရှ်ဗစ်	နံနက် ၂း၀၀
စပိန်လာလီဂါ ပွဲစဉ်-၁၃			နိုဝင်ဘာ ၉
အိုဆာဆူနာ	-	**အဲလ်မာရီးယား**	နံနက် ၁း၃၀
ဂရန်နာဒါ	-	မာလာဂါ	နံနက် ၃း၃၀

မိုနာကို Vs အီဗီယန်

မိုနာကိုတို့ ဘောလုံးသမားကောင်းများကို အင်အားဖြည့်ထားပြီး ရာသီအစမှာ ဇယားထိပ်ဆုံးမှာ ခြေစွမ်းပြနေတဲ့ တန်းတက်အသင်းပါ။ ပွဲစဉ် -၁၂ အပြီးမှာ ရမှတ် ၂၅မှတ်နဲ့ အဆင့်သုံးကို ကျလာပါတယ်။ အီဗီယန်ကတော့ ရမှတ် ၁၅ မှတ်နဲ့ အဆင့်၁၄ မှာရှိနေပါတယ်။ မိုနာကိုက ဒီရာသီအိမ်ကွင်း ခြောက်ပွဲမှာ ငါးပွဲနိုင်ပြီး တစ်ပွဲသရေကျထားပါတယ်။ အီဗီယန်ကတော့ အဝေးကွင်း ခြောက်ပွဲမှာ သုံးပွဲနိုင်၊ သုံးပွဲရှုံးထားပါတယ်။ အိမ်ရှင်တို့ အမှတ်ပြည့်ယူနိုင်မှာပါ။ စပိန်မှာ ခြေစွမ်းပြသွားတဲ့ ဖယ်လ်ကာအိုဟာ ပြင်သစ်မြေမှာလည်း ခြေစွာနေပါတယ်။ ဂိုးအများဆုံးသွင်းမှုမှာ ပီအက်စ်ဂျီက ကာဗာနီက ကိုးဂိုး၊ နောက်ကကပ်လိုက်နေတဲ့ ဖယ်လ်ကာအိုက ရှစ်ဂိုးသွင်းထားပါတယ်။ အိမ်ကွင်းမှာ ဖယ်လ်ကာအို အသုံးချနိုင်ပြီး ဂိုးပြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ဟန်နိုဗာ Vs ဘရန်းရှ်ဗစ်

ပွဲစဉ်-၁၁ အပြီး ဘရန်းရှ်ဗစ်က ရမှတ်ခုနစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာရှိနေပြီး ရဂိုးကလည်း ရှစ်ဂိုးသာရှိသေးလို့ အားရဖွယ်မရှိပါဘူး။ အဝေးကွင်း ငါးပွဲမှာ တစ်ပွဲနိုင်၊ လေးပွဲရှုံးထားပါတယ်။ ဂျာမန်ပိုကယ်ဖလားမှာ သူတို့နှစ်သင်းတွေ့ဆုံတုန်းက ဘရန်းရှ်ဗစ်က အိမ်ကွင်းမှာ ၂-၀ နဲ့ နိုင်ထားပါတယ်။ ရမှတ် ၁၃မှတ်နဲ့ ဟန်နိုဗာက အဆင့် ၁၁မှာ ရပ်တည်နေပါတယ်။ အိမ်ကွင်းခြောက်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ ဟန်နိုဗာတို့ ပိုကယ်ဖလားအဝေးကွင်းက ရှုံးကြွေးကို ပြန်ဆပ်နိုင်မလားဆိုပေမယ့်အပြည့်အဝတော့ ယုံကြည့်လို့မရပါဘူး။

ချန်ပီယံလိဂ် ပွဲစဉ်-၄ ရလဒ်များ

ဇင်းနစ်	၁-၁	ပေါ်တို
အက်သလက်တီကို	၄-၀	ဩစတြီးယားဝီအန်
အိုင်းယက်စ်	၁-၀	ဆဲလ်တစ်
ဘာစီလိုနာ	၃-၁	အေစီမီလန်
ဘေဆယ်	၁-၁	စတူအာဘူခါရက်စ်
ချယ်လ်ဆီး	၃-၀	ရှော်လ်ကေး
ဒေါ့မွန်	၀-၁	အာဆင်နယ်
နာပိုလီ	၃-၂	မာဆေး

ကမ္ဘာ့နံပါတ်တစ်နေရာ ရာဖေးလ်နာဒယ်ဆက်ရှိမည်

ရာဖေးလ်နာဒယ်သည် လန်ဒန်၌ကျင်းပလျက်ရှိသော ATP World Tour Final၌ ဝေါရင်ကာအား အနိုင်ရလိုက်ခြင်းကြောင့် ကမ္ဘာ့နံပါတ်တစ်နေရာကို ဆက်လက်ရယူထားမည်ဖြစ်သည်။ အသက် ၂၇ နှစ်ရှိ စပိန်သား ရာဖေးလ်နာဒယ်သည် **(ယာပုံ)**ဝေါရင်ကာကို ၇-၆၊ ၇-၆ဖြင့် အနိုင်ရလိုက်ခြင်းကြောင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ကမ္ဘာ့နံပါတ်နှစ် ဂျိုကိုဗစ်အနေဖြင့် နံပါတ်တစ်နေရာကို ပြန်ယူဖို့ကြိုးစားနေသော်လည်း ယခုနှစ်ကုန်ပိုင်းအထိတော့ ရာဖေးလ်နာဒယ်ကို ကျော်ရန်မဖြစ်၍ ရနိုင်လိမ့်မည်ဟုတ်ပါ။ ရာဖေးလ်နာဒယ်သည် နှစ်ကုန်ကမ္ဘာ့နံပါတ်တစ်နေရာကို တတိယအကြိမ်မြောက် ရယူမည်ဖြစ်သည်။ နာဒယ်သည် ယခုယှဉ်ပြိုင်နေသောပွဲကို အကောင်းဆုံးအနေအထားဖြင့် လန်ဒန်သို့ရောက်ရှိလာခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ၇၂ ပွဲနိုင်ပြီး ခြောက်ပွဲသာရှုံးထားသည်။ ပြိုင်ပွဲဖလား ၁၀လုံးနှင့် ဂရင်းဆလမ်ဖလားနှစ်လုံးဖြစ်သည့် ပြင်သစ်နှင့် အမေရိကန်ဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာ အုပ်စုကျော်နိုင်ပြီ

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဘာစီလိုနာနှင့် အေစီမီလန်တို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ နေမာကို အဘာတေးက ကြမ်းတမ်းစွာကစားပြီး ရရှိသောပယ်နယ်တီဖြင့် မက်ဆီက ဂိုးစသွင်းသည်။ ယင်းဂိုးသည် မက်ဆီအတွက် လေးပွဲတွင် ပထမဆုံးဂိုးဖြစ်သည်။ ဒုတိယဂိုးကို ဇာဗီ၏ဖရီးကစ်မှတစ်ဆင့် ဘတ်စ်ကွက်က ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ အေစီမီလန်ရရှိသောဂိုးမှာ ကာကာ၏ဖြတ်တင်ဘောကို ဂျာရတ်ပီကေးက ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့သည်။ တတိယဂိုးကို မက်ဆီက ဖာဘရီဂတ်စ်နှင့် အပေးအယူလုပ်ပြီး လှလှပပ သွင်းယူပေးခဲ့သည်။ ယင်းရလဒ်ကြောင့် ဘာစီလိုနာတို့အုပ်စုတွင် အေစီမီလန်ကို ငါးမှတ်အသာဖြင့် ဦးဆောင်ကာ နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန

၁။ မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ စလင်းမြို့နယ် တိုင်းရင်းဆေးကုဌာနအဆောက်အအုံ (ပေ၄၀×ပေ၃၀×၁၂ပေ) အုတ်ညှပ်၊ သွပ်မိုး၊ ရေမီး၊မိလ္လာ အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၃ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၅-၁၂-၂၀၁၃ရက် ညနေ ၄း၀၀နာရီတိတိ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၆၃-၂၅၉၉၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မွေးနေ့မင်္ဂလာဆုမွန်လွှာ
ချစ်မေမေ ဒေါ်သန်းသန်းဌေး
အငယ်တန်း အင်ဂျင်နီယာ II
မြို့ပြခရိုင်ဆောက်လုပ်ရေး
မိတ္ထီလာမြို့

၈-၁၁-၂၀၁၃ရက်တွင် ကျရောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သော မိသားစုဘဝကို အမြဲထာဝရပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ခြွေလျက်။

ချစ်ခင်ပွန်း- ဦးသန်းဦး
သမီးကြီး- တွယ်တာမိုး
သားလတ်- ထွန်းထိုက်ဝင်း-စောလင်းလင်းတိုး
သားငယ်- ထွန်းထိုက်လင်း

(B.A Korean) Y.U.F.L
KBJ KOREAN LANGUAGE CENTER
EPS-TOPIK
52 (b)
HP : 09-51-666258, 09-430-97510

ရွှေကြယ်စင်
9000
12000
15000

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၇၊ မြေကွက်အမှတ် ၁၇၁၃/ခ၊ မြေကွက်တည်နေရာအမှတ်-၁၇၁၃/ခ၊ မဟာဆွေလမ်း၊ ၂၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်ခင်နု အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်နု ၁၂/ဥကမ(နိုင်)၀၈၃၀၁၂ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊(၈)ရပ်ကွက်၊ မြေတိုင်း(၂၄)၊ ဦးပိုင်အမှတ် ၁၁၈၁၊ ဧရိယာ ၀.၁၁၄၀၅၅ဧကရှိ ဒေါ်ခင်ဝင်းဆင့်အမည်ဖြင့် နှစ် ၃၀ဂရန်မြေရရှိထားပြီး ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူပြန်လည်ထုတ်ယူခွင့် လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်ဝင်းဆင့် MGN-၁၃၅၀၅၀

ရွှေတင်ရွှေဖုံ Travels & Tours

ပုဂံ၊ ပုပ္ပါး
တောင်ကြီး၊ အင်းလေး (မိုးမုန့်ဒွေတော်)
မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်
ထားဝယ်
မိုးကုတ်
ငပလီ

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510218
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 09-31693339 Hot Line: 09-73003772

ပျောက်ဆုံးခြင်း

KA PAW HTOO COMPANY LIMITED၏ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ်-၄၃၅၉/၂၀၁၁-၂၀၁၂ရက်စွဲ ၁၆-၃-၂၀၁၂ ကတ်ပြားမူရင်းမှာ ၁၀-၁၀-၂၀၁၃ ရက်ခန့်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၁၀၅၈၁၂၁၊
၀၉-၄၂၀၂၆၄၃၂၈၊ ၀၉-၄၉၃၂၇၂၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၁၉၈)၊ မြေညီခေါင်းရင်းခန်း တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးနေလင်း ၇/ပခန(နိုင်)၀၀၀၆၁၈ထံက ဦးဝင်းထွန်းမှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုမူရင်းတင်ပြ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းထွန်း ၁၂/မရက(နိုင်)၁၁၁၈၆၁
၅/က၊ ဗိုလ်တေဇ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်

မြတ်ဗုဒ္ဓနှင့် ဧတဒဂ်ရ ရဟန္တာ ၄၁ ပါး ဒေသစာရီပူဇော်ခံဗုဒ္ဓပူဇနိယပွဲတော်

ရေး နိုဝင်ဘာ ၇

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် သာသနာ ၂၅၀၀ စေတီ ရေလယ်ဘုရား ဂန္ဓကုဋိတိုက်၌ နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် အစည်းအဝေးကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ထံမှ ဩဝါဒခံယူပြီး ဂေါပကအဖွဲ့မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပသော (၂၅)ကြိမ်မြောက် မြတ်ဗုဒ္ဓနှင့် ဧတဒဂ်ရ ရဟန္တာ ၄၁ ပါး ဒေသစာရီပူဇော်ခံ ဗုဒ္ဓပူဇနိယပွဲတော်ကို မြို့ပေါ်ရပ်ကွက်များတွင် သုံးညတိုင်တိုင် ယာယီစံကျောင်းတော်၌ အပူဇော်ခံမည်။ ထို့နောက် တန်ဆောင်မုန်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်ညများတွင် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီလှည့်လည်ကြွချီပြီး အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နေမျိုးထွန်း(ရေး)

သန်းခေါင်စာရင်းအကြောင်းပြည်သူသို့အသိပေးရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၇

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ပြည်သူသို့ အသိပေးရှင်းလင်း ဟောပြောပွဲကို တပ်ကုန်းမြို့နယ် ကျားသေအိုင် အုပ်စု သူဌေးကုန်းကျေးရွာ အမှတ်(၁၀၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်း၊ လူဦးရေစာရင်းများ မှန်ကန်မှ အနာဂတ်လူနေမှုဘဝ တိုးတက်မြင့်မားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသွားသည်။**(ဝဲပုံ)**

၎င်းဟောပြောပွဲသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီများ၊ ရပ်ကွက်အုပ်စု သန်းခေါင်စာရင်း ကော်မတီများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူစုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။ တက်ရောက်လာသော ပြည်သူများကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။ **(၁၆၂)**

စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပုဂံသွေး ပရဟိတနှင့် လူမှုကူညီရေးအဖွဲ့၏ သတ္တမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကများ၊ အသင်းအမှုဆောင်များ၊ ပုဂံသွေးလှူရှင်များအပြင် အသက် (၁၈)နှစ်မှ (၅၅)နှစ်အတွင်း ကိုယ်အလေးချိန် ပေါင် ၁၀၀ ကျော်သူ၊ ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူဒါန်းလိုပါက ဦးဝင်းမြင့် ဖုန်း-၀၉-၃၁၂၈၅၅၃၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၇၃၁၂၃၅၂၁၊ ဦးစိုးခိုင် ဖုန်း-၀၉-၅၁၉၃၄၁၇၊ ဦးသန်းဝင်းအောင် ဖုန်း-၀၉-၄၂၁၀၆၆၀၅၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၄၂၀၀၂၉၀၄၄ နှင့် ကိုမျိုးနိုင် ဖုန်း-၀၉-၄၂၅၂၈၆၃၄၃ တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်တင်ဝင်း(မြန်မာ့အလင်း)

ဆောင်းပါးနှင့်နယ်သတင်း

စွန့်ပစ်ခံလေဖြတ်အဘိုးအို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆည်းဆာရိပ်သို့ လွှဲပြောင်း

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်မြို့ အလုံကရင်ခြံရပ်ကွက် မော်တော်ကားစက်ပြင်အလုပ်ရုံအနီး စွန့်ပစ်ခံထားရသည့် လေဖြတ်အဘိုးအိုတစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လိုအပ်သော ဆေးဝါးကုသမှုပြုပြီး နိုဝင်ဘာ ၁ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၂) ရပ်ကွက် မဟောသလေမ်းရှိ "ဆည်းဆာရိပ်" ဂိလာနဘိုးဘွားရိပ်သာသို့ လွှဲပြောင်း ပို့အပ်လိုက်သည့်ဖြစ်စဉ်တစ်ခု တွေ့မြင်သိရှိရသည်။

ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမ။

အကြောင်းကြား

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် ည ၇ နာရီခွဲခန့်က အလုံကရင်ခြံရပ်ကွက်အတွင်းရှိ ကားဝပ်ရှော့တစ်ခုအနီး မြေပြင်ပေါ်တွင် အသက် (၆၅) နှစ်ခန့်အရွယ် အဘိုးအိုတစ်ဦး လဲလျောင်းနေကြောင်း ပြည်သူတစ်ဦး၏ သတင်းပို့ချက်အရ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်ဆို၏။ အဘိုးအိုအမည်မှာ ဦးအေးတင် မော်လမြိုင်ကျွန်းတွင်နေထိုင်၍ အလုပ်သမားတွေက တင်ပို့ပေးလိုက်ကြောင်းကို စကားမပီမသ ဆို့အစွာ ပြောဆိုပြီး ယာဘက်ကိုယ်တစ်ခြမ်း လေဖြတ်ထားကာ မလှုပ်ရှားနိုင်ဖြစ်နေသည်ကို တွေ့ရှိရသည်ဆိုသည်။ အလုံမြို့နယ် မြို့မရဲစခန်းသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး သတင်းပေးပို့ချက်အရ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိကာ စေတနာရှင်တစ်ဦး၏ မော်တော်ယာဉ်အကူအညီဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အဆိုပါညတွင်ပင် သွားရောက် တင်ပို့လိုက်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၁၇ ရက်ကြာ လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်ပြီး စွန့်ပစ်ခံထားရသော လေဖြတ်ရောဂါဝေဒနာရှင်အဘိုးအိုအတွက်ဆက်လက်ပြုစုစောင့်ရှောက်မှုပေးနိုင်ရန် ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးထွန်းလင်းက ဆက်သွယ်အကြောင်းကြားခဲ့သည်။ ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမ၊ အတွင်းရေးမှူး ဒေါ်သက်နွယ်၊ ဘဏ္ဍာရေးမှူး ဒေါ်ထွေးမြင့်တို့အဖွဲ့က နိုဝင်ဘာ ၁ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာပြီး စွန့်ပစ်ခံလေဖြတ်အဘိုးအို ဦးအေးတင်အား ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးထွန်းလင်းထံမှ လွှဲပြောင်းလက်ခံကာ ဆည်းဆာရိပ်သို့ ခေါ်ဆောင်သွားခဲ့သည်။

ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမအား တွေ့ဆုံမေးမြန်းရာ "အသက် (၇၀)နဲ့ အထက် ကျန်းမာရေးချို့တဲ့နေတဲ့ ခိုကိုးရာမဲ့ ဘိုးဘွားတွေအတွက်သာ အဓိကထား ကန့်သတ်ထားပေမယ့် အခုလို ကိစ္စမျိုးတွေကျတော့ အသက်ကန့်သတ်ချက် မပြည့်မီပေမယ့် အလုပ်အမှုဆောင်အဖွဲ့နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ရပါတယ်။ ကျန်းမာရေးချို့တဲ့ပြီး ခိုကိုးရာမဲ့တယ်ဆိုတဲ့ အဘိုးအဘွားကလည်း နှစ်မျိုးနှစ်စားရှိပါတယ်။ တစ်မျိုးကတော့ ဆွေမျိုးသားချင်းရှိပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြုစုစောင့်ရှောက်မှု မပေးနိုင်တော့လို့ တကယ်ပဲ လာရောက် စွန့်ပစ်ခံထားရသူတွေဖြစ်ပါတယ်။ နောက်တစ်မျိုးကအဘိုးအဘွားတွေက စိတ်မတည်မငြိမ်ဖြစ်ပြီး အိမ်ကထွက်ခွာလာခဲ့ရာက မိသားစုနဲ့ ကင်းကွာပြီး စွန့်ပစ်ခံရတဲ့ပုံစံနဲ့ ရောက်ရှိလာတဲ့ အဘိုးအဘွားတွေဖြစ်ပါတယ်။ သတင်းမီဒီယာတွေကို ကျွန်မတို့ရိပ်သာအဖွဲ့က အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ၊ တလောက သတင်းစာထဲ ပါလာတဲ့ အဘိုးကို သူတို့ပျောက်နေတဲ့ အဘိုးဟုတ်မလားဆိုပြီး လာကြည့်တဲ့သူတွေလည်း ရှိပါတယ်။ အဲဒါက မဟုတ်လို့ ပြန်သွားပါတယ်။ ဒီလိုပဲ သတင်းစာထဲပါလာလို့ လာကြည့်တော့ ပျောက်ဆုံးနေတဲ့ သူတို့မိသားစုဝင် ဖြစ်နေလို့ ပြန်ခေါ်သွားတဲ့ ဖြစ်စဉ်တွေလည်း ရှိပါတယ်။ ဒါကြောင့် သတင်းမီဒီယာကို ကျေးဇူးတင်ကြောင်း ပြောတာပါ" ဟု ရှင်းပြပြောဆိုသွားခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

အဘိုးအိုအား ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသို့ ခေါ်ဆောင်သွားစဉ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော Meter Seal With Seal Wireများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပိတ်မည့်ရက် - ၁၅-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့၊ အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ဖုန်း-၀၁-၂၂၀၈၁၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၅၀) နှစ်ရုံ၊ ခုတင် (၁၀၀) သုံးရုံ၊ ခုတင် (၅၀) ငါးရုံ၊ ခုတင်(၂၅) (၁၁)ရုံတို့အတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကိုရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
လားရှိုးမြို့၊
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

စက်မှုဝန်ကြီးဌာန
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။
(က) Multi-Purpose Heating Furnace ၏ P.V.H Program Controller/CP 2000 စစ်ဆေးပြုပြင်လဲလှယ်ခြင်း
(ခ) သံရည်ကျိုအလုပ်ရုံတွင် အသုံးပြုရန် မျဉ်ပုံကြီးသဲ ၁၂၀ ကျင်း ဝယ်ယူခြင်း

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၁-၁၁-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၁-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် ၁၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၄၃၀၀၀၅၊ ၀၅၄-၂၄၆၇၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)

အထက(သုဝဏ္ဏ) ကျောင်းသား ကျောင်းသူဟောင်းများ

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၊ အထက(သုဝဏ္ဏ) အငြိမ်းစား ဆရာ ဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီမှ ဦးစီး၍ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၀၀နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၅-၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ရပ်ဝေးရပ်နီးမှ စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၃ ရက်၊ ညနေ ၄:၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၀၄

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေးမြို့ ရှမ်းတောင်တန်း ကားလေးအသင်း ဘုံကထိန်ကျင်းပ

ကလေး နိုဝင်ဘာ ၇

ကလေးမြို့ ရှမ်းတောင်တန်း ကားလေးအသင်းသည် ကလေးမြို့နှင့်မန္တလေးမြို့များမှ အဆင့်မြင့်ပါဂျဲရိုးကားများဖြင့် ကလေးမြို့မှ မန္တလေးမြို့နှင့် တမူးမြို့များသို့ အချိန်မှန်၊ ပုံမှန်ပြေးဆွဲသည့် ကားအသင်းဖြစ်ပြီး ပြည်သူများ၏ ခရီးသွားဝန်ဆောင်မှုအတွက် အလွန်အထောက်အကူပြုသည့် ကားအသင်းဖြစ်သည်။

အဆိုပါ ကားအသင်း၏ ဒုတိယအကြိမ် မိသားစု မဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ယင်းကားအသင်းမှ ပါဂျဲရိုးကား ၁၂ စီး၊ ပဒေသာပင် ၁၀ ခုနှင့် ဖျော်ဖြေရေးယာဉ်တစ်စီးတို့ဖြင့် အဆိုပါ ကားလေးဂိတ်မှ ကလေးမြို့တွင်းသို့လှည့်လည်ပူဇော်ကြပြီးနောက် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် ကြောင်ပန်းကျောင်းတိုက် ဓမ္မာရုံသို့ ပို့ဆောင်ကြသည်။**(ယာပုံ)**

ဆက်လက်၍ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲတွင် သံဃာတော် ၅၅ပါးတို့ကို ပင့်ဆောင်လျက် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်ချတရားနာယူကြသည်။ ယင်းငွေပဒေသာပင်၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

သဗ္ဗသုခပရဟိတအသင်းသို့ လူနာသယ်ပို့ယာဉ်လှူဒါန်း

အင်းတော် နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာစံပြကျေးရွာ သဗ္ဗသုခပရဟိတအသင်း လူနာသယ်ပို့ယာဉ် ပေးအပ်လှူဒါန်းခြင်းနှင့် အခမဲ့သယ်ပို့ပေးခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက အမှတ်(၅)ရပ်ကွက် မဲဇာသဗ္ဗသုခပရဟိတအသင်းတည်ရှိရာ စာကြည့်တိုက်နှင့်အခမဲ့ဆေးပေးခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ်ဆရာဝန်ကြီးဒေါက်တာမျိုးဇော်လှုကအမှာစကားပြောကြားပြီး အသင်းနာယကဦးပြုံးက သဗ္ဗသုခပရဟိတလုပ်ငန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်အသင်းအတွင်းရေးမှူးက ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားပြီး လူနာတင်ယာဉ် အလှူရှင် မန္တလေးမြို့နေ ဦးကိုကိုဌေးက လူနာတင်ယာဉ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သဗ္ဗသုခပရဟိတအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်ဝင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ အဆိုပါ လူနာသယ်ပို့ယာဉ်မှာ ဟိုင်းအေ့စ်အမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၁၈၀ ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

ဟားခါး၌ အိုးအိမ်လိုအပ်ချက် ဖြည့်တင်းရန်လျာထား

ဟားခါး နိုဝင်ဘာ ၇

ချင်းပြည်နယ် ဟားခါးမြို့တွင် အခြားဒေသမှ တာဝန်လာရောက်ထမ်းဆောင်ရသည့် ဝန်ထမ်းများအတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိုးအိမ်လိုအပ်ချက်များကို နှစ်စဉ်ဖြည့်တင်းတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ နှစ်ခန်းတွဲနှစ်ထပ်တိုက်တစ်လုံး၊ လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံးကို ယခုပွင့်လင်းရာသီတွင် တည်ဆောက်သွားမှာဖြစ်ပါတယ်”ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ခိုင်က ပြောကြားသည်။

ဟားခါးမြို့တွင် လက်ရှိအဆောက်အအုံများအနေဖြင့် နှစ်ခန်းတွဲတစ်ထပ်တိုက် အလုံး ၆၀၊ ပျဉ်ထောင်နှစ်ခန်းတွဲ တစ်ထပ် ၁၉ လုံးရှိပြီး ဝန်ထမ်းများကို နေရာချထားပေးလျက်ရှိသည်။ ထပ်မံ၍ ရပ်ဝေးဒေသမှ တာဝန်လာရောက်ထမ်းဆောင်သော ဝန်ထမ်းများ အခက်အခဲမဖြစ်စေရန် နှစ်စဉ်လျာထားတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၇)**

ရေဘေးဒုက္ခသည်များအား လှူဒါန်း

တောင်ငူ နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)မှ တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ဝေ၊ သမားတော်ကြီး ဒေါက်တာသန့်ဇင်၊ ဒေါက်တာခင်မောင်ချစ်၊ ဒေါက်တာစိုးဟန်၊ ဒေါက်တာစိုင်းရွှေအောင်၊ ဒေါက်တာဝင်းရဲခိုင်နှင့် ဒေါက်တာတင်တင်ဝင်းတို့ပါဝင်သော ဆရာဝန်များအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်အတွင်းရှိ ရေဘေးဒုက္ခသည် အိမ်ထောင်စုများအား ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ဆီ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်များကို ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) ကျော်လှ(တောင်ငူ)**

ပြည်တော်မြို့ဦးစေတီဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည် မြန်မာ့ရိုးရာ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၇

မော်လမြိုင်ကျွန်းမြို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော(၁၅)ကြိမ်မြောက် အတုလသကျနန္ဒပြည်တော်မြို့ဦးစေတီဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်ဥပဂုတ္တရဟန္တာ အရှင်သူမြတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ (နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်)အထိ ငါးရက်တိုင်တိုင် ပြည်တော်မြို့ဦးစေတီတော်ဝင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြည်တော်မြို့ဦးစေတီဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်ပူဇော်ပွဲတွင် သင်္ကန်း၊ ဆွမ်း၊ သစ်သီးကိုးမျိုးကပ်လှူပူဇော်ပွဲနှင့် မော်လမြိုင်ကျွန်းမြို့ တုံးလှဲချောင်းမြစ်အတွင်း ညပိုင်းတွင် ဆီမီးကိုးထောင် မီးမျှောပူဇော်ပွဲ၊ မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၀ ကျော်မှ သံဃာတော်အပါး ၁၀၀၀ ကျော်နှင့် သီလရှင် ကျောင်းကိုးကျောင်းမှ သီလရှင်အပါး ၁၄၀ တို့အား အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဒုတိယအကြိမ်မြောက် အနယ်နယ်အရပ်ရပ် ဖိတ်ခေါ်မြန်မာ့ရိုးရာသုံးတက်နှင့်ငါးတက် လှေလှော်ပြိုင်ပွဲများ ပါဝင်ကျင်းပမည်ဖြစ်သည်။ ပြည်တော်မြို့ဦးစေတီတော်တွင် ပါဝင်လှူဒါန်းလိုသူများနှင့် ဈေးပွဲတော်ကျင်းပလိုသူများသည် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၈၅၉၈၀၉၃၊ဖုန်း-၀၉-၄၂၂၅၄၇၄၄၈ နှင့် ဖုန်း ၀၉-၄၉၇၉၅၂၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၆၅)**

မြစ်ရေကျဆင်းမှုနောက်ကျ၍ သဲသယ်ယူရောင်းချမှုခက်ခဲ

ဗန်းမော် နိုဝင်ဘာ ၇

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် သဲသယ်ယူရောင်းချမှုလုပ်ငန်းခက်ခဲကြောင်း သိရသည်။ ယမန်နှစ်က နိုဝင်ဘာလတွင် ဧရာဝတီမြစ်ရေကျဆင်းပြီး သဲသောင်ပြင်ပေါ်လာ၍ သဲသယ်ယူမှုလွယ်ကူသည်။ မြေနုရပ်ကွက်အနီးသဲသောင်ပြင်အတွင်းသို့ ကားဖြင့်သွား၍ သဲများကိုသယ်ယူကြပြီး မြို့တွင်းသဲလှောင်နေရာများသို့စုပုံ၍ ပြန်လည်ရောင်းချကြသည်။

ယခုနှစ်နိုဝင်ဘာလရောက်သည်အထိ ဧရာဝတီမြစ်ရေကျဆင်းမှုနောက်ကျခြင်း၊ ခွန်သာ၊ တပ်ကလေးဆိပ်ကမ်းတွင်မြစ်ရေများရှိနေခြင်းတို့ကြောင့် သဲသောင်ပြင်မရှိသဖြင့် ညောင်ပင်ရပ်ကွက်၊ မင်းကျောင်းကုန်းရပ်ကွက်၊ ဧရာဝတီမြစ်အတွင်းရှိ သဲသောင်ပြင်မှ သဲများကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ဆာလာအိတ်ဖြင့်ထည့်လျက် စက်လှေဖြင့် ရွှေဗန်းမော်ဆိပ်ကမ်းသို့သယ်ယူပြီး ပုဇင်းကောင်းထော်လာဂျီကားဖြင့် သယ်ယူကာ ပြန်လည်ရောင်းချကြသည်။ ထော်လာဂျီတစ်စီးလျှင် ငွေကျပ်တစ်သောင်းရောင်းချကြောင်း သဲရောင်းသူတစ်ဦးက ပြောပြသည်။ **ဆိမ်းခုံ-နန်းရီ**

တာချီလိတ်၌ ဓမ္မစကူးလ် ကျောင်းတော်ဖွင့်

တာချီလိတ် နိုဝင်ဘာ ၇

အနာဂတ်၏ ရင်သွေးငယ်များ လိမ္မာယဉ်ကျေးမှုရှိစေရန် ဓမ္မစကူးလ်ကျောင်းတော်များအား အပတ်စဉ်တနင်္ဂနွေနေ့တိုင်း သံဃာတော်များက ဦးဆောင်လျက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မစကူးလ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဂေါပကအဖွဲ့ဝင်များ၊ ကြီးကြပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်ဓမ္မစကူးလ်ဖောင်ဒေးရှင်း အတွင်းရေးမှူး သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် ဦးဓမ္မဇ (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မစကူးလ်ကျောင်းတော်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်းပြီး ဩဝါဒကထာမြွက်ကြားတော်မူပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာကျောင်းတိုက် ပဓာန နာယကဆရာတော်၊ ခရိုင်ရဲတပ်ဖွဲ့ မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်းနှင့် မြို့မိမြို့ဖ ဦးမောင်လေးတို့က ဓမ္မစကူးလ်ကျောင်းတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မောင်ယဉ်ကျေး

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ လေ့ကျင့်ရေးဂေါက်ကွင်း ငှားရမ်းရန်

အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းပိုင်ဆိုင်သည့် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ မြေဧရိယာ ၁၇ဒသမ ၅၀ဧကအတွင်း၌ အလျား ၂၅၀မီတာ၊ အနံ ၁၅၀မီတာ အကျယ်အဝန်းရှိသော လေ့ကျင့်ရေးဂေါက်ကွင်းအား ငှားရမ်းသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာများ စတင်ထုတ်ယူနိုင်မည့်ရက်** - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)

(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၆၇-၄၀၅၃၄၉၊ ၀၆၇-၄၀၅၄၁၄၊ ၀၆၇-၄၀၅၄၅၁

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို(အထပ်သား) (၃'×၁'-၁၀"×၆')	၁၃ လုံး
၂။	ဖိုင်တင်စင် (၃'×၁'×၃')	၁၄ လုံး
၃။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	၁၀၀ လုံး
၄။	Notice Board (6' × 4')	၁ ခု
၅။	Computer Table	၁၅ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁၁-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်လက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၈၂-၂၀၀၇၆၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ၃၂ ခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ဆိုင်သော ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၁-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် စတင်ရောင်းချမည်ဖြစ်ပြီး ၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)တွင် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဗိသုကာပုံစံနှင့် ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း လိုအပ်သောအိတ်ဖွင့်တင်ဒါပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ရုံးအမှတ်-၄)၊ ဆောက်လုပ်ရေးဌာနစိတ်တွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၆၇၁၅ Toyota Townace P/U (4 × 2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၉/မဟမ(နိုင်)၀၀၄၁၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဂန့်ဂေါမြို့နယ်ရှိ မိရိုးဖလာရက်ကန်းလုပ်ငန်း တိမ်ကောပပျောက်မည်ကိုစိုးရိမ်နေရ

ဂန့်ဂေါ နိုဝင်ဘာ ၇

၁၉၂၀ ခုနှစ်မှစတင်၍ နိုင်ငံကျော် ယောလုံချည်ထုတ်လုပ်ရာ နေရာဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ယနေ့တိုင်ရိုးရာရက်ကန်းလုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်နေသူ အချို့ရှိသေးသော်လည်း ရက်ကန်းပညာကိုလက်ဆင့်ကမ်းသင်ယူသူနည်းပါးလာသည့်အခြေအနေရှိသဖြင့် နောင်ကာလများ၌ ဤဒေသအတွင်း ရက်ကန်းလုပ်ငန်းတိမ်ကောပပျောက်သွားမည်ကိုစိုးရိမ်ရကြောင်း ဂန့်ဂေါမြို့တောင်ကုန်းရပ်ကွက်မှ ရက်ကန်းလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"တစ်နေကုန်ရက်လုပ်ပါမှ လုံချည်တစ်ကွင်းပြီးတယ်။ လုံချည်တစ်ကွင်းရက်လုပ်လို့ ပြီးပါမှ ငွေကျပ် ၁၅၀၀ လောက်လုပ်အားခရတယ်။ ဒီတော့ရက်ကန်းရက်ဖို့ စိတ်မပါကြတော့ဘူး။ ဒီထက်ဝင်ငွေပိုရတဲ့ ပေါ်ပင် လုပ်ငန်းတွေကိုပဲ လုပ်ဖို့ စိတ်အားထက်သန်နေကြတော့တာပဲ။ ရက်ကန်းပညာကို လက်ဆင့်ကမ်းသင်ယူတဲ့ လူနည်းပါးလာတယ်" ဟု ၎င်းက ပြောပြသည်။

ဂန့်ဂေါမြို့နယ်မှ မိရိုးဖလာရက်ကန်းလုပ်ငန်း လုပ်ကိုင်နေသူအများစုသည် တစ်ဦးချင်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေကြခြင်းဖြစ်သဖြင့် မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းများကို ဈေးကွက်သို့ တိုက်ရိုက်ပေးပို့ရန် အခက်အခဲရှိပြီး အထည်ကုန်သည်များနှင့် ချိတ်ဆက်ကာ ကုန်ချောပေး ကုန်ကြမ်းယူစနစ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေကြရခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းနှင့် ကုန်ချောကို ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နိုင်ပါက အမြတ်အစွန်းပိုမိုရရှိမည်ဖြစ်ကြောင်း၊ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ အများစုသည် ငွေကြေးအရင်းအနှီးလည်းပြည့်စုံမှုမရှိကြကြောင်း ၎င်းကပြောသည်။

ယခုအခါ ဂန့်ဂေါမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်အချို့ အနောက် ဂန့်ဂေါကျေးရွာ၊ ရှုံးရှိကျေးရွာနှင့် ပျားကျေးရွာများတွင်အဆင်အမျိုးမျိုး၊ အကွက်အမျိုးမျိုးနှင့် အမျိုးသမီး၊ အမျိုးသားလုံချည်များကို

ရက်ကန်းလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

မိသားစုတစ်ပိုင်တစ်နိုင် ရက်ကန်းစင်များဖြင့် ထုတ်လုပ်လျက်ရှိနေပြီး ရက်ကန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် ငွေကြေးအရင်းအနှီးရရှိစေရန်နှင့် ကုန်ကြမ်းရရှိရေး၊ ကုန်ချောများကိုဈေးကွက်သို့ တိုက်ရိုက် ပို့ဆောင်နိုင်ရေးတို့အတွက် တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်ကြသည်ထက် သမဝါယမအသင်းများ ဖွဲ့စည်းကာ စုပေါင်းစနစ်ဖြင့် ဆောင်ရွက်ပါက ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အသင်းဖွံ့ဖြိုးပြီး တစ်ဦးချင်းဝင်ငွေတိုးလာသည်နှင့်အမျှ ရက်ကန်းလုပ်ငန်းများလည်း ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ပြီး အရှည်တည်တံ့နိုင်စရာအကြောင်းရှိကြောင်း၊ ယခုအခါ အဆိုပါကျေးရွာများအတွင်း ရက်ကန်းကုန်ထုတ် အစုအဖွဲ့များ၊ အိုးလုပ်ငန်းကုန်ထုတ်အစုအဖွဲ့များ၊ ပဲလှော်လုပ်ငန်း ကုန်ထုတ်အစုအဖွဲ့များ ဖွဲ့စည်းထားရှိကာ ဆန္ဒရှိပါက သမဝါယမအသင်းများ ဖွဲ့စည်းထားရန်ရှိကြောင်း ဂန့်ဂေါမြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

အများဆုံးရက်လုပ်

ရှေးအခါက ဤဒေသမှ ရက်လုပ်သောလုံချည်မှာ ချည်လုံချည်ထက် ပိုးလုံချည်ကပို၍ ခေတ်စားခဲ့ပြီး ယခုအခါ ချည်လုံချည်များကိုသာ အများဆုံးရက်လုပ်ကြကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

တပ်ကုန်း၌ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး ကာကွယ်ဆေးထိုး

တပ်ကုန်း နိုဝင်ဘာ ၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်၌ ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်ချိုချိုဦးသည် ပုံမှန်ကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဗိုလ်မင်းရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးနေကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပုံမှန်ကာကွယ်ဆေးတိုက်

ဗိုလ်မင်းရောင်ရပ်ကွက်အတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်း၊ မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးများအား လအလိုက်ဖြင့် ဘီစီဂျီ ကာကွယ်ဆေး၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါရောဂါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် ဝက်သက်ရောဂါတို့ကို ကာကွယ်ဆေးတိုက်ခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျန်းမာရေး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ အလားတူ ကျန်ရပ်ကွက်များနှင့် ကျေးရွာများတွင်လည်း သက်ဆိုင်ရာ ကျန်းမာရေးဆရာမများက ပုံမှန်ကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **(၄၁၇)**

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အထောက်အကူပြု အခမဲ့စေတနာညကျောင်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး အထောက်အကူပြုအခမဲ့စေတနာညကျောင်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီက အထက(၂)ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပသည်။

ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က စေတနာညကျောင်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက စေတနာညကျောင်းအတွက် ငွေကျပ် ၁၄ သိန်းတစ်သောင်းနှင့် ဗလာစာအုပ် ၁၂၅ ဒါဇင်ကိုပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က လက်ခံယူသည်။

သင်ကြား

မြို့နယ်အတွင်းနှင့်အခြားမြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၆၅ ဦး တက်ရောက်ရန် စာရင်းပေးသွင်းထားပြီး နိုဝင်ဘာ ၄ ရက်မှစတင်ကာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ တနင်္ဂနွေနေ့မှအပ နေ့စဉ် ညနေ ၅ နာရီမှ ည ၈ နာရီအထိ စေတနာဆရာ ဆရာမ ၁၀ ဦးတို့က အတန်းနှစ်တန်းခွဲ၍ ဘာသာစုံပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ပျံကျဈေးသည်များနှင့် အနေးယာဉ်မောင်းများအား ထောက်ပံ့ချေးငွေပေးအပ်

ပေါက် နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပျံကျဈေးသည်များနှင့် အနေးယာဉ်မောင်းတို့အား ထောက်ပံ့ချေးငွေများ ပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်စည်ပင်ခန်းမ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပရာ အနေးယာဉ်မောင်းတစ်ဦးနှင့် ပျံကျဈေးသည် ၁၃၁ ဦးတို့အား ချေးငွေစုစုပေါင်းငွေကျပ် ၅၁၃၀၀၀ ကို အတိုးနှုန်းနှစ်ရာခိုင်နှုန်းဖြင့် တတိယအကြိမ်မြောက် ထောက်ပံ့ချေးပေးခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြတ်သီရိလူမှုကူညီရေးအသင်းသို့ ကားနှစ်စီးလှူဒါန်း

ခင်ဦး နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်သီရိရပ်ကွက်ကျောင်းသစ်ကျောင်းတိုက် မြတ်သီရိလူမှုရေးအသင်းနာယကဆရာတော် ဦးဝေပုလ္လစာရထံသို့ ကားနှစ်စီးလှူဒါန်းခြင်းကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင် ဦးပြားက ကာဒီနာအမျိုးအစား ကားတစ်စီးနှင့် ဦးဌေး-ဒေါ်မြအေး၊ ဦးဖိုးကျောက်-ဒေါ်ဝင်း၊ ဦးနိုင်ဦး-ဒေါ်အိဇင်၊ ဦးနိုင်ထွေး- ဒေါ်ဥမ္မာ မိသားစုတို့က ဂရင်းဒစ်ကားအမျိုးအစားကို မြတ်သီရိလူမှုကူညီရေးအသင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်ဦး-စိုးဝေ**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုက္ကရိုဝေ့ဗ် ရေဒီယိုစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။
- GbE IP Microwave Radio Equipment - 42 Hops

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ဝိ/-နှုန်းဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၂-၁၁-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန
၁၂၅ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၇၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျန်းမာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့
ဆေးနှင့်ဆေးပစ္စည်းများ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ-
(က) ခုတင်(၁၀၀)ဆေးရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ
(ခ) ခုတင်(၅၀) ဆေးရုံ(၂)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ
(ဂ) ခုတင်(၂၅) ဆေးရုံ(၈)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်ဒါတင်သွင်းပုံစံများ**
စတင်ရောင်းမည့်ရက် - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချပေးပါမည်။
အိတ်ဖွင့်တင်ဒါပိတ်ရက် - ၂၉-၁၁-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျန်းမာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၄-၂၁၀၇၀၊ ၀၈၄-၂၄၀၁၆တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)အတွက် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ် (၁၃၂'×၄၅'×၁၂') ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁၂-၂၀၁၃ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၁၅၅၁နှင့် ၀၉-၃၆၁၆၉၁၆၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၆၁၃၄ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၉/ပဘန(နိုင်)၀၉၆၀၂၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၆၈၇၃ Star Myanmar 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဦး ၈/ဂဂန(နိုင်)၀၀၃၅၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးသို့ လာရောက်၍လည်းကောင်း၊ ဖုန်း-၀၈၁-၃၀၀၁၀၊ ၀၈၁-၃၀၀၁၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၁၁-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဆေးရုံအုပ်ကြီး
အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့၊ ဖုန်း-၀၈၁-၃၀၀၁၂

မှုခင်းသတင်းနှင့်ကြော်ငြာ

ရထားလမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးရထားတိုက်မိသေဆုံး

ရန်ကုန် နိုဝင်ဘာ ၇

နိုဝင်ဘာ ၅ ရက် ညပိုင်းက ကမာရွတ်မြို့နယ်အတွင်းရှိ နာနတ်တော ခုံးကျော်တံတားအောက်၌ ရထားလမ်းဖြတ်ကူးသူ အမျိုးသား တစ်ဦးမှာ ရထားတိုက်မိသေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီ ၅၅မိနစ်က ကမာရွတ်မြို့နယ် (၇) ရပ်ကွက် နာနတ်တောခုံးကျော်တံတားအောက်၌ လှည်းတန်းဘူတာဘက်မှ ဟံသာဝတီဘူတာဘက်သို့ စက်ခေါင်းမောင်း ဦးတင်မောင်ရွှေ မောင်းနှင်လာသည့် စက်ခေါင်းအမှတ်DD-9346 အထူးမြို့ပတ်ရထားသည် မိုင်တိုင်အမှတ် (၄/၁၃) အရောက်၌ ရထားသံလမ်းကို ဖြတ်ကူးသူ မျိုးအောင်(ခ)အငဲကြီး (၇)ရပ်ကွက် ကမာရွတ်မြို့နယ် နေသူအားတိုက်မိသဖြင့် ဒဏ်ရာများနှင့် သေဆုံးသွားသဖြင့် ကမာရွတ်မြို့နယ်ရဲစခန်းမှ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၇

နိုဝင်ဘာ ၄ ရက် ည ၁၀ နာရီ ၂၉ မိနစ်က သာယာဝတီခရိုင် သစ်တောဦးစီးဌာန တောအုပ်ဦးညွန့်ဝင်းက တရားမဝင်သစ် တင်ဆောင်လာသည့် မသက်ာဖွယ် ယာဉ်အမှတ် ၂၈/. . . မာဇဒါနက်ပြာရောင်ယာဉ်ကို နိုဝင်ဘာ ၄ ရက် ည ၁၀ နာရီခွဲခန့်က စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရန်ကုန်-ပြည်လမ်းအတိုင်း တိုက်ကြီးဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသတင်းအရ တိုက်ကြီးမြို့ ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် တောအုပ်များ ဦးဆောင်သော အဖွဲ့လေးဖွဲ့မှ ရန်ကုန်-ပြည်လမ်းတိုက်ကြီး ဖောင်ကြီးလမ်းဆုံ၊ တိုက်ကြီးတိုးဂိတ်တွင် စောင့်ဆိုင်းပိတ်ဆို့လျက်ရှိပြီး မှော်ဘီ၊ လှည်းကူးရှိ ဖမ်းဆီးရေးအဖွဲ့များကိုလည်း သတင်းပေးပို့ခဲ့သည်။ အဆိုပါယာဉ်သည် တိုက်ကြီး-

ဖောင်ကြီးလမ်းအတိုင်း ထွက်ပြေးသွားခဲ့သဖြင့် တိုက်ကြီးမြို့နယ် ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် မှော်ဘီမြို့ သစ်တောဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းပြီး ပိတ်ဆို့ဖမ်းဆီးရာ အဆိုပါယာဉ်မှ ကျွန်းခွဲသား (တံခါးပေါင်၊ တံခါးဆန်)များအား လူနှစ်ဦးက လမ်းဘေးခြုံအတွင်း ပစ်ချနေသည်ကိုတွေ့ရှိရပြီး သစ်တောဝန်ထမ်းများ ရောက်ရှိလာသောအခါ ကျွန်းစိုက်ခင်းအတွင်းသို့ ဝင်ရောက်ထွက်ပြေးသွားပြီး လိုက်လံဖမ်းဆီးသော်လည်း မမိခဲ့ပေ။

စစ်ဆေး

အဆိုပါယာဉ်ကို တိုက်ကြီးမြို့၊ ဦးစီးအရာရှိရုံးသို့ မောင်းနှင်ခဲ့ပြီး သက်သေများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းခွဲသား ၃၂၉ချောင်း၊ ၀ ဒသမ ၀၄၁၂၀ တန်ကို ဖမ်းဆီးရမိသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ) **ထွန်းလှိုင်(မြိုင်)**

မိုးမောက်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် ၁၉၁ သိန်းကျော်ဖိုး ဖမ်းဆီးရမိ

မိုးမောက် နိုဝင်ဘာ ၇

ကချင်ပြည်နယ် မူးယစ်တပ်ဖွဲ့စု (၁) မိုးမောက်မြို့ လှုပ်ရှားအဖွဲ့မှ ရဲအုပ် အောင်စိုးဆွေ ဦးစီးတပ်ဖွဲ့ဝင်များ၊ မိုးမောက်ရဲစခန်းမှ ဒုရဲအုပ် ဇော်ထက်အောင် ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာနှင့် တကော်ကျေးရွာ လမ်းခွဲ ကားလမ်းတွင် စောင့်ဆိုင်းနေစဉ် လွယ်ဂျယ်မှ မိုးမောက်သို့ ဇော်လင်းအောင် မောင်းနှင်ပြီး မဆိုင်းငွေ နောက်မှလိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ် ဝဲဘက်ဒူးကာအတွင်း အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် 88/1 စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၁ ထုပ်၊ ဆိုင်ကယ် ယာဘက်ဒူးကာအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88/1စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၄ ထုပ်၊ ဆိုင်ကယ်ဖရိန်အောက် ကိုယ်ထည်အတွင်းမှ အပြာရောင် ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88/1 စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀စီပါ ၂၂ ထုပ်နှင့် ၁၆၁ပြားပါ တစ်ထုပ် စုစုပေါင်း ၄၈ ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၆၀ အလေးချိန် ၉၅၆ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၉၁၂၀၀၀၀တို့ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် မိုးမောက်မြို့မရဲစခန်းက ဇော်လင်းအောင် (၂၄နှစ်) နန့်ပဒဲကျေးရွာ လွဲမိုအုပ်စု မိုးညှင်းမြို့နယ်နှင့် တစ်ရွာတည်းနေ မဆိုင်းငွေ (၄၄နှစ်) တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

မဆင်မခြင်ယာဉ်မောင်းမှုကြောင့် ဆိုင်ကယ်နောက်ပါသူ ပြုတ်ကျသေဆုံး

မအူပင် နိုဝင်ဘာ ၇

မအူပင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၁ ရက် ည ၉ နာရီခွဲခန့်က ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ ညောင်တုန်းမြို့နယ် ချောင်းကြီးနယ်မြေရဲစခန်းမှ ရဲအုပ်ဌေးအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေး ကြည့်ရှုရာ ရွှေလောင်းမြို့မှ မအူပင်မြို့နယ်ဘက်သို့ လင်းလင်းထွန်း (၃၀နှစ်) စာရေးကုန်း(၁)ရပ်ကွက် မအူပင် မောင်းနှင်ပြီး နောက်မှ ဒေါ်မော်မော် (၅၃ နှစ်) အမှတ် (၁)ရပ်ကွက် မြတ်မင်္ဂလာ(၃)လမ်း မအူပင်မြို့နေသူ လိုက်ပါလာသော ၂၄ယ/. . . လော်ဂျား ၁၁၀ အနက်သည် ရန်ကုန်-မအူပင်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် -၃၃/၃ ချောင်းကြီးကျေးရွာ အနီးအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကျောက်စရစ်ပုံကို ဝင်တိုက်မိရာမှ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော ဒေါ်မော်မော်မှာ ပြုတ်ကျ၍ ဒဏ်ရာရရှိသဖြင့် ချောင်းကြီးတိုက်နယ် ဆေးရုံမှ မအူပင်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ရာမှ သေဆုံးသွားခြင်းဖြစ်သည်။ ယင်းအမှုနှင့်ပတ်သက်၍ ချောင်းကြီးနယ်မြေရဲစခန်းက လင်းလင်းထွန်းအား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။ **ပုသိမ်(လှကြည်)**

ကျိုင်းတုံမြို့နယ်၌ တရားမဝင်နွားများ သယ်ဆောင်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိ

ကျိုင်းတုံ နိုဝင်ဘာ ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ပါခမ်ကျေးရွာနှင့်အထူးဒေသ (၄) မိုင်းဝကျေးရွာ ဆက်ကြားနေရာတွင် တရားမဝင်ကျွဲနွားများ သယ်ဆောင်နေကြောင်း သတင်းအရ ကျိုင်းတုံခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနခွဲ ကျိုင်းတုံမြို့မှ ရဲအုပ်သန်းထွန်းနှင့်အဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်နေလင်းအောင်နှင့်အဖွဲ့ဝင်များသည် ကတ်ဖကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျိုင်းလတ်ကျေးရွာနယ်မြေမှူးနှင့်အတူ သွားရောက် စောင့်ဆိုင်းဖမ်းဆီးခဲ့ကြရာ နိုဝင်ဘာ၄ရက် မွန်းလွဲ ၁နာရီခန့်တွင် ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် ဝပ်အင်းရပ်နေ ဦးစိုင်းရဲန်ရွက် (၃၃ နှစ်)နှင့် ကျိုင်းတုံမြို့ အမှတ် (၃) ရပ်ကွက် မြို့သစ်ရပ်နေ ဦးစိုင်းဆမ် (၃၈ နှစ်)တို့ နှစ်ဦးအား တရားမဝင်သယ်ဆောင်လာသည့် နွားထီး ၁၁ ကောင်၊ နွားမခြောက်ကောင် စုစုပေါင်း နွား ၁၇ ကောင် စုစုပေါင်း ကာလတန်ဖိုး ခန့်မှန်းငွေကျပ် ၂၅၅၀၀၀၀ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(ဝဲပုံ)**

တရားမဝင်နွားများ သယ်ဆောင်လာသူ စိုင်းရဲန်ရွက်နှင့်စိုင်းဆမ်တို့အား ကျိုင်းတုံမြို့ မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

နိုင်နိုင်အောင်ဝေ

သာစည်နှင့် ရွှေစည်အကြား၌ မူးယစ်ဆေးသုံးသူမိ

ဗန်းမော် နိုဝင်ဘာ ၇

နိုဝင်ဘာ ၅ ရက် နံနက် ၁၀နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ် အောင်ဆန်းမိုးနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဗန်းမော်မြို့နယ် သာစည်နှင့် ရွှေစည်ကျေးရွာအကြား ကားလမ်းတွင်တွေ့ရသူ ရီထွမ်းကို စစ်ဆေးရာ ၄င်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီရှည်နှင့် အတွင်းခံဘောင်းဘီရှေ့အကြားတွင် သိုဝှက်ထားသည့် စီးကရက်ဘူးခွံအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၂ ဂရမ်ပါ ချိတ်စံဖန်ပုလင်း တစ်ပုလင်းကို စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စီင်မ်းကျေးရွာ ရွှေကူမြို့နယ်နေသူ ရီထွမ်း (၃၁ နှစ်) အား ရဲအုပ်အောင်ဆန်းမိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဗန်းမော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **မင်းတံတားသား**

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ ကေဗွီ သပြေဝ (မိတ္ထီလာ)-နေပြည်တော်-တောင်ငူ နှစ်ထပ်ဓာတ်အားလိုင်း Foundation လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

ဆောင်ရွက်လိုသည့်ကုမ္ပဏီများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အနည်းဆုံး စီမံကိန်း(၃)ခု၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့်အတွေ့အကြုံရှိရပါမည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တောင်ကုတ်-သံတွဲ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ကျောက်ဖြူ GT- မဒဲကျွန်း (LNG Project) ၆၆ ကေဗွီဓာတ်အားလိုင်း (၂၈)မိုင်တို့အတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
(က) ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ခ) ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ရုပ်မြင်သံကြားစက်များတပ်ဆင်၍ ကြော်ငြာခြင်းနှင့် ဖျော်ဖြေရေး အသိပညာပေးရေးလုပ်ငန်း
(ဂ) ရန်ကုန်မြို့ပတ်၊ ရိုးရိုးတွဲဆိုင်း(၁၄)ဆိုင်း၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ဃ) မြန်မာ့မီးရထားပိုင်မြေများ၊ မြစ်ကူးတံတားများ၊ လူကူးခုံးကျော်တံတားများတွင် ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

၂။ ဖော်ပြပါတင်ဒါအတွက် တင်ဒါစည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင်ကျပ် ၁၀၀၀၀ဖြင့် ၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်ဘူတာကြီး၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးဘူတာကြီးနှင့် စီးပွားရေးဌာန၊ နေပြည်တော်ဘူတာကြီးများ၌ ဝယ်ယူနိုင်ပါသည်။

၃။ သက်ဆိုင်ရာလုပ်ငန်းအလိုက် တင်ဒါအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်(ခ)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)ရုံးသို့ ၂၂-၁၁-၂၀၁၃ရက် ၁၂း၀၀နာရီ နောက်ဆုံးထားပေးပို့သွားရမည်။ သတ်မှတ်ကာလထက် နောက်ကျပေးသွင်းပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးမြို့ ဖုန်း-၀၂-၆၆၇၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင်အမည်မှန်
အထက(၃) ကမာရွတ် နဝမတန်း(B)မှ ဘာဘီနားနှင့် ပဉ္စမတန်း(B)မှ အန်ထော်နီတို့၏ဖခင် ဦးမိုးဆယ်၏အမည်မှန်မှာ ဦးနန်းခန့်ကိမ်း ၄/ပလဝ(နိုင်) ၀၀၀၂၂၀ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်သူ၏ ပတ်စ်ပို့နံပါတ် M-၁၅၉၂၅၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၃၄၅၆၇၁

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဝင်းလွင်စိုး၏ Passport C.D.C, S.I.D ကတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၃၁၃၇၂၃၄၁

ဓနုဖြူမြို့နယ်လုံးကျွတ် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

ဓနုဖြူ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၃၁ရက် နံနက် ၁၀ နာရီက မြို့နယ်လုံးကျွတ် လယ်ယာမြေ မှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးလှခိုင်က အဖွင့်အမှာစကားပြောကြားခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်က လယ်ယာမြေကိစ္စများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးပြီးစီးမှု အခြေအနေနှင့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌဦးအေးသောင်းနှင့်အတွင်းရေးမှူး ဦးကျော်မြင့်တို့က လယ်ယာမြေ အငြင်းပွားမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းညွှန်ကြားချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီးတာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများကိုယ်စားကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများမှလက်ခံရယူကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လယ်ယာမြေလက်မှတ်ထုတ်ပေးခြင်းကို ဓနုဖြူမြို့နယ်အနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ပေးခဲ့သည့် ဦးပိုင်လုပ်ကွက်ပေါင်း ၃၇၂၀၄ ခုကို မှတ်ပုံတင်လက်မှတ်ပုံစံ (၇)များအား မြို့နယ်လုံးကျွတ် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးပညာပေး

ကျိုင်းတုံ နိုဝင်ဘာ ၇

ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် နောင်ခမ်း ဘုန်းကြီးကျောင်းတွင် မွန်းလွဲ ၂ နာရီက အသိပညာပေးဟောပြောပွဲပြုလုပ်သည်။

ရှေးဦးစွာ အမှတ် ၆၄၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်စောသန်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်ရပ်နားရာတွင် လိုက်နာရမည့်အချက် (၃)ချက်နှင့် ယာဉ်ကြီး/ငယ်သတ်မှတ်ထားသည့် စည်းကမ်းကို လိုက်နာဆောင်ရွက်မှု မရှိလျှင် အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။ ၎င်းနောက် မူးယစ်တပ်ဖွဲ့စု(၂၈)မှ ရဲအုပ် ပေါလင်းငယ်ငယ်က မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်တတ်သော လူမှုရေး၊ စီးပွားရေးပြဿနာများ၊ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု၊ ထုတ်လုပ်ရောင်းချမှု၊ ဝယ်ယူသုံးစွဲမှုတို့ကို အရေးယူဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်သက်ဇော်ထွန်းက လူကုန်ကူးမှုသည် လူကြီးလူငယ်မရွေးပြုလုပ်ခံရသောအကြောင်းနှင့် ဖြစ်ပေါ်တတ်သောနောက်ဆက်တွဲဆိုးကျိုးများ၊ လူကုန်ကူးမခံရမီ ဆက်သွယ်တိုင်ကြားနိုင်သည့်အချက်အလက်များ၊ လူကုန်ကူးသူအား အရေးယူဆောင်ရွက်ပုံတို့ကိုရှင်းလင်းပြောကြားကြောင်းသိရှိရပြီး ထိုဟောပြောပွဲသို့ပြည်သူလူထု ၅၀ခန့် တက်ရောက်သည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တွင် လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်များအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်နှင့် Super Market များမှ ဝန်ထမ်းများအား လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၃)ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌လည်းကောင်း၊ မြို့မ ရဲစခန်း၌လည်းကောင်း ပို့ချပေးလျက်ရှိပြီး သင်တန်းသို့ သက်ဆိုင်ရာ နယ်မြေအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်နှင့် Super Market များမှ ဝန်ထမ်းကျား/မ စုစုပေါင်း ၇၀ တက်ရောက်သင်ကြားလျက်ရှိကာ သင်တန်းကာလမှာ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(SP)**

ထိုင်းနိုင်ငံ ဆိုင်ကယ်စီးခရီးသွားအဖွဲ့ လာရောက်လေ့လာ

မော်လမြိုင် နိုဝင်ဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ကမ်းနားလမ်းရှိ ငွေမိုဟိုတယ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်းဌာန ရန်ကုန်ရုံးခွဲမှ တာဝန်ခံဆက်ဆံရေးအရာရှိ ဦးအေးမောင်လှိုင်နှင့် ဧည့်လမ်းညွှန် ဦးစိုင်လုံ ပါ ၄ဦးဆောင်၍ Mr.Ass-akul ပါ ၂၃ ဦးတို့သည် မော်တော်ယာဉ် ၂ စီး၊ ဆိုင်ကယ် ၁၆ စီးဖြင့် ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုးစေတီတော်မှ မော်လမြိုင်မြို့သို့ အောက်တိုဘာ ၂၆ ရက် ညနေ ၃နာရီက ရောက်ရှိကာ ဟိုတယ်တွင် တည်းခိုလျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၂၇ရက် နံနက် ၇ နာရီ က မုဒုံမြို့နယ်ရှိ ဝင်းစိန်ဆရာတော်ကြီး တည်ဆောက်နေသော ကမ္ဘာ့အကြီးဆုံး အတောင်(၄၀၀) ပြည့် လျောင်းတော်မူဘုရားကြီးအားဖူးမြော်ကြည်ညိုခဲ့ပြီး ပေါင်မြို့နယ် မုတ္တမကျေးရွာရှိ ခေါင်းဆေးကျွန်းဘုရားအား လည်းကောင်း မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ ဘုရားများအား ဖူးမြော်ကြည်ညိုကာ ကရင်ပြည်နယ်ဘက်သို့ ထွက်ခွာသွားပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(လ/၀၁၂)

ဖျာပုံမြို့ ကန်တော်ကြီး မိုးရေလှောင်ကန်တွင် ပြည့်ဝစွာ မိုးရေများ လှောင်နိုင်သဖြင့် ပြည်သူတွေ သောက်သုံးရေအတွက် စိတ်အေးရပြီ

ဖျာပုံ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ရေချိုရှားပါးပြီး ရေငန်ဝင်ရောက်သည့် ပင်လယ်နှင့် အနီးဆုံး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်။ ခေတ်အဆက်ဆက် ရေချိုတူးဖော်နိုင်ခြင်းမရှိသည်မှာ ယခုအချိန်အထိဖြစ်သည်။ ဖျာပုံမြို့ ပြည်သူများ သောက်သုံးရေအတွက် တောင်ပိုင်း ကန်တော်ကြီး မြေသားမိုးရေလှောင်ကန်နှင့် မြောက်ပိုင်းချောင်းတွင်းကျေးရွာအနီးရှိ မြေသား မိုးရေလှောင်ကန် အပါအဝင် မြို့တွင်းရှိ မိုးရေလှောင်ကန်များကိုသာ အားထားသုံးစွဲနေကြရသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုပုံမှန်ထက် ပိုမိုရွာသွန်းသဖြင့် နိုဝင်ဘာ ၂ ရက်အထိ ကန်တော်ကြီးမိုးရေလှောင်ကန်တွင် မိုးရေများ ပြည့်ဝစွာသိုလှောင်ထားနိုင်ပြီဖြစ်သည်။ **(ယာပုံ)**

ကန်ပေါင်လျှံကျ

ဖျာပုံမြို့တွင် ပြည်သူများ ဝါလကင်းလွတ် သီတင်းကျွတ်ကာလမှာ နွေရာသီကုန်ဆုံးချိန်အထိ မြေသားမိုးရေလှောင်ကန်များမှ မိုးရေများကို သောက်သုံးရေအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေတွန်းစက်များဖြင့် ပို့လွှတ်ခြင်းကို ရယူသုံးစွဲခြင်းများအပြင် မိမိကိုယ်ပိုင် အစီအစဉ်ဖြင့် ရေလှည်းများဖြင့် သယ်ယူ သုံးဆောင်နေကြသည်။ ထို့အပြင် မိမိတို့ကိုယ်ပိုင် အစီအစဉ်ဖြင့် ဖျာပုံမြို့ (၇)ရပ်ကွက် စန္ဒာမင်းစိုးဘော်ဒါဆောင်ပိုင်ရှင် ဦးလှခိုင်က "ကျွန်တော်တို့ ဖျာပုံမြို့မှာ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက အဝီစိတွင်းတူးတာမရဘူးဗျ။ ဒါကို မယုံလို့ ယခုနှစ်မှာ မေလတုန်းက တွင်းတူးပညာရှင်ကိုခေါ်ပြီး အိမ်ရှေ့မှာအဝီစိတွင်းတူးတော့ပေ ၂၀၀နဲ့ မရလို့ ဆက်တူးတဲ့အခါ ပေ ၃၀၀လောက်မှာ ကျောက်စရစ်စကွဲကြမ်းကို တွေ့ပြီး ရေကြောမိတော့ ရေတော့ထွက်ပါရဲ့။ ဒါပေမယ့်ရေငန်ပဲထွက်တယ်။ သုံးလို့မရပါဘူး။ ထမင်းချက်ရင်လည်း ထမင်းတွေပြာကုန်တယ်။ ငန်လည်းငန်တယ်။ ဒါကြောင့် မြေသားမိုးရေလှောင်ကန်တွေ ယခုနှစ်မှာကန်ပေါင်လျှံကျအောင် လှောင်နိုင်လို့ နွေရာသီအတွက်သောက်သုံးရေ ပူစရာမလိုတော့ဘူး"ဟု ပြောသည်။

စိတ်အေးရပြီ

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိ၊ မြို့ဖများပူးပေါင်း၍ ရေတွန်းစက်များဖြင့် မြောက်ပိုင်းချောင်းတွင်း မိုးရေလှောင်ကန်မှ မြောက်ပိုင်း ရပ်ကွက်အသီးသီးသို့ ပို့လွှတ်၍ ပြည်သူများကို ရေတိုင်များ ရယူသုံးစွဲစေပြီး တောင်ပိုင်းကန်တော်ကြီးမြေသားမိုးရေလှောင်ကန်မှလည်း ရေတွန်းစက်များဖြင့် တောင်ပိုင်း ရပ်ကွက်အသီးသီးရှိ ပြည်သူများအား ရေတိုင်များအပြင် အများသုံးအုတ်ရေလှောင်ကန်များဖြင့် ရယူသုံးစွဲနေပြီဖြစ်ရာ ယခုနှစ်တွင် သောက်သုံးရေအတွက် ပြည်သူတွေစိတ်အေးရပြီဖြစ်ကြောင်း သိရသည်။ **(၀၇၁)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	HDPE Pipe & G.I Pipe	1 Lot	မြန်မာကျပ်ငွေ
(ခ)	Submersible Pump အပါအဝင် မြေအောက်ရေလုပ်ငန်းသုံးပစ္စည်းများ	1 Lot	॥
(ဂ)	Drag Bit, Rock Bit & DTH Hammer & Button Bit	1 Lot	॥
(ဃ)	RG Water Drilling Rig Spare Parts	1 Lot	॥
(င)	Flexible Pipe	40 Nos	॥
(စ)	4" PVC Pipe	200 Nos	॥
(ဆ)	Red Oxide	4000 gals	॥

ပိတ်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၃ ရက် ၁၅:၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ် ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

စဉ်	တင်ဒါအမှတ်	
(က)	(CE) (Kyat)	[illegible]
(ခ)	15(T)8/MR(E) (Euro)	Raw Material for Concrete Sleeper Production(4 Items) 3mm Ø x 3 Ply HT Steel Strand(957) M.Ton, Cast Iron Inserts (700000) Nos, Fibre Pad (500000) Nos, Nylon Liners (Inner & Outer) (1200000) Nos

ဖုန်း -01-291985, 294352, 291994

အမည်ပြောင်း

လှိုင်ကော်မြို့ အထက(၁) ဒုတိယတန်းမှ မောင်အေဘယ်အား မောင်အေးချမ်းကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အေးချမ်းကို

အမည်မှန်

လားရှိုးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ကြားနေသော မောင်ဇင်ကိုခန့်၏ ဖခင်အမည်မှန်မှာ ဦးအပ္ပဒူလာဟတ်ဖြစ်ပါသည်။

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အထက၊ နဝမတန်း(A)မှ ဦးဝင်းမိုး၏သား မောင်ကောင်းချစ်နိုင်အား မောင်ကောင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်ကျော်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယစက်ခန်းအုပ် လက်မှတ် (မော်တော်စက်)အမှတ် စမဒ-၅၂/၆၉သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးထွန်းကျင် ၆/ကသန(နိုင်)၀၁၂၆၈၈
အမှတ် ၁၇၊ ဗိုလ်မင်းရောင်လမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့၊
ဖုန်း-၀၉-၄၅၀၉၉၄၆၁၅၊ ၀၉-၇၃၂၁၅၁၄၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၁၆၁၉ Toyota Carina CT176 S/W (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဌေး MYGN-၀၀၇၆၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

အထက(၁)၊ လားရှိုးမြို့၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် နှိုးဆော်လွှာ

လားရှိုးမြို့၊ အထက(၁)ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့သော ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို (၁၁/၁၂-၁-၂၀၁၄)ရက်တွင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ပါသည်။

ရန်ကုန် မခင်နှောင်း ဖုန်း-၀၉-၇၃၀၁၂၁၂
ခွန်ညီမင်း ဖုန်း-၀၉-၅၁၅၉၅၅၈
ဦးဒေါင်ဇေ ဖုန်း-၀၉-၅၄၁၄၈၄၈
မန္တလေး ဦးအုန်းကြိုင် ဖုန်း-၀၉-၅၂၃၀၁၈၂
ဦးဒိပ်ကား ဖုန်း-၀၉-၆၈၂၆၁၆ (Souvering Myanmar)
ဦးဇော်လင်းဦး ဖုန်း-၀၉-၅၀၃၇၂၉၅
ဒေါ်သီတာစန်း ဖုန်း-၀၉-၂၀၁၉၉၈၅ (Lucky Home Decortion)

လားရှိုး ဦးထွန်းရွှေ ဖုန်း-၀၉-၄၉၂၄၆၁၆ (တရားလွှတ်တော်ရှေ့နေ)
ဦးအောင်ဇင် ဖုန်း-၀၉-၆၇၀၀၇၉၇ (တရားလွှတ်တော်ရှေ့နေ)
ဦးမောင်မြင့် ဖုန်း-၀၉-၄၇၃၂၄၀၁၂ စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်
ဦးမျိုးမင်းဇော်(ခ) ဖုန်း-၀၉-၅၂၆၀၉၀၉ ကိုဘိုဘို (မြန်မာရတနာရွှေစင်ဆောက်လုပ်ရေးကုမ္ပဏီ)
ဦးနိုင်အုန်း ဖုန်း-၀၈၂-၂၃၆၇၇ တော်ဝင်နန်းဆောက်လုပ်ရေးကုမ္ပဏီ
ဦးလှိုင်တိုး ဖုန်း-၀၉-၆၇၀၀၁၄၉ ဝင်းနိုင်စာပေ၊ လားရှိုးမြို့မဈေး

အထက(၁) လားရှိုးမြို့၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများ၊ အငြိမ်းစားများ အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မန္တလေးအသင်း (ရန်ကုန်)
မန္တလေးမြို့တွင်ကျင်းပပြုလုပ်မည့် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယခုနှစ်တွင် တစ်မူထူးခြားစွာဖြင့် ရန်ကုန်မှ မန္တလေးအသင်းသူအသင်းသားများ၊ မန္တလေးမှ အသင်းသူအသင်းသားများ၊ အလှူရှင်များ၏ စုပေါင်းဒါနဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသအား အမှူးထား၍ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ကြီး၌ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆ရက်နှင့် ၁၇ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ အသင်းဝင်များ၊ အလှူရှင်များ ကြွရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ အသင်းမှ မော်တော်ယာဉ်ဖြင့် အခမဲ့ပို့ဆောင်မည်ဖြစ်ရာ လိုက်ပါကြမည့်အသင်းဝင်နှင့် မိသားစုဝင်များ၊ အလှူရှင်များအသင်းရုံး (အမှတ်-၂၄၃/ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်)သို့ ကိုယ်တိုင်ဆက်သွယ် စာရင်းပေးကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	-	၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆၊ ၁၇ရက်
ထွက်ခွာမည့်ရက်	-	၁၅-၁၁-၂၀၁၃ရက် ည ၉ နာရီ
ရန်ကုန်ပြန်မည့်ရက်	-	၁၈-၁၁-၂၀၁၃ရက် ည ၉ နာရီ
နောက်ဆုံးစာရင်းပေးသွင်းရမည့်ရက်	-	၁၂-၁၁-၂၀၁၃ရက်

ဆက်သွယ်ရန်ဖုန်း-
(၁) အတွင်းရေးမှူး ဖုန်း-၀၉-၅၁၉၂၉၈၀
(၂) တွဲဖက်အတွင်းရေးမှူး(၁) ဖုန်း-၀၉-၅၁၂၂၂၁၅
(၃) တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၀၉-၇၃၃၃၁၃၈၈
(၄) အသင်းရုံး ဖုန်း-၃၈၄၀၁၄

အသင်းကားဖြင့်လိုက်ပါရန် စာရင်းပေးသွင်းထားသူများ ထွက်ခွာမည့်ရက် ၁၅-၁၁-၂၀၁၃ ရက် ည ၇နာရီအရောက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဂျူဝယ်(လ်)ဟိုတယ်သို့ မပျက်မကွက်လာရောက်စုရုံးကြပါရန်။ **အမှုဆောင်အဖွဲ့**

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၆

ဒေါ်လင်း ဇီးကုန်းရွာ၊ ကျည်တောင်ကန်အုပ်စု ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။	**နှင့်**	(၁)ဒေါ်ခင်စန်းရီ (၂)ဦးစန်းလွင် (၃)ဦးသက်နိုင် (၄)မအိဖြိုးဝေ (၅)ကိုဝေယံထွန်း (၆)မသဲအိမွှေး (၇)မသဲအိထွေး (အရွယ်မရောက်သေးသူ) (လရိပ်ညိုတည်းခိုခန်း)၊ အမှတ်(၁၀/၁၈)၊ ဘိုးဘွားရိပ်သာလမ်း၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။
တရားလို		**တရားပြိုင်များ**

ပစ္စည်းခွဲပေးစေလိုမှု

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ ဘိုးဘွားရိပ်သာလမ်း၊ အမှတ်(၁၀/၁၈)၊ (လရိပ်ညိုတည်းခိုခန်း)တွင် နေထိုင်သူ မအိဖြိုးဝေ၊ ကိုဝေယံထွန်း၊ မသဲအိမွှေး၊ မသဲအိထွေး (အရွယ်မရောက်သေးသူ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လင်းက ပစ္စည်းခွဲဝေပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးလှိုင်)
ဒုတိယခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083 (2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084 (2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085 (2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086 (2013-2014)	27/8" x 6.5 lb/ft J55 EUE Tubing	(5000) Mtr	US$
(၅)	IFB-087 (2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6) Items	US$
(၆)	IFB-088 (2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5) Items	US$
(၇)	IFB-089 (2013-2014)	Skid Mounted Single Pump Cementing Unit (With Engine Driven)	(1) Unit	US$
(၈)	IFB-090 (2013-2014)	Welding Machine (400AMP) Mobile Type Diesel Engine Driven	(3) Units	US$
(၉)	IFB-091 (2013-2014)	Portable Welding Machine & Accessories (200AMP DC)	(4) Units	US$
(၁၀)	IFB-092 (2013-2014)	BOP Control Accumulator Unit	(1) Set	US$
(၁၁)	IFB-093 (2013-2014)	6x8 R Mixing Pump	(3) Sets	US$
(၁၂)	IFB-094 (2013-2014)	Stirred Fluid Loss Cell (Model-7120)	(1) Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light (Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil (PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5KW Diesel Engine Driven Generating Set(3) Sets & 5HP 3Phase Induction Motor (1) No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

၂၁-၁၀-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သမိုင်း၊ မြေကွက်အမှတ် ၂၂နှင့်စပ်လျဉ်း၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား အလေးအနက်ကန့်ကွက်ခြင်းအား ပြန်လည်၍ကန့်ကွက်ကြေညာခြင်း

ရဲမှူးချုပ်ဇဟိန်း(ငြိမ်း)၊ ရဲမှူးချုပ်စိုးမြင့်ထွန်း(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)၊ ရဲမှူးကြီးမြင့်ကျော်(ငြိမ်း)၊ ရဲမှူးကြီးမောင်မောင်စိုး(ငြိမ်း)၊ ဒုတိယရဲမှူးကြီးသိန်းငွေ(ငြိမ်း)၊ ရဲမှူးဝင်းမြင့်(ငြိမ်း)၊ ရဲမှူးအောင်ကျော်(ငြိမ်း) တို့၏ ကန့်ကွက်ချက်နှင့်ပတ်သက်၍ ဒေါ်မို့မို့ရှိန် ပြန်လည်ကန့်ကွက်ဖြေရှင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့ရှိန်သည် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သမိုင်း၊ ဦးပိုင်အမှတ် ၂၂ အတွင်းရှိ မြေဧရိယာ ၄ ဒသမ ၆၈၂ဧကအား မူလအမည်ပေါက်ပိုင်ဆိုင်သော PARL ကာစီချတ္တီးယားထံမှ စဉ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ ခြံမြေအား လက်ရောက်ရယူကာ နေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအားလုံးလည်း ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင် ပိုင်ဆိုင်လွှဲပြောင်းရရှိခဲ့ပါသည်။

ယခုဂရန်ရရှိခဲ့သော ရဲမှူးနှင့်ရဲမှူးကြီးများ၏ ဂရန်လျှောက်ထားမှုများအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ အစဉ်တစိုက် ကန့်ကွက်စာရေးသွင်း ကန့်ကွက်နေပါလျက် ခေါ်ယူဖြေရှင်းခြင်းတစ်စုံတစ်ရာမရှိဘဲ ဂရန်များရရှိသွားခဲ့ကြခြင်းသာဖြစ်ပါသည်။

အဆိုပါရဲမှူးနှင့်ရဲမှူးကြီးများ၏ကြေညာချက်အတွင်း၌ မူလပိုင်ရှင်ထံမှ တန်ဖိုးငွေအပြည့်အဝပေးချေဝယ်ယူပြီးနောက်ဟူ၍ ပါရှိပါသဖြင့် ယင်းမြေကွက်၏မူလပိုင်ရှင်သည် ဒေါ်သန်းစိန်ဟုဆိုလိုရင်းသာဖြစ်ပြီး မြေကွက်ပိုင်ရှင်သည် ဒေါ်သန်းစိန်မဟုတ်မှန်ကြောင်း တရားရုံးတော်တွင် ဒေါ်သန်းစိန်၏ရုံးတော်ထွက်ချက်များအရ သိသာထင်ရှားပြီးဖြစ်ပါလျက် မသိဟန်ဆောင်၍ ကြေညာခဲ့ခြင်းသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရဲမှူးနှင့်ရဲမှူးကြီးများသည် တရားဝင်မြေသိမ်းမိန့်လျှောက်ထားခြင်းဟူ၍ ထည့်သွင်းကြေညာခဲ့သဖြင့် ၄င်းမြေသိမ်းမိန့်နှင့်ပတ်သက်၍ မည်သည့်အကြောင်းပြချက်ဖြင့် တောင်းခံခဲ့ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ မေးမြန်းစုံစမ်း၍ ပြန်ကြားစာတောင်းခံခဲ့ပြီးဖြစ်ကြောင်း သိရှိစေရန် ပြန်လည်ဖြေရှင်းအပ်ပါသည်။

အနောက်ပိုင်းခရိုင် တရားရုံးတော် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း(၁)အရ ယာယီတားဝရမ်းထုတ်ဆင့်ထားခဲ့သော မြေနေရာအကျယ်အဝန်းမှာ ရဲမှူးအောင်ကျော်(ငြိမ်း)၊ ရဲမှူးကြီးမောင်မောင်စိုး(ငြိမ်း)၊ ရဲမှူးဝင်းမြင့်(ငြိမ်း)ပိုင်ဆိုင်သည်ဟူ၍ ဂရန်ထုတ်ခဲ့သော မြေဧရိယာအကျယ်မှာ ၀ ဒသမ ၁၅၈+ ၀ ဒသမ ၀၆၈+ ၀ ဒသမ ၀၆၈ သုံးကွက်ပေါင်းလျှင် ၀ဒသမ ၂၉၄ ဧကအကျယ်သာရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ပိုင်ဆိုင်မှုအကျယ်အဝန်းနှင့်စာလျှင် လွန်စွာသေးငယ်သော အကျယ်အဝန်းဖြစ်ပါသည်။ ရုံးတော်မှ တားဝရမ်းထုတ်ဆင့်ခံရသော တရားပြိုင်များထဲတွင်လည်း ကျွန်ုပ်မိတ်ဆွေ၏အမည် မပါရှိပါလျက် ကျွန်ုပ်မိတ်ဆွေ၏အမည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမအထွေထွေမှုအမှတ် ၂၁/၂၀၁၃ ဖြင့် ထည့်သွင်းစွဲဆို၍ ဖြေရှင်းစေခဲ့ခြင်းသာဖြစ်ပါသည်။ ရဲမှူးနှင့် ရဲမှူးကြီးများ၏ ကန့်ကွက်ချက်အတွင်း၌ပင် ယင်းမြေကွက်များဟူ၍ ဖော်ပြကန့်ကွက်ခဲ့ခြင်းသည်ပင် ရှင်းလင်းမြင်သာပြီးဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေမှ ရဲမှူးသုံးဦးအပေါ် အနောက်ပိုင်းခရိုင်တရားရုံးတော်၌ပင် ဒေါ်မို့မို့ရှိန် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုများ ပြန်လည်စွဲဆိုခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးမြင့်စိုး ပါသုံးဦးအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ တရားမမှု ၁၁၄၂/၂၀၁၁ ဖြင့် ကျူးကျော်နေထိုင်သူများအား ဥပစာမှဖယ်ရှားထွက်ခွာပေးစေလိုမှုဖြင့်လည်းကောင်း၊ ရဲမှူးကြီးမောင်မောင်စိုးအား အနောက်ပိုင်းခရိုင်တရားရုံးတော် တရားမကြီးမှုအမှတ် ၃၈၄/၂၀၁၃၊ ရဲမှူးကြီးအောင်ကျော် ၃၉၅/၂၀၁၃၊ ရဲမှူးဝင်းမြင့် တရားမကြီးမှုအမှတ် ၃၈၆/၂၀၁၃ တို့ဖြင့် မြေလက်ဝယ်ထားသုံးစွဲခွင့်နှင့် နေအိမ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုများ ပြန်လည်စွဲဆိုအမှုရင်ဆိုင်နေဆဲဖြစ်ပါသည်။ ထိုကဲ့သို့ အပြန်အလှန်အမှုများဖြေရှင်းနေရသည်ကို သိပါလျက် ၄င်းတို့မှ တမင်သက်သက်တရားစွဲဆိုထားဟန်ဖြင့် ကျွန်ုပ်၏မိတ်ဆွေအား မတရားသဖြင့် ကြေညာခဲ့ခြင်းသည် အမှန်တရားအား မျက်ကွယ်ပြုရာရောက်နေသဖြင့် ယခုကဲ့သို့ ဖြေရှင်းရခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့ရှိန်မှ ပြင်းထန်စွာသတိပေးကြေညာလိုသည်မှာ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ခဲ့သော မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သမိုင်း၊ ဦးပိုင်အမှတ် ၂၂၊ မြေပိုင်မြေအမျိုးအစားဧရိယာဧက ၄ ဒသမ ၆၈၂ဧကအတွင်း ကျူးကျော်ဆောက်လုပ်ထားသောနေအိမ်များနှင့်အတူ အထူးဂရန်လျှောက်ထားပြီး ဂရန်ရရှိထားသောမြေကွက်များအား ပြန်လည်ပယ်ဖျက်ပေးရန် လျှောက်ထားပြီးဖြစ်ခြင်း၊ အထူးဂရန်လျှောက်ထားသော်လည်း ဂရန်မရရှိသေးသောမြေကွက်များအား ဂရန်မထုတ်ပေးရန် တားမြစ်ထားခြင်းနှင့်တကွ မြေကွက်ပိုင်ရှင်ဟန်ဆောင်ကာ ရောင်းချလွှဲပြောင်းပေးခဲ့သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားရင်း ပြင်းထန်စွာ အသိပေးကြေညာအပ်ပါသည်။

ဒေါ်မို့မို့ရှိန် ၁၂/ဒပန(နိုင်)၀၂၀၇၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဇင်အောင်	**ဒေါ်သဇင်နွယ်**
စဉ်-၃၉၀၇၀	**စဉ်-၃၀၅၄၂**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
အမှတ် ၅၇၊ (၁၁)ရပ်ကွက်၊	**အမှတ်၇၆၊ ၆/၁၂ရပ်ကွက်၊ နတ်မောက်ပန်းခြံလမ်း၊**
လှိုင်သာယာမြို့နယ်၊	**ရွှေပြည်သာမြို့နယ်၊**
ဖုန်း-၀၉-၃၁၀၈၈၅၂၃	**ဖုန်း-၀၉-၄၂၀၂၅၆၃၄၇**

ညီလင်းညွန့်
ဂျက်ပရီ
၂၃-၁၁-၂၀၁၃ တွင် ဖျော်ဖြေမည်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ ဇေယျာသီရိ ၁ လမ်း၊ မြေကွက်အမှတ်(၄၉၀)၊ မြေအကျယ်အဝန်းပေ (၄၁×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးသန်းအောင်(TPG-၀၁၁၅၇၀)အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ် ဆက်စပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေဂျီစိုး ၇/ထတပ(နိုင်)၀၀၀၁၅၅သည် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော့မောင်မောင်ထွန်း ၇/ညလပ(နိုင်)၁၀၉၁၀၄က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော့မောင်မောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ်-၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2013-B-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါ လုပ်ငန်းများအပ်နှံခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းတို့အတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	မှတ်ချက်
၁	IGW Softswitch Expansion စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	နိုင်ငံခြားငွေ
၂	40 G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၃	100G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၄	ရန်ကုန် ပုသိမ် International Backhaul Link UG Fiber Cable ဆက်ကြောင်းတည်ဆောက်ခြင်း	1 Lot	ကျပ်ငွေ
၅	ဂြိုဟ်တုမြေပြင်စခန်းဆိုင်ရာစက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၆	နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	1 No	ကျပ်ငွေ

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈ မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and requirement Proposal) ကို ၂၉-၁၁-၂၀၁၃ရက် ၉း၃၀ နာရီ မှ ၁၆း၃၀ နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

(၃၈)ကြိမ်မြောက်
တံခွန်တိုင်တောရကျောင်းတိုက်ကြီး၏ စုပေါင်းမဟာဘုံကထိန်လှူဒါန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၌ **အောင်စေတီဆရာတော်ကြီး** နှင့်အတူ ဝါကပ်တော်မူကြပြီး ပုရိမဝါမှ ထကုန်သောသံဃာတော်အရှင်မြတ်တို့အား ကထိန်အာနိသင်အကျိုး(၅)မျိုးတို့ကို ရရှိပါစေခြင်းအကျိုးငှာ လည်းကောင်း၊ ဆင်းရဲကင်းရာ မြတ်နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုရန် စိတ်ရည်သန်လျက် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ၊ ကထိန်အလှူရှင်၊ အလှူအမ အပေါင်းတို့အား ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း (၈)ရက်
၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)

အလှူတော်မင်္ဂလာအချိန် - နံနက် ၇း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ

အလှူတော်မင်္ဂလာကျင်းပသည့်နေရာ - တံခွန်တိုင်တောရကျောင်းတိုက်
၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက် ။ ။ မွန်းလွဲ ၁၂း၃၀ နာရီတွင် တရားတော်နာ၊ ရေစက်ချ၊ အမျှပေးဝေပါမည်။

ဝေယျာဝစ္စအဖွဲ့
တံခွန်တိုင်တောရကျောင်းတိုက်
သာကေတ

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ၁၄လမ်းတွင်ရှိသော ဧရိယာ (၄၀×၆၀)အကျယ်အဝန်းရှိ ဦးရွှေလှ အမည်ပေါက် မြေကွက်အမှတ် ၁၅၆၅နှင့် ဦးစိန်အမည်ပေါက် မြေကွက်အမှတ် ၁၅၆၆တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်ချုပ်ဆိုဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဒေါ်သိန်းသိန်းနွယ် ၁၂/ဥကမ(နိုင်)၁၀၄၇၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်သည့်အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိဝင်းနိုင် (စဉ်-၃၄၀၀၀)
LL.B, DBL, DIL
အထက်တန်းရှေ့နေ
အမှတ် (၁)ရပ်ကွက်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၉-၄၉၂၀၄၄၁၆၊ ၀၉-၄၀၀၄၄၁၁၅၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၄၀၀၊ မြေကွက်တည်နေရာအမှတ်-၄၀၀/က၊ ကန်ဦးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးထွန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်မင်း ၁၂/သဃက(နိုင်)၀၉၁၈၇၅က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ်(၁၅၇၂-က)၊ အမည်ပေါက် ဦးကျင်သိန်း CG-၀၄၄၇၀၁ ထံမှတစ်ဆင့် ဝယ်ယူထားသူ ဇေယျာဝါဒိန် BTG-၁၇၃၃၆၀သည် မြေချပါမစ် ရုံးခွဲမှတ်ပုံတင်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁-၁၁-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်တင်မြ၏ ကြေညာချက်အပေါ် ရှင်းလင်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ် ၂၇၄ နေ ဒေါ်ခင်သီတာမိုး (ခ) အင်ကြင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် ၁/၅၆ခ၊ မြေအကျယ် ၀ ဒသမ ၀၄၄ဧက၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ အမှတ်(၅)ရပ်ကွက်၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ် ၂၇၄ ဟုခေါ်တွင်သောမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်သီတာမိုး(ခ)ဒေါ်အင်ကြင်းခိုင် တစ်ဦးတည်း လက်ရှိနေထိုင်ပိုင်ဆိုင်သူဖြစ်ပါသည်။

၂။ ဒေါ်ခင်သီတာမိုး(ခ)ဒေါ်အင်ကြင်းခိုင်သည် ခင်ပွန်းဖြစ်သူ ဦးမျိုးသီဟကွယ်လွန်ခဲ့ပြီးသည့်နောက် အထက်ဖော်ပြပါအိမ်မြေနှင့်စပ်လျဉ်း၍ ၂၆-၁၀-၂၀၁၃ ရက် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၃၀-၁၀-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း ကျွန်ုပ်အမှုသည်၏ ဥပဒေအရ ရပ်တည်နေမှုကို ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၄-၁၀-၂၀၁၃ ရက်က ဖြစ်စဉ်တွင် ဒေါ်တင်မြဘက်မှ ကြေညာသကဲ့သို့ ကြမ်းတမ်းစွာ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ဒေါ်တင်မြ၏ ကြေညာချက်နှင့်စပ်လျဉ်း၍ စုံစမ်းသိရှိနိုင်ရန် ရောက်ရှိခဲ့ခြင်းသာဖြစ်ပါသည်။

၄။ အဆိုပါနေ့က ဒေါ်ခင်သီတာမိုး (ခ) အင်ကြင်းခိုင်အနေဖြင့် ရန်သူသဖွယ် ကြမ်းတမ်းစွာဆက်ဆံပြောဆိုခဲ့သည်ဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိကြောင်းကို အများပြည်သူသိရှိနိုင်ရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင် B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၁)

ဒေါ်ကြူကြူဝေ LL.B, LL.M — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၄)**
ဒေါ်တင်ဇာလွင် LL.B — **အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၇)**

အမှတ် ၅၆၁၊ ပထမထပ်၊ အခန်း ၄၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးကြည်မြင့်-ဒေါ်မေမေသက် တို့၏သားထွေး

မောင်သက်နိုင်စိုး

B.Sc(Physic) (IMT CD-29/CE-27)

3rd Engineer (A.P. Moller Maersk)

နှင့်

နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်နေ
ဦးအောင်မြင့် (အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်ထားထားမြင့်တို့၏
တစ်ဦးတည်းသောသမီး

မအေးပြည့်စုံ

B.A(English) Y.U.F.L,M.A (TEFL)

Head of School (BRAINWORKS Preschool,TAMWE)

တို့သည် ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်မိဘများ၏ရှေ့မှောက်၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

မောင်သက်နိုင်စိုး-မအေးပြည့်စုံ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ရွှေဝတ်မှုံလမ်း၊ အကွက်အမှတ် ၅၂၊ ဦးပိုင်အမှတ် ၁၂၂၊ မြေ ၀ ဒသမ ၁၈၅ ဧကနှင့် အဆောက်အအုံကို ဒေါက်တာတင်လှိုင်မှ ဂရန်ထုတ်ယူနိုင်ရန်အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမှုတွဲအမှတ် ၂၄/၂၀၁၁-၂၀၁၂ ဖြင့် တင်ပြထားပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါက်တာတင်လှိုင် ၁၂/ရကန(နိုင်)၀၅၆၀၈၄
အမှတ် ၁၂၂၊ ရွှေဝတ်မှုံလမ်း

တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ကံမြင့်ကျေးရွာနေ ဦးရွှေထွန်း၏သမီး မခင်မြတ်မွန် ၁၂/သခန(နိုင်)၁၂၂၇၉၄ နှင့် မငုဝါလှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၅၄၁ Toyota Hilux P/U ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၁၂/မဂတ(နိုင်)၀၅၆၈၉၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃ ရပ်ကွက်၊ ကျွန်စစ်သားလမ်းသွယ်၊ အမှတ် ၁၀၀၃၊ ဦးခင်မောင်ကြီး၏ ဂရန်အမည်ပေါက် မြေအကျယ်ပေ (၄၀×၆၀)၏ ခေါင်းရင်းဘက်ခြမ်း မြေအကျယ်ပေ (၂၀×၆၀)ပေါ်ရှိ ရေမီးပါ နေအိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်နေထိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိင်္ဂီထွေး ၁၂/ဥကမ(နိုင်)၀၄၁၈၂၉နှင့်ဒေါ်ခင်ရီ ၁၂/ဗဟန(နိုင်)၀၄၃၃၆၉တို့သည် နှစ်ဦးသဘောတူအရောင်းအဝယ်ပြုလုပ်ပြီး စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါမြေ၊ ရေမီးပါ နေအိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ပြောဆိုကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ရီ ၁၂/ဗဟန(နိုင်)၀၄၃၃၆၉
အမှတ် ၄၀၊ ဖိုးရာဇာလမ်း၊ ၃၅ရပ်ကွက်၊ မြောက်ဒဂုံ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၃၁၅၂ ယာဉ်လက်ဝယ်ရှိသူ မဂျူးလှုံမိုးမြင့် ၁၀/ဘလန(နိုင်)၀၉၁၉၀၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည။

ကညန၊ (ခရိုင်ရုံး)သထုံ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၁၇၅၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ် ၁၇၅၊ မော်လမြိုင်လမ်း၊ ၁၃ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့)အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နုနုသိန်း ၁၂/ဥကမ(နိုင်)၀၁၅၆၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောစိုင်းဦး (စဉ်-၄၁၈၀၁)
ဥပဒေတွဲ (LL.B)
အထက်တန်းရှေ့နေ
အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၅၄၉၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြို့မြေစာရင်းတွင် ဦးဝင်းမြင့် MYGN-၀၀၀၈၀၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၄၉၊ ဗိုလ်လရောင်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းနွဲ့သိန်း ၁၃/နစန(နိုင်)၀၀၁၉၅၃ ထံမှ ကျွန်ုပ်ကဝယ်ယူရန် ရောင်းကြေးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းထွန်းဦး
အမှတ် ၄၅၈၊ သရဖီ ၆လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၅၁၃၈၁၆၅

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆BB၁၊ မြေကွက်အမှတ် V ၃၈၊ မြေကွက်တည်နေရာအမှတ် ၂၉၊ ဦးရွှေစိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးအေးမောင်အမည်ပေါက် နှစ် ၆၀မြေငှားဂရန်အားအမည်ပေါက် ဦးအေးမောင်ထံမှ မွေကံဟစာချုပ် ၁၃(၁၅-၁-၁၉၈၂)ဖြင့် ဒေါ်သန်းတင်မှ ပိုင်ဆိုင်ပြီးနောက် မေတ္တာဖြင့်အပိုင်ပေးစာချုပ် ၂၈၃(၅-၅-၁၉၈၂)ဖြင့် မစောမြင့်၊ မကြည်လှိုင်တို့မှလက်ခံရရှိပြီးယခုဒေါ်ကြည်လှိုင်နှင့် ခင်ပွန်းဦးမြင့်စွမ်းတို့ကွယ်လွန်သဖြင့် (၁) ဦးမြင့်ထူး ၁၂/ကမတ(နိုင်)၀၄၃၈၉၄၊ (၂) ဦးထွန်းဖြူ ၁၂/ရကန(နိုင်)၀၁၄၈၉၃၊ (၃) ဦးမျိုးသန့် ၁၂/ကမတ(နိုင်)၀၅၅၆၅၆၊ (၄)ဒေါ်အေမီစန်း ၁၂/မဂတ(နိုင်)၀၆၆၇၉၆၊ (၅) ဒေါ်အေးအေးမြင့် ၁၂/ကမတ(နိုင်)၀၄၃၈၉၃၊ (၆) ဦးဇေယျာ ၁၂/ကမတ(နိုင်)၀၅၄၅၉၄တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်ပူးတွဲ ပိုင်ရှင် ဒေါ်စောမြင့် ၁၂/ကမတ(နိုင်)၀၄၇၃၆၆ နှင့်အတူ ပိုင်ဆိုင်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသောင်းညွန့်(မော်လမြိုင်)
အသက်(၈၅)နှစ်

သူငယ်ချင်း ကိုငွေသိန်း၏ဖခင် ဦးသောင်းညွန့်သည် ၁-၁၁-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မော်လမြိုင်ကောလိပ်၊ ၁၉၇၅-၇၉ ဓာတုဗေဒကျောင်းသား ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှ(မော်လမြိုင်)
အသက်(၈၃)နှစ်

သူငယ်ချင်း ကိုချိုင်းစီ၏မိခင် ဒေါ်လှသည် ၁၉-၁၀-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မော်လမြိုင်ကောလိပ် (၁၉၇၅-၇၉)ဓာတုဗေဒကျောင်းသား ကျောင်းသူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)
အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ခေတ္တ-အင်ဂျင်နီယာချုပ်(စက်မှု)နှင့်ဝန်ထမ်းများ
စက်မှုဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)
အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၃၆/၂၊ မြေကွက်တည်နေရာအမှတ်(၂၃၆/၂)၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ဖြူဖြူဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူဖြူဝင်း ကွယ်လွန်သဖြင့် ဦးမြင့်လွင် ၉/ပသက(နိုင်)၁၀၇၂၈၂က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စံပြ၊ မြေကွက်အမှတ် ၂၄၁၊ မြေကွက်တည်နေရာအမှတ် ၂၄၁၊ စံပြ ၃လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးကျော်သောင်း ၁၂/သဃက(နိုင်)၀၅၅၁၄၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း(ဖခင်)နှင့် ဒေါ်ကလေးမ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်အေး ၁၂/မဂဒ(နိုင်)၀၁၀၄၉၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၇၃၊ မြေကွက်တည်နေရာအမှတ် ၈၇၃၊ ကျော်သူလမ်း ၂၀၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစွတ်ပရားမနီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစွတ်ပရားမနီနှင့်ဇနီး ဒေါ်အန်ဆဲလဲ ကွယ်လွန်သဖြင့် ဦးရာဂျီး(ခ)မောင်မြင့် ၁၂/ရကန(နိုင်)၀၆၄၈၃၄က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆/သမိုင်း၊ မြေကွက်အမှတ် ၄/၈၂-B၊ မြေကွက်တည်နေရာအမှတ် ၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးခင်မောင်ကြည်၊ ဒေါ်ခင်မျိုးမြင့်အမည်ပေါက် မြေပိုင်မြေ၊ လ/န ၃၉ ရပြီးမြေအား အမည်ပေါက် ဒေါ်ခင်မျိုးမြင့် (၁၁-၈-၂၀၁၁)ရက်တွင် ကွယ်လွန်သဖြင့် ဦးခင်မောင်ကြည် ၁၂/မရက(နိုင်)၀၅၃၇၇၆ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅အီး^၃၊ မြေကွက်အမှတ် IV ၁၃/၉၃၊ မြေကွက်တည်နေရာအမှတ် ၅၃၊ ဘောဂလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မောင်ကျော်ငြိမ်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မောင်ကျော်ငြိမ်းနှင့်ဇနီး ဒေါ်စောရီ၊ သားသမီးဖြစ်သူ ဒေါ်သင်းသင်းဆွေ(အပျိုကြီးဘဝ)၊ ဦးသိန်းထွဋ်(လူပျိုကြီးဘဝ)၊ ဦးကျော်ကျော်လှိုင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ယဉ်ယဉ်ကြည် ၁၂/ကမတ(နိုင်)၀၁၅၈၄၇၊ (၂)ဦးမြင့်မော် ၁၂/ကမတ(နိုင်)၀၁၇၀၆၅၊ (၃)ဦးကျော်လင်း ၁၂/ကမတ(နိုင်)၀၁၇၀၆၇၊ (၄)ဒေါ်ဂျာရော် ၁၂/ကတတ(နိုင်)၀၀၈၀၉၄တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း ကတိသစ္စာပြု ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စွန့်လွှတ်အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

A.I CORP(Myanmar)Co.,Ltd.မှ Director ဦးညီညီနှင့်ဇနီး ဒေါ်တင်ဝင်းဝင်းသန်းတို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း)[ဌာနချုပ်မှူး၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ တပ်မတော်(ရေ)]သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MD နှင့်ဝန်ထမ်းများ
A.I CORP(Myanmar) Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးတင်ဦး(ရေ-ငြိမ်း)
ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး(ငြိမ်း)သန်လျင်

မိဘသဖွယ် ချစ်ခင်လေးစားရပါသော ကျေးဇူးရှင် ဗိုလ်မှူးကြီးတင်ဦး(ရေ-ငြိမ်း)သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်ဝင်း-ဒေါ်စန်းစန်းမော်
သမီး-မမြရည်နန္ဒာဝင်း
ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

အဲပုဂံလီမိတက် ပူတာအိုဌာနခွဲရှိ ဦးမားဖန်းဆား၏သား ဦးMအေတာ အသက်(၄၆)နှစ်သည် ၄-၁၁-၂၀၁၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာနှင့်
ဝန်ထမ်းများ(အဲပုဂံလီမိတက်)

အထူးကျေးဇူးတင်ရှိခြင်း
ဗိုလ်ကြီးအီးစော(မ်)ဟန် (ငြိမ်း)
မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ တီးတိန်(ငြိမ်း) (ကလေးမြို့)
အသက်(၈၆)နှစ်

၂၉-၁၀-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသောဖခင်ကြီး နာမကျန်းဖြစ်စဉ် ဂရုတစိုက်ပြုစုကုသပေးကြသော ကလေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ဝယ်စလီဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံး၊ နာမကျန်းဖြစ်စဉ် လာရောက်ကြည့်ရှုအားပေး၊ ဆုတောင်းမေတ္တာပို့သပေးကြသော ဆရာတော်ကြီးများနှင့် ဆရာမများ၊ ရပ်နီးရပ်ဝေးမှ တယ်လီဖုန်း၊ E-mail တို့ဖြင့် ဆုတောင်းမေတ္တာပေးပို့ခြင်းနှင့် ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးစကားပြောကြားပေးကြသော မိတ်ဆွေများ၊ နာရေးကိစ္စအဝဝကို အစမှအဆုံးတိုင်အောင် ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်တင် (Albert)
အသက်(၈၀)

မွေးမိဘများနှင့်မခြား ကျွေးမွေးစောင့်ရှောက်၊ ဆုံးမပေးခဲ့သော ကျေးဇူးရှင်(မာမီ- ဒေါ်ဒေါ်ရစ်ကိုဘန်း)၏ချစ်လှစွာသောခင်ပွန်း (ဦးလေး-Albert) ဦးခင်မောင်တင်သည် ၄-၁၁-၂၀၁၃ရက် နံနက် ၇း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ကီးကီး) စောကျော်ငွေးရင်နှင့်ဇနီး နော်မာနေထူး
သမီး- Cadet Pilot ချူးချူဖော (APFT- Malaysia)
သား-စောရစ်ကီချစ်ရင်ထူး Grade 4 (A) အထက(၂)ကမာရွတ်

ဝမ်းနည်းကြေကွဲခြင်း
ဦးဇဋိလ(ခ)ဦးသာဝ
သက်တော်(၉၂)၊ ဝါတော်(၂၂)ဝါ
ဒို့တာဝန်မိသားစု၊ ဒေါ်လန်းရွာကြီး၊ လှိုင်းဘွဲ့မြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထူး(ခ)ဦးကိုကို၏ ခမည်းတော် ပျံလွန်တော်မူသွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား ရဟန်း သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ငွေမြို
အသက် (၈၈)နှစ်

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းလွင်
အသက်(၆၁)နှစ်

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၂၀၉နေ ရွှေသာလျောင်းဂေါပကအဖွဲ့ဝင် ဦးသိန်းလွင် အသက်(၆၁)နှစ်သည် ၄-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရွှေသာလျောင်းဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဦးစော
မြို့နယ်တရားသူကြီး
အမရပူရမြို့နယ်တရားရုံး
အသက်(၅၈)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်၊ တရားရေးရိပ်သာနေ ဒေါ်အေးသိန်း၏ခင်ပွန်း ဦးစော(မြို့နယ်တရားသူကြီး၊ အမရပူရမြို့နယ်တရားရုံး)သည် ၃-၁၁-၂၀၁၃ ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ
တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများ
မန္တလေးခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ
မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဝင်းဌေး
ဦးစီးအရာရှိ(စက်မှု)
အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၃)နှင့်ဝန်ထမ်းများ၊ မကွေးမြို့

(၂)နှစ်ပြည့်ရင်နှစ်အလွမ်း
စောနိုးနိုးထွန်းလင်း(ခ)နိုးနိုး
ရေကြောင်းသိပ္ပံကောလိပ် အမှတ်စဉ်(၃၅)
Deck-Cadet(Malow Co.,Ltd) CDC-68469 (8-11-2011)-(8-11-2013)
အသက်(၂၃)နှစ်

စပိန်နိုင်ငံ မာလကာဆိပ်ကမ်းတွင်ကွယ်လွန်

သံယောဇဉ်ကြိုး ဖြတ်ရခက်လို့၊ တရားနဲ့ဖြေ ပြောလာသော်လည်း
ဖြေဆည်မရ သားသားအတွက်၊ ဘုရားရှင်ထံ တောင်းဆုပန်ချင်
ဘဝဆက်တိုင်း ဤကဲ့သို့သော၊ အဖြစ်ဆိုးမျိုး မကြုံစေဖို့
တောင်းဆုခြွေရင်း-ရာသီစက်ဝန်း၊ နှစ်ကြိမ်ရောက်လည်း ချစ်ဆုံးသားတွက်
ကြေကွဲအလွမ်း မဆုံးနိုင်ခဲ့။ ။

ရင်နှစ်အောင်သားကိုချစ်ခဲ့ရတဲ့
ပါးပါး - ဦးထွန်းနွယ်(လ/ထ အထွေထွေမန်နေဂျာ မြန်မာ့မီးရထား)
မိုးမိုး - နော်စေးဖော(၀၉-၅၂၀ ၁၃၈၄)
ညီမလေး - နော်ဆွေဆွေထွန်းလင်း B.A (Korean) YUFL
ညီမလေး - နော်ယုယုထွန်းလင်း (1st yr B-Tech) Archi, Thanlyin

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
၈-၁၁-၂၀၀၉ ရက်တွင် ကွယ်လွန်သွားခဲ့သော
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ထွေးရည်အားရည်စူးလျက်

ချစ်သောမေမေ ကွယ်လွန်ခဲ့သည့်အချိန်မှစ၍ နေ့တိုင်း၊ လတိုင်း၊ နှစ်ပတ်လည်နေ့တိုင်းတွင် ဆရာတော် သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ မပြတ်လှူဒါန်းလျက်ရှိပါသည်။

မေမေ့အား ရည်စူး၍ ဝါဆိုသင်္ကန်းအလှူဒါန၊ သီတင်းကျွတ်အလှူဒါန၊ ကထိန်အလှူဒါန၊ ကျောင်းဆောက်ပြုပြင်ခြင်းအလှူဒါနများ၊ လမ်းဖောက်လုပ်ပြုပြင်ခြင်းအလှူဒါနများနှင့် မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ တနင်္သာရီစသော တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်များအတွင်းရှိ ဘုရားစေတီများသို့ လှူဒါန်းမှုများပြုလုပ်ပြီး ဒါနကုသိုလ်များ မပြတ်ပြုလုပ်လျက်ရှိကြသလို ဝိပဿနာတရားများအားထုတ်ပြီး ဘာဝနာကုသိုလ်များလည်း ကုသိုလ်ယူပြုလုပ်လျက်ရှိကြပါသည်။

ဖေဖေနှင့်သားတို့ သမီးတို့ပြုပြုသမျှသော အမျှကုသိုလ်ကို မေမေရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ဆက်လက်ကျင့်ကြံအားထုတ်ခြင်းဖြင့် တရားထူး၊ တရားမြတ်များ ရရှိနိုင်ပါစေဟု ဆုတောင်းလျက်

မေမေ အမျှ…အမျှ…အမျှ
ဖေဖေ - ဦးစိန်ဝင်းအောင်
သမီးကြီး - ဒေါက်တာစိုးမင်းအောင်-မမြသွေးရည်
သမီးလတ် - မောင်နေလင်း-မသက်သက်အောင်
သားငယ် - မောင်ဟန်ဝင်းအောင်-မယဉ်သူဇာသိန်း
ချစ်မြေးများ - မမြမင်းမဒီ၊ မောင်ဇေယျာသူ၊ မောင်သန့်နေရောင်၊ မောင်ဘုန်းနေရောင်၊ မဆုဝေယမင်းဟန်

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့် (လသာ)

အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ်
အသက်(၆၃)နှစ်

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့် (လသာ)

အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ်
အသက်(၆၃)နှစ်

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

ဦးကြည်မြင့်

ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
အမျိုးသားစာပေဆုရှင်(ဘာသာပြန် သုတ)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၅၄(လေးလွှာ)နေ (ဦးမောင်မောင်-ဒေါ်ခင်ပု)တို့၏ သား၊ (ဦးခင်မောင်လေး)-ဒေါ်ဝင်းဝင်းနိုင်တို့၏သားသမက်၊ ဒေါ်မင်းမင်းဦး၏ ခင်ပွန်း၊ ဒေါ်ဇာခြည်အောင်-ဦးအောင်မြတ်စိုး၊ ကိုဇာနည်မြင့်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၂နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ကွယ်လွန်သွားပါ သဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီနှင့် ရန်ကုန်မြို့၊ လမ်းမတော်သံဈေးအနီးမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေဒါစန်းမောင်

အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးချန်ယု-ဒေါ်ဆွေရင်)တို့၏သမီးထွေး၊ (ဦးမောင်မောင်-ဒေါ် မေမေခင်)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးစန်းမောင်)၏ဇနီး၊ ဦးစန်းဘို သီဟ-ဒေါ်သင်းစိုးမြင့်၊ ဒေါက်တာစန်းထွဋ်သီဟ-ဒေါ်သစ္စာလွင်၊ ဦးစန်းသုံး သီဟ-ဒေါ်စန်းသီတာမြင့်တို့၏မိခင်၊ ကိသ်လွင်သီဟ၊နီကိုလ်းသီဟ၊ ဒါလင်းသီဟ တို့၏အဘွားသည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မူမူညို @ Janet Rees

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ် ၉နေ (ဦးလှဖေ-ဒေါ်စော)တို့၏သမီး၊ (ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း)၏တူမ၊(ဦးဗာလင်တိုင်ထွန်း)၏ဇနီး၊ ဦးဉာဏ်စိုးမိုး-ဒေါ်ကလျာချော၊ Clint Moe @ Bambi- Jacqueline Moe၊ ဦးစိုးအောင်ကျော်-ဒေါ်ချောကလျာတို့၏မိခင်၊ မောင်အောင်သူရမိုး၊ မောင်ထက်စိုးမိုး၊ Krisline Maria Moe၊ မသဇင်အောင်၊ မပပအောင်တို့၏အဘွားသည် ၅-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာ ပါမည်။)

အောက်မေ့ဖွယ်ရာဝတ်ပြုခြင်းကို ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးကျော်သိန်း (တောင်စွန်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၃လမ်း၊ အမှတ်၄၇၀/ခနေ ဦးဘိုးချစ်-ဒေါ်ခင်မေ တို့၏သား၊ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးဇော်ထွန်း-ဒေါ်ပပလှိုင်၊ ဦးထိန်လင်း၊ ဒေါ်စန်းစန်းမော်တို့၏ဖခင်၊ ဦးစံအုန်း-ဒေါ်စန်းရီတို့၏အစ်ကို၊ မြေးသုံးယောက် တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ရက် နံနက် ၇း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ရက် (စနေနေ့)ညနေ ၄နာရီတွင်ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက် ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးဇော်လွင် (ညောင်ကျိုး)

လေ-၁၈၈၈၅
အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွား စိန်တို့၏သား၊ ဦးရီရှောင်-ဒေါ်ကူးမွှေး (ကျောက်စိမ်း မိသားစု)တို့၏ သား သမက်၊ လှိုင်မြို့နယ်၊ အမှတ် ၂၈၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ ဒေါ် သိန်းသိန်း(အန်တီသိန်း အထည်ဆိုင်)၏ ခင်ပွန်း၊မအေးမြင့်မြတ်(TTC)၊ မဖူးပွင့် သန့်(TTC)တို့၏ဖခင်သည် ၄-၁၁- ၂၀၁၃ရက်(တနင်္လာနေ့)နံနက်၆း၃၀နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၈-၁၁- ၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီ တွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သိန်းကြည် (ထားဝယ်)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ တိုက် ၆၈/၃၊ မင်းဒင် ၇လမ်းနေ (ဦးကြည်ရှန်)၏ဇနီး၊ ဒေါက်တာငွေးဝင်း၊ ဒေါ်မေမေလှ၊ ဦးအောင်ကျော်မြင့်၊ ဒေါ်နီနီလှ၊ ဒေါ် နီလာမြင့်၊ ဦးတင်မျိုးသိန်း-ဒေါ်မာလာ တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေး ယောက်တို့၏အဘွားသည် ၆-၁၁- ၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြညွန့် (ထားဝယ်)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ တိုက် ၆၈/၃၊ မင်းဒင် ၇လမ်းနေ (ဦးကြည်ရှန်- ဒေါ် သိန်းကြည်)တို့၏ညီမ၊ တူ၊ တူမ လေး ယောက်တို့၏အဒေါ်၊ မြေး ၁၁ယောက်၊ မြစ် လေးယောက်တို့၏ အဘွားသည် ၆-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုမျိုးမြင့်(ခ) ကိုရှမ်းကြီး(ခ)ပေတရု

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ ပန်းခြံ၊ ဘုရင့်နောင်လမ်း၊ အမှတ် ၇/၉/၁၀နေ (ဦးထန်ဆွင်း ဟောက်) - ဒေါ်ဖန်းဆီ(ခ)ဒေါ်ဟန္န(ခ) ဒေါ်တရုတ်မတို့၏သားကြီး၊ မတင်စော ဝေ(ခ)မာရီ၊မအေးသီတာ(ခ)အက်စတာ၊ မသန္တာအောင်(ခ)ရီဗက္က၊ မသန်းသန်းနိုင် (ခ)မာသ၊ မအေးမြတ်ခိုင်(ခ)လီဒီယာ၊ ကိုရှမ္ဘွေလတို့၏အစ်ကိုကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၅-၁၁- ၂၀၁၃ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉-၁၁- ၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ် တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပြည် သာမြို့နယ်နေအိမ်မှ နံနက် ၇း၃၀နာရီ နှင့် ဧမိုင် ညီအစ်ကိုများဘုရားကျောင်းမှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

မချိုသဲဦး

အသက်(၃၈)နှစ်

ညောင်လေးပင်မြို့၊ ရွှေဟင်္သာလမ်း၊ အမှတ် ၂၇နေ(ဦးစံသိန်း-ဒေါ်သိန်းမြင့်) တို့၏သမီး၊ (Rev: Denis Moule- Mrs Moule)တို့၏သမီးချွေးမ၊ ဒေါ်ခင်မဦး (အထက၊ ပုဇွန်မြောင်း)၊ (ဦးခင်မောင် သိန်း)-ဒေါ်အုံးသိန်း၊ ဒေါ်သီတာဦးတို့၏ ညီမ၊ ဒေါ်နီလာဦး၊ ကိုနော်ဆိုင်း-ဒေါ် သင်းသင်းမိုးတို့၏အစ်မ၊မရူပါကံထွန်း- မောင်ဟန်ဇာကံထွန်းတို့၏မိခင်၊ အမှတ် ၁၅၊ တိုက် ၂၀/R၊ လှိုင်မြင့်မိုရ်အိမ်ရာ နေ ဦးကံထွန်း၏ဇနီးသည် ၇-၁၁- ၂၀၁၃ရက်(ကြာသပတေးနေ့)နံနက်၂း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ သဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တွင် ဝတ်ပြုဆု တောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟတို့ အား သိစေအပ်ပါသည်။ (လှိုင်မြင့်မိုရ် အိမ်ရာမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်အောင်ကောင်းမြတ်

(မိဘဂုဏ်ရောင်ဆီစက်)
အသက်(၁၇)နှစ်

ကျောက်ပန်းတောင်းမြို့နေ ဦးအေး- ဒေါ်ပိုပို၊ ဦးထွန်းကြည်-ဒေါ်မမလေး တို့၏မြေး၊ ဦးမောင်မောင်တာ-ဒေါ်ခင် မေအောင် (မိဘဂုဏ်ရောင်ဆီစက်)တို့၏ သား၊မမေသူသူတာ၊ဗိုလ်ကြီးဖြိုးမင်းသူ၊ ဗိုလ်ကြီးစိုးမင်းထွန်း၊ မမေဇွန်ခိုင်၊ မခိုင် မွန်မွန်တာ၊ မနှင်းဝင့်ဝင့်တာတို့၏မောင်၊ မသင်းလဲ့သော်တာ၊မောင်ဘုန်းမြတ်ဟိန်း တို့၏အစ်ကို၊ မေမင်းဟေသာ၏ဦးလေး သည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် အမှတ်(၃)သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့်

ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
အမျိုးသားစာပေဆုရှင်(ဘာသာပြန်သုတ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေး လမ်း၊ အမှတ် ၅၄ (လေးလွှာ)နေ ဒေါ်မင်းမင်းဦး၏ ချစ်လှစွာသောခင်ပွန်း ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊
ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများ၊
ပြန်ကြားရေးဝန်ကြီးဌာန

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးချစ်လှိုင်

ရေကြောင်းဦးစီးဌာန(ငြိမ်း)
အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၈၊ ဇေယျာသီရိ လမ်းနေ(ဦးသန်းမောင်-ဒေါ်သင်း)တို့၏ သား၊ (ဦးထွန်းမြတ်-ဒေါ်သိန်း)တို့၏ သားသမက်၊ဒေါ်မြိုင်၏ခင်ပွန်း၊ (ဦးလှ ထွန်း)-ဒေါ်ခင်လှကြူ၊ ဦးမြအေး-ဒေါ် ခင်လှမူ(KBZ လမ်းမတော်)၊ ဦးဖုန်းမြင့် အောင်-ဒေါ်အေးသန်း၊ (ဦးကျော်စိန်)- ဒေါ်လှိုင်ဝင့်အေး၊ ဦးအောင်မြင့်-ဒေါ် သီသီဝင်း (USA)၊ ဦးလှနိုင် (C/E- RAFFLE Shipping Co., Ltd.)-ဒေါ် လှဥမ္မာသိန်း၊ ဦးနိုင်တင့်ထွေး(မော်စီ)- ဒေါ်မိုးကြည်အောင်တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုး ကြီးသည် ၇-၁၁-၂၀၁၃ရက် (ကြာသ ပတေးနေ့)နံနက်၄း၄၀နာရီတွင်ကွယ်လွန် သွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် (စနေ နေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁- ၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။ ကျန်ရစ်သူမိသားစု

ဦးရွှေသာ

စစ်မှုထမ်းဟောင်း(ငြိမ်း)
ကျောက်ဖြူ(ဂုံးချိန်/စနဲ)
အသက်(၆၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နေ (ဦးဘလှိုင်ဦး-ဒေါ်ကျော့ရင်)တို့၏သား၊ (ဦးသာထွန်းအောင် - ဒေါ်စိန်နု)တို့၏ သားသမက်၊ အမှတ် ၁၆၁၀၊ လမ်းသစ် ၁-လမ်း၊ (၁)တိုးချဲ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်တင်တင် အောင်၏ခင်ပွန်း၊ ဦးအောင်နိုင်(ရန်ကုန် မြို့တော်ဘဏ်)-တပ်ကြပ်ကြီး ခင်ခင်စိုး (ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းအရန် တပ်ခွဲ)၊ ဦးမောင်မောင်-ဒေါ်အေးအေး မြ၊ ဦးတင်အောင်ထွန်း - ဒေါ်အိုကြူ၊ ဒုတက/၈၆ အောင်ဇော်ထွန်း(သန်လျင် ရေတပ်ဆေးရုံ)-ဒေါ်ချိုချိုလွင်တို့၏ဖခင် သည် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးဇော်လွင် (ညောင်ကျိုး)

လေ-၁၈၈၈၅၊အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ် ၄၊ သုံးလွှာနေ ဦးတင်အေး - ဒေါ်ထွားစိန်တို့၏သား၊ ဒေါ်အေးသင်၊ ဒေါ်မြကြည်၊ ဒေါ်စိန် သွယ်၊ ဦးမြထွန်းတို့၏တူ၊ ဦးအောင် မြင့်-ဒေါ်ခင်ရီ၊ ဦးအေးကျော်-ဒေါ်အေး အေးမြင့်တို့၏ညီ၊ ဒေါ်ခင်ချို၏မောင်၊ ဦးအေးလွင်-ဒေါ်လဲ့လဲ့ခိုင်၊ ဦးအေးနိုင်- ဒေါ်လဲ့လဲ့ဝင်းတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၄-၁၁- ၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁- ၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်၊ အမှတ် ၂၈၊ ရန်ကုန်-အင်းစိန်လမ်း နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Cing Ngaih Ciang (ဒေါ်ကျိန်ငိုက်ကြောင်)

A Kum (91) Gual Nam Beh

တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာနေ Pu (Vungh Za Thang Leh-Pi Sainh Cing) တို့၏သမီးချွေးမ၊ Pu Awn En Leh -Pi Goih Za Dim တို့၏သမီးကြီး၊ Pu Lian Khaw Pau-Pi (Cing Za Kim), (Pu Nang Za En-Pi Dim Zan Cing),Pi Zo Khan Cing- အရာခံဗိုလ် ထောင်ခန့်ဒွိ(ငြိမ်း)၊ Pi (Vungh Go Cing)-Pu (Neng Khup),Pi Vungh Khaw Man-Pu Vial Khan Pau တို့၏ ယောင်းမ၊ (Pi Dim Gin)-Pu Kham Khai, (Pu Khup Khan Dal-Pi Ciin Vei Cing), Pi Nem Khaw Dim-(Pu Do Za En),Pu Thawng Sian Kham-Pi Hau Deih Cing တို့၏အစ်မကြီး၊ (Pa Thang Khaw Khai)-Nu En Ngaih Kim , Rev En Go Cin,Pa Pau Za Suan- ဒေါ်ယဉ်ယဉ်သန်း၊ (Pa Dal Khan Pau)-Nu Awi Ngaih Vung, Nu Cing Lam Kim-Pa Cin Za Khup, Rev En Za Khup-Nu Sawi Ngaih Lun၊ ဧမာနွေလအသင်းတော် လိုင်တွီး Sya ma Dim Zam Ciin-Pa Gin Sain Khai, Nu Don San Niang-Sya Cin Khen Mang (ခေတ္တ-မလေးရှား)၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးလမ်းသွယ်(၁)၊ (၃)ရပ် ကွက်၊အမှတ် ၃၈၀၈နေ (W.O.F အလုံ) အသင်းတော်မှ လက်ထောက် Pastor ဆရာခမ်ဆွမ်မုန် - S/m Dim Sian Huai,Rev Cing Za Kam-Nu Cing Khan Lian တို့၏မိခင်၊ မြေး ၃၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ (Pu Ngul Khaw Thang)၏ဇနီးသည် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီ တွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၁၁-၂၀၁၃ ရက် ညနေ ၃နာရီတွင် လိုင်တွီးကျေးရွာ ဧမာနွေလအသင်းတော်နှင့်အတူ ဝတ်ပြု ဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးအေးသွင်(ခ)ဦးရှမ်းကြီး

M.P.P.E (ငြိမ်း)
အသက်(၆၆)နှစ်

လှည်းကူးမြို့နယ်၊ ကြာကန်ကျေးရွာ နေ(ဦးကျော်လှ-ဒေါ်ညွန့်စိန်)တို့၏သား၊ သာကေတမြို့နယ်၊(၇)ရပ်ကွက်၊ အောင် သပြေအရှေ့ ၇လမ်းနေ (ဦးအောင်ဖေ)- ဒေါ်ခင်ရီတို့၏သားသမက်၊ ပဲခူးမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးအေးမောင် - ဒေါ်ခင်မြင့်တို့၏တူ၊ သာကေတမြို့နယ်၊(၇)ရပ်ကွက်၊ အောင် သပြေအရှေ့ ၇လမ်း၊ အမှတ် ၅၄၂နေ ဒေါ်ခင်မြအေး၏ခင်ပွန်း၊ ကိုမြင့်စိုး-မမြ မြသွင်၊ ကိုကျော်ကျော်စိုး-မဇာဇာသွင်၊ ကိုသာထွန်းကျော် - (မသီသီသွင်)၊ ကိုမောင်မောင်အောင် - မဥမ္မာအောင် တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူး နေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၈-၁၁-၂၀၁၃ရက် (သောကြာ နေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်

နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ကျိုက်ဒေးယျံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မဟာအတုလသဒ္ဓမ္မရုံသီ သာသနာ့ဗိမ္မာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဩဝါဒါစရိယဖြစ်တော်မူသောကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်သည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) ၁-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်)၂၀-၁၁- ၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စံကျောင်းချမင်္ဂလာကျင်းပ၍ (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ၂၄-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

အကြိုဓမ္မပူဇာအဖြစ် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ဘဒ္ဒန္တမေဃိယ (ရွှေသန်လျက်ဆရာတော်)၊ ၂၀-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဒ္ဒန္တပညာ ဇောတ(ကျုံးဒေါင့်-ဝိပဿနာကျောင်း) ပဲခူးမြို့၊ ၂၁-၁၁-၂၀၁၃ရက်(ကြာသပတေး နေ့)တွင် ဘဒ္ဒန္တဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကျိုက်ဒေးယျံဆရာတော်) တို့မှ တရားတော်များဟောကြားပါမည်။ အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်းမြို့)

အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်တို့၏ ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်းမြို့)သည် ၂-၁၁-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်း)

အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်တို့၏ ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်း)သည် ၂-၁၁-၂၀၁၃ရက် (စနေ နေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊
စက်မှုဝန်ကြီးဌာန

ဦးကြည်ညွန့် (စစ်ကိုင်း)

ဒုတိယဝန်ကြီး၊ ပြည်ထဲရေးနှင့်သာသနာရေး(ငြိမ်း)
မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်(နာယက)
အင်အားဂျာနယ် အယ်ဒီတာချုပ်
အသက်(၈၃)နှစ်

စစ်ကိုင်းမြို့(ဦးလင်း-ဒေါ်ခင်)တို့၏သား၊(ဦးဖိုးကြည်-ဒေါ်အေး)တို့၏သား သမက်၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ ကျောင်းလမ်း၊ အမှတ် ၂၃နေ ဒေါ်အေးမြင့် (ကထိက၊ ငြိမ်း၊ မနုဿဗေဒ၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးချစ်လှိုင်(နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်ကြည်ကြည်သန်း(အကောက်ခွန်၊ ငြိမ်း)တို့၏ဖခင်၊ မောင်သန့်ဇင်ထွန်း၊ မနှင်းသီရိ၊ မောင်နေမျိုးသီဟတို့၏အဘိုးသည် ၇-၁၁- ၂၀၁၃ရက် ၀၀း၁၅နာရီတွင် ကောင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေး ဗိုလ်လောင်းတက္ကသိုလ်သို့ ခန္ဓာကိုယ် အား လှူဒါန်းခဲ့ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး

တပ်မတော်(ရေ)(ငြိမ်း)
အသက်(၇၆)နှစ်

ဗိုလ်မှူးကြီးကျော်ကျော်ဦး [စစ်ဦးစီးဗိုလ်မှူးကြီး (ရေ)]-ဒေါ်တင်အေးမွန် သန်းတို့၏ဖခင် ဗိုလ်မှူးကြီးတင်ဦး [တပ်မတော်(ရေ)(ငြိမ်း)]သည် ၃-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးမောင်မောင်မြင့်-ဒေါ်ခင်ဆွေဝင်း

ဒေါ်သိန်းမြ (ကျောက်ဖြူ)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မဟာဆွေ ၂လမ်း၊ အမှတ် ၁၁နေ(ဦးအေးဖေ)၏ဇနီး၊ကိုမောင်မောင် အေး-မခင်မိုးသူ၊ ကိုအောင်ကျော်ဦး- မတင်မေလင်း၊ကိုရဲထွန်း-မစိုးမြတ်မြတ် အေးတို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၅-၁၁-၂၀၁၃ရက် (အင်္ဂါ နေ့)ည ၁၁း၄၅နာရီတွင် KBC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ် လွန်သူ၏ဆန္ဒအရ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

အသက်(၆၁)နှစ်

(ဦးဘိုးဆောင်-ဒေါ်အုံးကြိုင်)တို့၏ သား၊ (ဦးချစ်ဖေ-ဒေါ်မြရှင်)တို့၏သား သမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၃၄/၁၊ ဒေါင်းမင်းလမ်း၊ ၁၄/၂ရပ်ကွက်၊တောင် ဥက္ကလာပမြို့နယ်နေ ဒေါ်သီတာဦး (ဦးချစ်ဖေပွဲရုံ)၏ခင်ပွန်း၊မောင်ကျော်ဇင် ထက်-မသီရိလွင်တို့၏ဖခင်၊မမိုးမြင့်ဘုံ ၏အဘိုးသည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွား ပါသဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်- မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်- စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုတ်တွင်းမြို့နယ် သာဂရကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သာဂရကျေးရွာ သာဂရကျောင်းတိုက်ဓမ္မာရုံ၌ သာဂရတိုက်နယ်အတွင်း နေထိုင်ကြသည့် ရေဘေးသင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံအားပေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ သာဂရတိုက်နယ်အတွင်းရှိ ကျေးရွာများဖြစ်ကြသော သာဂရ၊ လေးအိမ်စု၊ မြင်းစု၊ အောင်ကြီး၊ ရွာသစ်၊ ခေါင်ရမ်း၊ ကုလားရွာနှင့် ချစ်ကြည်စုကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူ ၅၀၀ ကျော် တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သာဂရမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၇

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဗဟိုကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် လွတ်လပ်ရေးနေ့ကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ **ဥမကွဲသိုက်မပျက် အတူတကွရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊** *စာမျက်နှာ ၈ ကော်လံ ၃* ✳

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ဆက်သွယ်ရေး နည်းဥပဒေ (၅)မျိုးအတွက် ပြည်သူလူထုထံမှ အကြံပြုဆွေးနွေးချက်များ ဖိတ်ခေါ်

နေပြည်တော် နိုဝင်ဘာ ၇

အောက်တိုဘာ ၈ ရက်က ဆက်သွယ်ရေးဥပဒေ(၂၀၁၃)ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ရာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာနည်းဥပဒေမူကြမ်းများကို သိရှိနိုင်စေရန်နှင့် အကြံပြုဆွေးနွေးနိုင်ရန်အတွက် http://www. mcit. gov.mm ဝက်ဘ်ဆိုက်လိပ်စာ၌ ရယူကြည့်ရှုနိုင်သည်။

အကြံပြုဆွေးနွေးချက်များကို ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့်ဖြစ်စေ၊ thanhtunaung@mptngw. net. mm: myanptdpubcon @ gmail.com အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့နိုင်ကြသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသို့ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး စုံစမ်းမှုများပြုလုပ်လိုပါက ဖုန်း-၀၆၇-၄၀၇၄၃၅ နှင့် ၀၆၇-၄၀၇၂၃၁ တို့သို့မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ
၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၈ ရက်။ သောကြာနေ့

Advertisement

ဝန်ထမ်းအလိုရှိသည် (အမြန်)

မော်တာစားစက်ကျွမ်းကျင် မ(၂) ဦး၊ မော်တာစက်ချုပ်ကျွမ်းကျင် မ(၃)ဦး၊ အကူကျွမ်းကျင် မ(၂)ဦး၊ လစာကောင်းပေးမည်။ အိမ်ဆင်းဦးစားပေးမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၇၈၄၉၁၊ ၀၉-၄၉၂၇၁၀၅၀

ကမ္ဘာ့ထိပ်တန်း အမေရိကန်တက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူလိုသူများအတွက်...

- မြန်မာနိုင်ငံမှ BEHS တက္ကသိုလ်ဝင်တန်း၊ GCE ၊ IGCSE နှင့် 12th Grade ပညာရေးအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများအတွက် အမေရိကန်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်ကြီးများသို့ တက်ရောက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများ
- အမေရိကန် တက္ကသိုလ်ကြီးများတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဒီဂရီများကို SAT ၊ GRE ၊ GMAT အစရှိသည့် စာမေးပွဲများ ဖြေဆိုရန် မလိုဘဲ တတ်ရောက်သင်ကြားနိုင်မည့် ပေါင်းကူးပညာရေးလမ်းကြောင်းများ ... စီးပွားရေး၊ နည်းပညာ၊ အင်ဂျင်နီယာ၊ နိုင်ငံရေးသိပ္ပံ၊ လူမှုဝန်ဆောင်မှုနှင့် အုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ပညာရေး၊ ဗိဿုကာ နှင့် အနုပညာ အစရှိသည့် ဘာသာရပ်များကို ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများ
- အမေရိကန် ဘွဲ့ရများအတွက် နိုင်ငံတကာတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းသော ဘာသာရပ်များကို စိတ်တိုင်းကျ ရွေးချယ်နိုင်မည်ဖြစ်ပြီး အမေရိကန် ပညာရေးဆိုင်ရာ ကျောင်းဝင်ခွင့်၊ Work & Study အခွင့်အလမ်းများ နှင့် ဘွဲ့လွန်ကျောင်းသား Internship အခွင့်အလမ်းများ

"အမေရိကန်ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ" ကို ပြုလုပ်မည် ဖြစ်ပါသဖြင့် ကျောင်းသား/သူများ ကြိုတင် စာရင်းပေးသွင်းကြပါရန်။

- နိုဝင်ဘာလ (၉) ရက်၊ ၂၀၁၃ (စနေနေ့)
- နေ့လည် (၁) နာရီမှ (၃) နာရီအထိ
- ဝင်းယခန်းမ၊ ထရေးဒါးစ်ဟိုတယ်၊ ရန်ကုန်။

အဆောင်၅၊ အခန်း၄၊ အမ်အိုင်စီတီပါက်ခ်၊ လှိုင်မြို့နယ်။ (ဖုန်း) ၆၅၂၂၈၈၊ ၅၂၁၁၂၅။ **AT&S** အမှတ်(၁၄၀) ပထပ်၊ စဉ့်အိုးတန်းလမ်း(အထက်)၊ လသာမြို့နယ်။ (ဖုန်း) ၂၅၁၃၃၃၂၊ ၀၉၅၁၂၃၉၇၆။

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော Medicinal Plant Series စာအုပ်များ

သဘာဝဆေးပညာကို လေ့လာလိုက်စားလိုသူများအတွက် ဆေးဖက်ဝင်အပင်တွေရဲ့ ရုက္ခဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ဓာတုဗေဒဆိုင်ရာလေ့လာတွေ့ရှိချက်တွေနဲ့ မည်သည့်ရောဂါကို ပျောက်စေ၍ မည်သို့သုံးစွဲရမည်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသော Medicinal Plant Series စာအုပ်များ...

FAME Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ...

ဖြန့်ချိရေး - FAME Publishing House ၊ အမှတ်(၂၀) မင်းကြီးမဟာမင်းခေါင်လမ်း နှင့် နဝဒေးလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့ ဖုန်း - ၆၈၅၆၀၉၊ ၆၈၂၀၉၉၊ ၆၈၅၀၈၃
Fax: 95-1-680122 E-mail : fph@famepharma.com

STI Education
like no other

" STI နှင့် မြန်မာနိုင်ငံ၏ ပထမဆုံး ထိပ်တန်း ကိုရီးယား SKU တက္ကသိုလ်တို့ ပူးပေါင်း ဖွင့်လှစ်မည့် **Bachelor of Engineering(BE)** ဘွဲ့သင်တန်း"

SEO KYEONG UNIVERSITY
SKU UNIVERSITY

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် IGCSE အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး တောင်ကိုရီးယားနိုင်ငံ Seoul မြို့ Seo Kyeong (SKU) တက္ကသိုလ်မှ ဘွဲ့ ချီးမြှင့်ပါသည်၊
- STI Education တွင် ကျွမ်းကျင်သည့် SKU ၏ သင်ရိုးညွှန်းတမ်းများအား SKU တက္ကသိုလ်၏ ပါမောက္ခများမှ သင်ကြားပေးပါသည်၊
- ကျွမ်းကျင်သည့် ကိုရီးယား တက္ကသိုလ်၏ အင်ဂျင်နီယာဘွဲ့ကို မြန်မာနိုင်ငံ တွင် (၃) နှစ် ကိုရီးယားတွင် (၁) နှစ် တက်ရောက်နိုင်ပါသည်၊
- ကိုရီးယားနိုင်ငံရှိ SKU တက္ကသိုလ်သို့ (၂) ပတ်ခန့် သွားရောက်၍ လေ့လာ သင်ကြားနိုင်ပါသည်၊
- ထို့အပြင် အမေရိကန်နိုင်ငံရှိ UTEP (Texas University) ၌လည်း ဘွဲ့ဆက် ပညာသင်ကြားနိုင်ပါသည်၊
- ၎င်းဘွဲ့ဖြင့် အမေရိကန် နှင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများအား ဆက်လက်တက်ရောက်နိုင်ပါသည်၊
- ဘွဲ့ရပြီးပါက Multi-National Company များနှင့် Korea ကုမ္ပဏီ တို့တွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပါမည်၊

Scholarships Available

Admission OPEN Apply Now

အထူးပြုဘာသာရပ်များ
- Civil and Architectural Engineering
- Electronic Engineering
- Telecommunication Engineering
- Computer Engineering

- SKU မှ ဘွဲ့ကြို/ဘွဲ့လွန် နှင့် ပါရဂူ သင်တန်းပေါင်း (၆၀)ကျော် ဖွင့်လှစ်သင်ကြားလျက် ရှိသည်၊
- SKU တွင် ဘွဲ့ကြိုကောလိပ်(၄)ကျောင်းရှိသည့် College of Humanities, College of Social Science, College of Natural Science and Engineering, College of Arts အပြင် ဘွဲ့လွန်ကျောင်းအများအပြားနှင့် တွဲဖက်၍ သုတေသန ဌာန(၁၂)ခု ရှိပါသည်၊

2013 NOVEMBER INTAKE

STI NEW CAMPUS Block-10, MICT Park, Hlaing Campus, Yangon.
TEL: 09 2500 64451, 09 3170 2299, 507151/52 www.stiedu.net www.skuniv.ac.kr

UNIQUE MARINE TRAINING CENTER

Unique Marine Training Center တွင်
- Workshop Skill Training Course
- Basic Safety Training (4 Tickets)
- Ship Security Awareness Course(SSA)

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ပေ၁၀×ပေ၁၀၀ ကျောက်မျက်ဈေး အနီးရှိ မြေကွက် အမှတ်(G-439)၊ ဧရိယာ(-)ကေအား ဦးမျိုးမြင့်အောင် (ဘ) ဦးမောင်မောင်ညွှန့်၊ ၁၃/မဆတ(နိုင်)၀၄၂၇၂၈အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှချထားသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အမှတ်(G-439)အား အမည်ပေါက်ပိုင်ရှင် ဦးမျိုးမြင့်အောင်(ဘ) ဦးမောင်မောင်ညွှန့်၊ ၁၃/မဆတ(နိုင်)၀၄၂၇၂၈က အဆိုပါမြေကွက်၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားပါ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန်ထရိုက်တာ ဦးဇော်မင်း ၁၂/သဃက(နိုင်)၁၅၁၃၂၃ AB Construction Group လိုင်စင်အမှတ် (၃၆၂) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၃၉၁ မြေကွက်ပေါ်တွင် အလျား ၁၂၅ ပေ× အနံ ၇၅ ပေ အကျယ်အဝန်းရှိ လေးခန်းတွဲ ၃½ ထပ် တိုက်တစ်လုံးဆောက်လုပ်ရန် မြေရှင်ဦးတင်ဝင်းက ကန်ထရိုက်တာ ဦးဇော်မင်း ၁၂/သဃက(နိုင်)၁၅၁၃၂၃၊ ကန်ထရိုက်လိုင်စင်အမှတ် ၃၆၂၊ AB-Construction Group နှင့် ၂၀-၁၂-၂၀၁၁ ရက်က နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို၍ ဦးတင်ဝင်းက ဦးဇော်မင်းသို့ အထွေထွေကိုယ်စားလှယ်လွှဲစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပေးအပ်ခဲ့ပါသည်။

သို့ရာတွင် ကန်ထရိုက်တာ ဦးဇော်မင်းမှ ယနေ့အထိ တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ဆောင်ခြင်းမရှိသေးသည့်အပြင် ဦးတင်ဝင်းနှင့် အတွေ့မခံဘဲ ရှောင်တိမ်းနေပါသည်။

အထူးသဖြင့် မန်စီးတီးမှာ ပန်တီလီမွန်ရှိနေခြင်းဟာ ဂျိုးဟတ်ရဲ့ အနာဂတ်တည်ငြိမ်မှုကို ပိုပြီးခြိမ်းခြောက်ရာရောက်တယ်။ ပန်တီလီမွန်ဆိုတာက ပရီမီယာလိဂ်ပွဲတစ်ပွဲသာ ကစားဖူးသေးတာမှန်တယ်။ ဒါပေမယ့် အရပ်က ၆ ပေ ၈ လက်မ အထိမြင့်တယ်။ ပြီးတော့ မန်စီးတီးမှာသာ ဒုတိယဦးစားပေးဖြစ်နေရတာ။ တကယ်က သူလည်း လက်ရွေးစင်အဆင့် ဂိုးသမားတစ်ဦး။ ရိုမေးနီးယားအသင်းကို ၁၆ ပွဲတိတိ ကိုယ်စားပြုထားတဲ့သူ။ အရပ်အမောင်းမြင့်မားခြင်းက သူ့ရဲ့ ထူးခြားချက်ဖြစ်တဲ့အပြင် နည်းစနစ်ပိုင်းကျွမ်းကျင်ပြီး ပျော့ပျောင်းမှုလည်းရှိကာ ကြိုးစားအားထုတ်မှုကလည်း ထိပ်တန်းဖြစ်သလို ခေတ်နဲ့အညီ အမီလိုက်နိုင်တဲ့ ဂိုးသမားပါလို့ ရိုမေးနီးယားရဲ့ ဂန္ထဝင်ကစားသမားကြီး ဂျော်ဂျီဟာဂီကတောင် ချီးကျူးခဲ့ရတဲ့အထိ ပန်တီလီမွန်က ထူးခြားတယ်။ ဒါကိုက ဂျိုးဟတ်အတွက် အနီးကပ်ဆုံး စိန်ခေါ်မှုလည်းဖြစ်တယ်။

တခြားမကြည့်နဲ့၊ မနှစ်က အက်ဖ်အေဖလားကိုကြည့်။ အဲဒီပြိုင်ပွဲမှာ မန်နေဂျာ မန်ချီနီက ဂျိုးဟတ်ကိုမသုံးဘူး။ ပန်တီလီမွန်ကိုပဲ တောက်လျှောက်သုံးတယ်။ အဲဒီလို ပန်တီလီမွန်ကို သုံးခဲ့တဲ့ ငါးပွဲမှာ မန်စီးတီးဟာ လေးပွဲ ဂိုးလုံးဝမပေးရဘဲ ဗိုလ်လုပွဲတက်တယ်။ ဒီတော့ ဗိုလ်လုပွဲမှာလည်း ပန်တီလီမွန်ကိုပဲ သုံးမယ်လို့ အားလုံးကထင်ခဲ့ကြပေမယ့် ဗိုလ်လုပွဲမှာ မန်ချီနီက ဂျိုးဟတ်ကို ပြောင်းသုံးတယ်။ ဒီလိုသုံးစွဲမှုနဲ့အတူ အဲဒီပွဲမှာ မန်စီးတီးလည်း ဂိုးပေးရပြီး ဝီဂန်ကို ရှုံးကာ ဖလားလက်မဲ့ဖြစ်သွားရတယ်။ ဒါက ဂျိုးဟတ်အတွက် ဘူးလေးရာ ဖရုံဆင့်တဲ့အကြောင်းတရား။ မြေနိမ့်ရာလှံစိုက်တဲ့ သဘောသဘာဝ။

တစ်ခုတော့ရှိတယ်။ ဒီရာသီမှာ ဂျိုးဟတ် အမှားပိုများလာခြင်းက မန်စီးတီးခံစစ်ပိုင်းရဲ့ မတည်ငြိမ်မှုနဲ့တော့ နည်းနည်းဆိုင်တယ်။ ပြောရရင် မန်စီးတီးဟာ ဒီရာသီမှာ နောက်တန်းလေးယောက်ကို အမြဲတစေပြောင်းလဲမှုတွေလုပ်ခဲ့တယ်။ အောက်တိုဘာလကုန်ပိုင်းအထိ ကစားခဲ့တဲ့ပွဲတွေမှာ မန်စီးတီးဟာ ခံစစ်ကို အပြောင်းအလဲ ခြောက်ကြိမ်အထိလုပ်ခဲ့တယ်။ ဒီတော့ ခံစစ်နဲ့ ဂျိုးဟတ်ကြားမှာ နားလည်မှုအဆင့်တစ်ခုအထိ လျော့ကျသွားနိုင်လောက်တဲ့သဘောတော့ရှိတယ်။ ဒါပေမယ့် ဒါကိုက တစ်နည်းစဉ်းစားရရင် သူ့ရဲ့အရည်အသွေးကို အကောင်းဆုံး စမ်းသပ်မှုပဲ။ ဒီလိုခံစစ်နဲ့သူ့ကြားမှာ နားလည်မှုက အဆင့်တစ်ခုအထိ ကျဆင်းနေချိန်မှာ သူ့အနေနဲ့ ပွဲအပေါ် ဘယ်လောက်အာရုံစိုက်မှုရှိသလဲဆိုတာ ပိုပြီးပေါ်လွင်စေသလို သူကိုယ်တိုင်က အဲဒီပွဲအပေါ် အာရုံစိုက်မှုအပိုင်းမှာ အားနည်းတဲ့အခါ သူ့ချို့ယွင်းချက်က ပေါ်လွင်သင့်တာထက် ပိုပြီးထင်ရှားသွားတယ်။

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဆောက်သမ်တန်ကို ၁-၃နဲ့ ရှုံးတဲ့ပွဲကိုပဲပြန်ကြည့်။ သူ့အမှားကြောင့် မန်စီးတီးရှုံးရတာ။ အဝေးက ကန်သွင်းတဲ့ဘောလုံးကို ကာကွယ်ရာမှာလည်း လက်ကလွတ်ကျတဲ့အထိ သူမှားခဲ့လို့ မန်စီးတီးရှုံးခဲ့ရတာ။ အဲဒီရာသီမှာ ဝက်စ်ဟမ်းကိုနိုင်တော့ သူ့အမှားကြောင့်ပဲ မပေးသင့်တဲ့ ချေပဂိုး တစ်ဂိုးကို မန်စီးတီးပေးခဲ့ရတာ။ ကာရိုးလ်ကန်သွင်းတဲ့ဘောလုံးကို ကာကွယ်ရာမှာ ပေါင်ကြားထဲကနေ ဂိုးဝင်တဲ့အထိ သူ့အာရုံစူးစိုက်မှု မရှိခဲ့လို့ မန်စီးတီးချေပဂိုးပြန်ပေးခဲ့ရတာ။ ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး။ ဒီရာသီမှာ သူ့အမှားတွေကြောင့် ကာဒစ်ဖ်၊ ဗီလာ၊ ဘိုင်ယန်၊ ချယ်လ်ဆီးတို့ကို ရှုံးခဲ့ရတာဆိုတော့ သူ့ကို ထိပ်တန်းအဆင့်လို့ သတ်မှတ်နိုင်ပါ့မလား။ နောက်ဆုံးကစားသွားတဲ့ နော့ဝှစ်ချ်နဲ့ပွဲမှာ ပန်တီလီမွန်ကို ပွဲထွက်သုံးခဲ့တဲ့ ပယ်လီဂရီနီရဲ့ ဆုံးဖြတ်ချက်ကိုရော အပြစ်လို့ ပြောလို့ရပါ့မလား။ ပယ်လီဂရီနီကတော့ ပြောပါတယ်။ ဒီလို အနားပေးခြင်းဟာ သူ့လက်စွမ်းပြန်ငြိမ်လာဖို့ပါတဲ့။ အနားယူခြင်းဟာ သူ့အတွက်ကောင်းပြီး သူ့ရဲ့ ပုံမှန်လက်စွမ်းပြန်ရနိုင်ပါတယ်တဲ့။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အတွက်ကတော့ သူ့အမှားတွေနဲ့ နေရာတစ်ခုပျောက်ဆုံးရတော့မလို ဖြစ်လာပြီ။ ဒီတော့ ဒါကို သူဘယ်လိုကုစားမလဲ။ တစ်နှစ်အတွင်းမှာ ကိုးကြိမ်တိုင်မှားခဲ့တဲ့သူ။ ဒါတွေကို ခဝါချပြုပြင်ပြီး မန်စီးတီးနဲ့ အင်္ဂလန်ဂိုးပေါက်ဝမှာ မားမားမတ်မတ်ပြန်ပြီး ရပ်တည်ပြနိုင်ပါ့မလား။ သူ့ရဲ့ အနာဂတ်ဟာ မန်စီးတီးနဲ့ အင်္ဂလန်ရဲ့ အနာဂတ်လည်းဖြစ်တော့ သူဘယ်လိုကြိုးစားမှုတွေနဲ့ ပြန်ရှင်သန်လာမလဲဆိုတာစောင့်ကြည့်ရုံမှတစ်ပါး အခြားမရှိဘူး။ ။

ရိုးမားရဲ့ကံကြမ္မာကို ပြောင်းလဲနိုင်မလားဆိုတဲ့ မေးခွန်းတွေကို အဖြေထုတ်ပေးမယ့် နည်းပြ ရူဒီဂါစီယာ

ယနှစ်ရာသီ စီးရီးအေအမှတ်ပေးဇယားကို ကြည့်မယ်ဆိုရင် ရိုးမားအသင်းရဲ့ ရပ်တည်နေပုံနဲ့ အောင်မြင်မှုတွေက ခမ်းနားတယ်လို့ ပြောရမှာပါ။ ၁၁ ပွဲကစားပြီးချိန်မှာ ၁၀ပွဲနိုင် ၁ ပွဲသရေနဲ့ ဒုတိယနေရာမှာရှိနေတဲ့ နာပိုလီအသင်းကို ၃ မှတ်ဖြတ်ထားပြီး ထိပ်ဆုံးမှာ ရပ်တည်နေတယ်။ ဒီရာသီမှာ ရိုးမားအသင်းနဲ့ အတူအမီလိုက်နေတဲ့အသင်းက နာပိုလီအသင်းပဲရှိပါတယ်။ ဒါပေမယ့် နာပိုလီအသင်းဟာ ရိုးမားအသင်းကို ၂-၀နဲ့ ရှုံးနိမ့်ခဲ့သေးတာပါ။ နာပိုလီအသင်းဟာလည်း နည်းပြသစ်ဘင်နီတက်ဇ် ကိုင်တွယ်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာတော့ ဆုဖလားကို အကောင်းဆုံးခြိမ်းခြောက်နိုင်တဲ့အသင်းလို့ ပြောရမှာပါ။ ဒါပေမယ့်ဘင်နီတက်ဇ်နဲ့စာရင် ရိုးမားနည်းပြ ဂါစီယာရဲ့ လုပ်ဆောင်မှုတွေက ပိုမိုပြောင်မြောက် တယ်လို့ ပြောရမှာပါ။

ဘာဖြစ်လို့လဲဆိုရင် ပြီးခဲ့တဲ့ရာသီက ရိုးမားရဲ့ ရပ်တည်ပုံကိုကြည့်။ စီးရီးအေအမှတ်ပေးဇယားရဲ့ အဆင့် ၆ နေရာမှာ ရပ်တည်နေခဲ့ရပြီး ကိုပါအီတာလီယာ နောက်ဆုံးဗိုလ်လုပွဲမှာလည်း လာဇီယိုကိုရှုံးနိမ့်ခဲ့ရသလို ယူရိုပါလိဂ်ကလည်း စောစီးစွာထွက်ခဲ့ရပါတယ်။ အဲဒီလိုအခြေအနေဆိုးတွေအားလုံးကို ဂါစီယာက မြေလှန်ကာပြောင်းလဲမှုတွေ လုပ်နေတယ်လို့ ပြောရမှာပါ။ တကယ်တော့ ဂါစီယာဟာ အယ်လီဂရီ၊ မာဇာရီတို့လောက် ရိုးမားအသင်းအားကစားဒါရိုက်တာ ဆာဘာတီနီရဲ့ နှစ်ခြိုက်မှုကိုမခံရပါဘူး။ ဒါပေမယ့် အယ်လီဂရီ၊ မာဇာရီတို့က ငြင်းဆိုလိုက်ပြီးတဲ့နောက်မှာတော့ ဆာဘာတီနီဟာ လိုင်လီအသင်းနဲ့အတူ အောင်မြင်မှုရယူပေးနိုင်နေတဲ့ ဂါစီယာဘက်ကိုပြောင်းကာ စိတ်ဝင်စားပြီး ခေါ်ယူခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဂါစီယာဟာ ရိုးမားအသင်းကို စတင်ရောက်ရှိခဲ့စဉ်မှာပဲ အသင်းဟာ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေခဲ့ရတာကြောင့် အသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ အော့ဗာဒို၊လာမီလာနဲ့ မာကွင်ဟိုတို့ကို အသင်းကနေ ရောင်းထုတ်ခဲ့ရပြီး သူတို့ရဲ့နေရာမှာအစားထိုးဖို့အတွက် မိုက်ကွန်၊ ဘီနာတီယာ၊ စထရုမန်နဲ့ အယ်ဂျာဂျစ်တို့ကို ခေါ်ယူခဲ့ပါတယ်။ ဒါ့အပြင် သူဟာ လိုင်လီအသင်းကို ကိုင်တွယ်ခဲ့စဉ်က သူ့ရဲ့လက်အောက်မှာ အစွမ်းကုန်ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ တောင်ပံကစားသမား ဂျာဗင်ညိုကိုလည်း အသင်းကို ခေါ်ယူလိုက်ပါတယ်။

အဲဒီနောက်မှာတော့ ဂါစီယာဟာအသင်းရဲ့ပုံစံကို သူလိုသလိုအကောင်းဆုံး ပြင်ဆင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် သူအသစ်ခေါ်ယူခဲ့တဲ့ ကစားသမားတွေထက် အသင်းမှာ ရှိရင်းစွဲကစားသမားတွေက ပိုမိုကောင်းမွန်စွာ ခြေစွမ်းပြကစားနိုင်နေတာကို တွေ့ရပါတယ်။ ဒီရာသီမှာ ရိုးမားအသင်းဟာ ရဂိုး ၂၅ဂိုး အထိရှိနေပြီး အင်တာမီလန်ပြီးရင် ရဂိုးအများဆုံးအသင်းလို့ ပြောရမှာပါ။ ဒါ့အပြင် ရိုးမားအသင်းဟာ ခံစစ်ကိုအဓိကထားကစားတဲ့ အသင်းလည်းဖြစ်ပြီး တစ်သင်းလုံးဟာ အကောင်းဆုံးခံကစားပြီး တန်ပြန်တိုက်စစ်ကိုသာ အဓိကထားသုံးတာကို တွေ့ရပါတယ်။ သူတို့ရဲ့ အမြန်ကစားပုံဟာ အန္တရာယ်ရှိပြီး အ ကျိုး သက် ရောက် မှုလည်းရှိပါ တယ်။ ဒီနှစ်ရာသီမှာ ရိုးမားအသင်း တန်ပြန်တိုက်စစ်ကနေရတဲ့ဂိုးဟာ စုစုပေါင်း ၅ ဂိုးတောင် ရှိပါတယ်။

ဒါ့အပြင်ဒီနှစ်ရာသီမှာအသင်းရဲ့ တိုက်စစ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း အသင်းနဲ့အတူ အံ့သြဖွယ်ကောင်းလောက်အောင် ခြေစွမ်းပြကစားနေတဲ့ ကစားသမားကတော့ အသင်းရဲ့ ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ တော့တီပါပဲ။ တိုက်စစ်မှူးတော့တီဟာ အသင်းရဲ့ကစားသမားတွေဖြစ်တဲ့ ဂျာဗင်ညို၊ ဖလိုရန်ဇီတို့နဲ့တွဲဖက်ကာ အကောင်းဆုံး ခြေစွမ်းပြကစားနေတာကိုလည်း တွေ့ရပါတယ်။ ရိုးမားအသင်းနည်းပြ ဂါစီယာဟာ လိုင်လီအသင်းကိုကိုင်တွယ်ခဲ့စဉ်က အကောင်းဆုံး တိုက်စစ်အတွဲဖြစ်ခဲ့တဲ့ ဂျာဗင်ညို၊ ဟာဇက်ဒ်၊ မိုဆာစောတို့ အတွဲလိုပဲ တော့တီ၊ ဂျာဗင်ညို၊ ဖလိုရန်ဇီတို့ကို စတင်အသုံးပြုလိုက်ပါတယ်။ ဂျာဗင်ညိုဟာ သူ့ရဲ့ဆရာဟောင်းဖြစ်တဲ့ ဂါစီယာရဲ့သဘော သဘာဝနဲ့အထာကို သိတဲ့အတွက် အီတလီဘောလုံး လောကမှာ လျင်လျင်မြန်မြန်နဲ့အခြေကျကစားနိုင်ခဲ့ပါတယ်။ သူတို့ ၃ ဦးထဲမှာ ဖလိုရန်ဇီက အတွင်းဘက်မှာကစားပေမယ့် တိုက်ရိုက်လည်း ဂိုးတွေသွင်းယူနိုင်ပါတယ်။ တော့တီရဲ့ အသက်အရွယ်ဟာ တိုက်စစ်မှူးတစ်ဦးအနေနဲ့ သံသယဖြစ်စရာဖြစ်နေခဲ့ပေမယ့် အခုအချိန်အထိတော့ အကောင်းဆုံးခြေစွမ်းတွေနဲ့ရှိနေပါသေးတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာတော့ ရိုးမားအသင်းအတွက် တော့တီဟာ ထိပ်တန်းကစားသမားတစ်ဦးအနေနဲ့ ရှိနေပါသေးတယ်။

ဒါ့အပြင် ရိုးမားအသင်းရဲ့ ကွင်းလယ်ကို ကြည့်မယ်ဆိုရင်လည်း ဒီရော့စီ၊ စထရုမန်နဲ့ပီဂျာနစ်တို့ရှိနေတာ နည်းစနစ်ပိုင်းသာမက နည်းဗျူဟာပိုင်းအရပါ ဥရောပရဲ့ အကောင်းဆုံးကွင်းလယ်အနေနဲ့ရှိနေပါတယ်။ ဒါ့အပြင် နည်းပြဂါစီယာဟာ အသင်းရဲ့ကစားကွက်ကို ၄-၃-၃ပုံစံဖြင့်သုံးထားပြီး အသင်းရဲ့ခံစစ်အရှေ့မှာ ကွင်းလယ် ခံစစ်တစ်ဦးကိုလည်း သုံးထားပါတယ်။ ဒီရော့စီကိုတော့ ကွင်းလယ်ပိုင်းမှာ အဓိကထားသုံးတာကိုတွေ့ရပါတယ်။ ဒါ့အပြင် ရိုးမားအသင်းရဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ စထရုမန်ဟာလည်း ဒီနှစ်ရာသီမှာ ဂိုးရရှိဖို့အတွက် ၅ ကြိမ်တိုင် ကူညီပေးခဲ့တဲ့သူပါ။ ဒါကြောင့်သူ့ကို ဒီရော့စီ၊ ပီဂျာနစ်တို့နှင့် တွဲဖက် အသုံးပြုလိုက်တဲ့အခါ အသင်းရဲ့ ကစားပုံဟာ အကောင်းဆုံးပုံစံရသွားခဲ့ပါတယ်။ အသင်းရဲ့ နောက်တန်းကစားသမားတွေကလည်း အသင်းရဲ့ ခံစစ်ပိုင်းကိုအကောင်းဆုံး ထိန်းချုပ်ထားနိုင်တာကို တွေ့ရမှာပါ။ ဒါကြောင့်လည်း ရိုးမားရဲ့ ခံစစ်ပိုင်းဟာ ယခုလက်ရှိ စီးရီးအေမှာတော့ အကောင်းဆုံးအနေအထားရှိနေပါတယ်။

ဒါပေမယ့် ရိုးမားအသင်းရဲ့ အနေအထားဟာ တည်ငြိမ်ပြီလို့ ဆိုနိုင်ပြီလား။ လက်ရှိ အသင်းမှာအကောင်းဆုံးကစားနိုင်တဲ့ အဓိက ကစားသမားဆိုလို့ ၁၇ဦးလောက်သာရှိတာပါ။ ဒါကြောင့် အသင်းအနေနဲ့ ဒဏ်ရာပြဿနာနဲ့သာ ရင်ဆိုင်ရမယ်ဆိုရင် လက်ရှိအနေအထားကို ဆက်လက်ထိန်းထားနိုင်မလား။ ဒါ့အပြင် ဂါစီယာအသုံးပြုနေတဲ့ ၄-၃-၃ကစားကွက်ကလည်း ဟာကွက်တွေရှိနေတဲ့အတွက် ရာသီကုန်အထိ ရလဒ်တွေ ကောင်းနိုင်ပါ့မလား ဆိုတာကတော့ စိတ်ဝင်စားဖွယ်ကောင်းနေပြီး နည်းပြဂါစီယာအနေနဲ့ ရိုးမားအသင်းအတွက် ကံကြမ္မာကို အကောင်းဆုံး ပြောင်းလဲကာ အောင်မြင်မှုတွေ ရယူသွားနိုင်မလားဆိုတာကတော့ . . . .။

"နည်းပြ ဂါစီယာဟာ လိုင်လီအသင်းကို ကိုင်တွယ်ခဲ့စဉ်က အကောင်းဆုံး တိုက်စစ်အတွဲ ဖြစ်ခဲ့တဲ့ ဂျာဗင်ညို၊ ဟာဇက်ဒ်၊ မိုဆာစောတို့ အတွဲလိုပဲ တော့တီ၊ ဂျာဗင်ညို၊ ဖလိုရန်ဇီတို့ကို စတင်အသုံးပြု"

အောင်က

မေဝဲလ်သာအား စွမ်းဆောင်မှုအမြင့်ဆုံးချန်ပီယံအဖြစ် ဂုဏ်ပြု

အမေရိကန်နိုင်ငံသား လက်ဝှေ့သမား မေဝဲလ်သာဂျူနီယာအား WBC ၏ စွမ်းဆောင်မှု အမြင့်မားဆုံးချန်ပီယံ (WBC Supreme Champion)အဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်ကြောင်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ကမ္ဘာ့လက်ဝှေ့ကောင်စီ (WBC)က သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် (၅၁) ကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ကောင်စီ ညီလာခံ၌ မေဝဲလ်သာဂျူနီယာအား စွမ်းဆောင်မှု အမြင့်မားဆုံးချန်ပီယံအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။ WBC က မေဝဲလ်သာကို လက်ဗီးဂက်စ်၌ အထူးအခမ်းအနားကျင်းပ၍ ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ရန်လည်း စီစဉ်ထားသည်ဟု ဆိုသည်။

အသက် ၃၆ နှစ်အရွယ်ရှိ မေဝဲလ်သာဂျူနီယာသည် WBC ၏ စူပါဖယ်တာဝိတ်၊ လိုက်ဝိတ်၊ လိုက်ဝဲလ်တာဝိတ်၊ ဝဲလ်တာဝိတ်နှင့် လိုက်မစ်ဒယ်ဝိတ်တန်း ပြိုင်ပွဲများတွင် ချန်ပီယံခါးပတ်များ ရရှိခဲ့သူဖြစ်သည်။

၁၉၉၆ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ စတင်ဝင်ရောက်ခဲ့သူ မေဝဲလ်သာဂျူနီယာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားသက်တမ်းအတွင်း ၄၅ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရရှိခဲ့ကာ ၂၆ ပွဲတွင် အလဲထိုးနိုင်ခဲ့ပြီး ကျန်ပွဲများတွင် အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ထက်အောင်



ကမ္ဘာ့အဆင့် ၁ နေရာဖြင့် နာဒယ်လ်အလားအလာကောင်းနေ

၂၀၁၃ ခုနှစ် တင်းနစ်ရာသီ၏ ATP တင်းနစ်ပြိုင်ပွဲများအနက် နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ATP World Tour Finals တင်းနစ်ပြိုင်ပွဲအုပ်စုပွဲအဖြစ် စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်လ်နှင့် သူ၏ တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာတို့ ပြီးခဲ့သည့် နိုဝင်ဘာ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် နာဒယ်လ်က ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိသွားခဲ့သည်။ နာဒယ်လ်သည် ဒေးဗစ်ဖာရာနှင့် ၇၄ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။

အဆိုပါ အနိုင်ပွဲကြောင့် လက်ရှိ ATP ကမ္ဘာ့အဆင့် ရပ်တည်မှုအဆင့်၌ အဆင့် ၁ နေရာတွင် ရပ်တည်နေသူ နာဒယ်လ်သည် ၂၀၁၃ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့် ၁ နေရာဖြင့် ပိတ်သိမ်းနိုင်ရန် အလားအလာကောင်းနေပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ATP World Tour Finals တင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့ရပ်တည်မှုအဆင့် ၁ မှ ၈ အတွင်း ရပ်တည်နေသည့် တင်းနစ်သမား ၈ ဦး ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ သို့သော် ယခုနှစ်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့် ၄ တင်းနစ်သမား အင်ဒီမာရေးသည် ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့သည့်အတွက် ကမ္ဘာ့အဆင့် ၉ တင်းနစ်သမားဖြစ်သူ ပြင်သစ်နိုင်ငံသား ရစ်ချက်ဂက်စ်ကွတ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

၂၀၁၃ ခုနှစ် ATP World Tour Finals တင်းနစ်ပြိုင်ပွဲကို လန်ဒန်မြို့၌ နိုဝင်ဘာ ၄ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲ၌ အုပ်စု(က)တွင် နာဒယ်လ် (ကမ္ဘာ့အဆင့် ၁)၊ဒေးဗစ်ဖာရာ(ကမ္ဘာ့အဆင့် ၃) တို့နှင့်အတူ ချက်နိုင်ငံသား တိုမက်စ်ဘာဒိုက် (ကမ္ဘာ့အဆင့် ၆)၊ ဆွစ်ဇာလန်နိုင်ငံသား ဝါရင်ကာ(ကမ္ဘာ့အဆင့် ၈)တို့ ပါဝင်နေသည်။ အုပ်စု (ခ)တွင် ကမ္ဘာ့အဆင့် ၂ တင်းနစ်သမား ဂျိုကိုဗစ်၊ အာဂျင်တီးနားနိုင်ငံသား ဒဲလ်ပိုထရို (ကမ္ဘာ့အဆင့် ၅)၊ ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒရား(ကမ္ဘာ့အဆင့် ၇)နှင့် ပြင်သစ်နိုင်ငံသား ရစ်ချက်ဂက်စ်ကွတ်(ကမ္ဘာ့အဆင့် ၉)တို့ ပါဝင်နေသည်။

ထက်အောင်

» စာမျက်နှာ ၈ မှ

ကမ္ဘောဒီးယားနှင့် စတင်ကစားရမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ ယင်းနှစ်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသလို ဂိုးများများသွင်းယူထားရန်လိုသည်။ ဒါမှလည်း အင်ဒိုနီးရှား၊ ထိုင်းတို့နှင့် ကစားရမည့် ပွဲကျပ်များအတွက် တစ်ပန်းအသာရနေပေလိမ့်မည်။

အုပ်စု(ခ) ပွဲစဉ်များကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ရာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုက မြန်မာအသင်းအတွက် အားတစ်အားဖြစ်ပေလိမ့်မည်။ မြန်မာအသင်းအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး မျှော်လင့်ချက်ထားနေရာ ယင်းရွှေအိပ်မက်က ဖိအားမဖြစ် ရန်လိုသည်။ ကိုယ့်နိုင်ငံတွင် ရွှေတံဆိပ်ရရှိရန် မျှော်လင့်ထားသော်လည်း ဖိအားကင်းကင်းနှင့် ကစားနိုင်ဖို့က အရေးကြီးသည်။ ဒါမှလည်း လိုချင်သည့်အောင်ပွဲကို ရယူနိုင်ပေလိမ့်မည်။ ကစားသမားများဘက်ကလည်း ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့်နိုင်လိုစိတ်ပြင်းပြစွာ ကြိုးစားရန်လိုအပ်သလို ပရိသတ်များကလည်း အားဖြစ်အောင် အားပေးရန်လိုအပ်ပေသည်။ ကွင်းလုံးပြည့်ပရိသတ်တို့၏ အားပေးမှုက အရေးပါသော်လည်း ကစားသမားများကို ဖိအားမဖြစ်စေရန် လိုပေသည်။ မျှတသည့် အားပေးမှုကသာ မြန်မာအသင်း အောင်ပွဲအပေါ် ပံ့ပိုးပေးနိုင်လိမ့်မည်။

မြန်မာယူ-၂၃အသင်း တွေ့ဆုံမည့် အင်ဒိုနီးရှား၊ ထိုင်းအသင်းတို့မှာ ပြင်ဆင်မှုများ ပြုလုပ်နေသော်လည်း ယခုနှစ်အတွင်း မြန်မာအသင်းမှာ ကစားဖူးခြင်းမရှိသေးပေ။ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာ ကြီးမားသည့် ထိုင်းအသင်းမှာ ၂၀၀၉နှင့် ၂၀၁၁ နှစ်နှစ်ဆက်တိုက် အုပ်စုမှ ထွက်ခဲ့ရပြီး အင်ဒိုနီးရှားအသင်းမှာ ၂၀၁၁ပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိထားသည့် အသင်းဖြစ်သည်။ ထိုင်းအသင်းမှာ အာဆီယံဒေသတွင်းမှ အသင်းများနှင့် ခြေစမ်းကစားထားခြင်းမရှိဘဲ မာဒေးကားဖလားပြိုင်ပွဲကိုလည်း ပြိုင်ပွဲနီးမှ ထိုင်းပရီမီယာလိဂ် All Star အသင်းကို စေလွှတ်ခဲ့သည်။ မြန်မာအသင်းမှာ မလေးရှား၊ ဗီယက်နမ်တို့နှင့် အကြိမ်ကြိမ်ခြေစမ်းဖူးသော်လည်း ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် ခြေစမ်းကစားဖူးခြင်း မရှိရာ ခြေစွမ်းအမှန်ကို မှန်းဆရခက်ခဲနိုင်ပေသည်။

မြန်မာအသင်းမှာ ဆီးဂိမ်းတွင်အောင်မြင်မှုရရှိရေးအတွက် မေလကတည်းက ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ခြေစမ်းပွဲများသွားရောက် ကစားခဲ့သလို အစဉ်အလာကြီးမားသည့် မာဒေးကားဖလားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြည်ပအသင်းများကို ဖိတ်ကြား၍ ခြေစမ်းပွဲများ ကစားထားသလို ယခုလည်း တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် ခြေစမ်းပွဲများ ကစားနေလျက်ရှိသည်။ နောက်ဆုံးပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ဂျပန်ယူ-၂၀ အသင်းနှင့် သုဝဏ္ဏကွင်းတွင် ခြေစမ်းမည်ဖြစ်သည်။

ပြိုင်ပွဲအကြိုပြင်ဆင်မှု၊ ကစားထားသည့် ခြေစမ်းပွဲများက မြန်မာအသင်းအတွက် ပြည့်စုံသည်ဟု ဆိုနိုင်သည်။ ကစားသမားများ၏ ဒဏ်ရာအနာတရ ကင်းစင်ရန် လိုအပ်သလို၊ နည်းပြပတ်ဆောင်ဟွာ၏ နည်းဗျူဟာ၊ လူထုတ်ပုံ မှန်ကန်ရန်လိုသည်။ အရေးကြီးသည်က ကွင်းထဲတွင် ရင်ဆိုင်ကစားရသည့် ကစားသမားများ၏ ခံယူချက်ပြင်းပြရန်လိုသည်။ အောင်ပွဲကို ဆာလောင်မွတ်သိပ်ရမည်။ မလိုလားအပ်သည့် ပြစ်ဒဏ်ကျူးလွန်မှုများကို ရှောင်ရှားရမည်။ နိုင်လိုစိတ်ပြင်းထန်ရမည်။ ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှု ရရန် လိုသည်။ ဒါတွေအားလုံးပေါင်းစပ်လိုက်လျှင် မြန်မာယူ-၂၃ဘောလုံးအသင်း ရွှေတံဆိပ်ကို မျှော်မှန်းနိုင်ပေသည်။ မြန်မာတစ်မျိုးသားလုံးက ဘောလုံးရွှေတံဆိပ်ကို မျှော်လင့်နေပါကြောင်း။

မြန်မာ့အလင်း
၈-၁၁-၂၀၁၃ (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီး

ဖွံ့ဖြိုးတိုးတက်လာသည့် ကလေးမြို့

ကလေးမြို့သည် ကောဇာသက္ကရာဇ် ၃၂၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့တွင် ကျေးတောင်ညိုမင်းကြီး စတင်တည်ထောင်ခဲ့သည့်မြို့ဖြစ်ပြီး မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၄၃ မိနစ်မှ ၂၃ ဒီဂရီ ၃၇ မိနစ်အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်မှ ၉၄ ဒီဂရီ ၁၅ မိနစ်အတွင်း ကျရောက်တည်ရှိကာ မြို့လေးမြို့ဖြစ်သည့် ရွှေတောင်မြို့၊ စဉ်းတုံမြို့၊ မန်လုံမြို့နှင့် ခမ်းပတ်မြို့တို့က ကာရံထားသော မြို့ဖြစ်သောကြောင့် ကာလေးမြို့ဟုသမုတ်ခဲ့ရာမှ ယခုအချိန်တွင် ကလေးမြို့ဟု ခေါ်ဆိုခဲ့ပါသည်။

ကလေးမြို့သည် စတင်တည်ထောင်သူ ကျေးတောင်ညိုမင်းကြီးအပါအဝင် မင်းဆက်လေးဆက်ဖြင့် ဆက်လက်တည်ထောင်ထားသည့် မြို့ဖြစ်ပြီး မြို့၏ထူးခြားချက်မှာ တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ်တည်ရှိခြင်း၊ ကန့်လန့်ဖြတ်တည်ရှိသည့် တောင်ဖီလာတောင်တည်ရှိခြင်းနှင့် မြို့တွင်းမြို့လယ်ကောင်တွင် လေယာဉ်ကွင်းကြီးတည်ရှိခြင်းတို့ဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့သည် ရပ်ကွက်ကြီး ၁၉ ရပ်ကွက်၊ ကလေးမြို့နယ်တွင် ကျေးရွာအုပ်စု ၄၁ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ခရိုင်လေးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကလေးမြို့နယ်တွင် လူဦးရေလေးသိန်းကျော် နေထိုင်ကြပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အိမ်ခြေ လူဦးရေတိုးတက်မှုများတွင် အလွန်မြန်ဆန်လှပါသည်။

ကလေးမြို့သည် လမ်းပန်းဆက်သွယ်ရေးတွင် ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ် တမူးမြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ကလေးဝမြို့မှ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့အထိ ရေကြောင်း၊ ကုန်းကြောင်းလမ်းများဆုံရာမြို့ဖြစ်သည့်အပြင် လေဆိပ်နှင့်ရထားဘူတာများ တည်ရှိရာမြို့လည်းဖြစ်သည်။ ပညာရေးတွင် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အထက်တန်းကျောင်း သုံးကျောင်းတည်ရှိပြီး ကျန်းမာရေးတွင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံနှင့် ခုတင် ၁၀၀ ဆံ့ တပ်မတော်ဆေးရုံများရှိသည့်အပြင် စီးပွားရေးတွင်ဆန်ရေစပါးပေါများကြွယ်ဝပြီး မြို့မဈေး၊ ပင်လုံဈေး၊ တာဟန်းဈေးများနှင့် စည်ကားသည့်အပြင် စက်မှုဇုန်လည်းတည်ရှိရာမြို့ဖြစ်သည်။ ယခုအချိန်တွင် ကလေးမြို့သည် မြို့ကြီးအင်္ဂါရပ်နှင့်အညီပြည့်စုံပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာ နေထိုင်ရာမြို့၊ နယ်စပ်ဒေသနှင့် ထိစပ်ပြီး စီးပွားရေးအချက်အချာကျသည့်မြို့ဖြစ်ရာ အလွန်သာယာဝပြောသော မြို့လေးတစ်မြို့ဖြစ်ကြောင်း တင်ပြရေးသားလိုက်ပါသည်။

ဂျူနိုင်း

ရှမ်းပြည်နယ်

ပြည်ထောင်စုစိတ်ဓာတ်နှင့် ပင်လုံကျောက်တိုင်

မိုးဦးလွင် (လွိုင်လင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ် ကျောက်တိုင်)အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရက ပြည်ထောင်စု ဘတ်ဂျက်ငွေ ကျပ်သိန်း ၇၀၀၀ ဖြင့် အကုန်ကျခံ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပင်လုံပြည်ထောင်စုကျောက်တိုင်ကြီးအား နိုင်ငံတော်အဆင့်ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဩဂုတ်လ ၂၂ ရက်နေ့က လွိုင်လင်ခရိုင် ခရီးစဉ်တွင် ပင်လုံကျောက်တိုင်သို့သွားရောက်၍ ဂါရဝပြု အလေးပြုပြီးနောက် ပင်လုံကျောက်တိုင်ရင်ပြင်၌ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပင်လုံဘုရားဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာတွင် ပင်လုံကျောက်တိုင်ကွင်းနေရာကို ယခုထက်ပိုမိုခမ်းနားထည်ဝါအောင် ပြုပြင်ဆောင်ရွက်ရန်၊ စာချုပ်တွင်ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီး ၂၃ ဦးတို့၏ ကိုယ်ရေးအချက်အလက်များစုဆောင်းထားပြီး ပြတိုက်ဆောက်ရန်၊ ကျောက်တိုင်ဝင်းပတ်လည်ဧရိယာများကို မြို့ပြစနစ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပစေရေး ဆောင်ရွက်ရန်နှင့် သမိုင်းဝင်နေရာဖြစ်၍ လူငယ်များ လာရောက်လေ့လာ အပန်းဖြေနားနေရန် နေရာအဖြစ် ဆောင်ရွက်သွားရန်လမ်းညွှန်ခဲ့သည်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပင်လုံကျောက်တိုင်ဝင်းကို ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ခမ်းရွှေဝါထွန်းကုမ္ပဏီမှ ရောက်ရှိလာပြီး လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိလိုက်ပါ၍ ပင်လုံကျောက်တိုင်တွင် တာဝန်ရှိဌာနဆိုင်ရာများ၊ ပင်လုံမြို့နယ်ခွဲမှ မြို့မိ မြို့ဖများ၊ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မှ ဂေါပကအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံကာ ပင်လုံကျောက်တိုင်နှင့် ဝင်းကို ပြုပြင်ခြင်း၊ အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စ၊ မြေယာရှုခင်း ဆောင်ရွက်မည့်ကိစ္စ၊ သမိုင်းဝင်အထောက်အထားများ စုဆောင်းခြင်းနှင့် စာတမ်းပြုစုခြင်း ဆောင်ရွက်မည့်ကိစ္စ၊ နားနေဆောင်နှင့် ပြတိုက်ဆောင်ရွက်မည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများကလည်း အကြံပြုပူးပေါင်း ဆွေးနွေးကြရာ ကျောက်တိုင်၏ အနောက်ပိုင်း အခြမ်းကို လေကာသစ်ပင်များ စိုက်ပျိုးပေးစေလိုကြောင်း ဆွေးနွေးကြသည်။

ပင်လုံကျောက်တိုင် ဘက်စုံပြုပြင်ရေးလုပ်ငန်းများတွင် ပြတိုက်ပြခန်းများ ပါဝင်မည်ဖြစ်ရာ ပင်လုံကျောက်တိုင်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် သမိုင်းဆိုင်ရာ အချက်အလက်များ ရှာဖွေစုဆောင်းပြီး ပြတိုက်၌ပြသရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည်။ လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပင်လုံကျောက်တိုင်နှင့်ပတ်သက်သည့် သမိုင်းဆိုင်ရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ် ကျောက်တိုင်)အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရက ပြည်ထောင်စု ဘတ်ဂျက်ငွေ ကျပ်သိန်း ၇၀၀၀ ဖြင့် အကုန်ကျခံ ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်။

အချက်အလက်များကို ရှာဖွေစုဆောင်းရန် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်တင်မာကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဖွဲ့ဝင် ၁၀ ဦးပါ ပင်လုံကျောက်တိုင် သမိုင်းအချက်အလက်များစုဆောင်းရေး ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ယင်းကော်မတီအဖွဲ့သည် အောက်တိုဘာလ ၂၅ ရက် နံနက် ၁၀ နာရီက ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်ရုံးခန်း၌ ညှိနှိုင်းဆွေးနွေးကြပြီး ကော်မတီဝင်များအားလုံးသည် ကိုယ်စီကိုယ်ငသမိုင်းဆိုင်ရာအချက်အလက်များ ရှာဖွေစုဆောင်းကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပင်လုံမြို့ရှိ သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ရှမ်းစော်ဘွားများ၊ ကချင်ကိုယ်စားလှယ်များ၊ ချင်းကိုယ်စားလှယ်များ၊ လူထုကိုယ်စားလှယ်များ စသည့် ကိုယ်စားလှယ် ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသော စားပွဲခုံနေရာကို သဲဖြူခင်း၊ ရာဇမတ်ကာ သပြေပင်၏ သစ်သားကို ယာယီကျောက်တိုင်အဖြစ် စိုက်ထူကာ ထိန်းသိမ်းခဲ့ကြသည်။ ထိပ်ဖျားမှ မြေပြုပ်ခြေရင်းအထိ ၁၂ ပေရှည်သည်။

ပင်လုံစာချုပ်လက်မှတ်ရေးထိုးပြီးနောက် လေးနှစ်ခန့်အကြာ ၁၉၅၁ ခုနှစ်တွင် ပင်လုံမြို့စား ဦးစံမြက ပင်လုံစာချုပ်အထိမ်းအမှတ်သပြေတိုင်အဖြစ်မှ ကျောက်တိုင်အဖြစ်သို့ ရောက်ရန် ပြောင်းလဲစိုက်ထူခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်း၏ ပြုပြင်မွမ်းမံမှုကြောင့် ယနေ့အထိ ပုံပါအတိုင်း မြင်တွေ့ရမည်ဖြစ်သည်။

ပင်လုံကျောက်တိုင်အား ဘက်စုံပြုပြင်မွမ်းမံပေးနိုင်ရန် ဒေသခံများက မျှော်လင့်ခဲ့ကြသည်မှာ အချိန်အတိုင်းအတာတစ်ခုထိ ကြာမြင့်ခဲ့ပြီးနောက် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရ၍ ဒေသခံများက ဝမ်းသာပီတိဖြစ်ကြရသလို ပြည်ထောင်စုစိတ်ဓာတ်များသည်လည်း ယခင်ကထက် ပိုမိုရှင်သန်ခိုင်မာလာကြသည်ကို တွေ့ရှိရပေသည်။

ပင်လုံကျောက်တိုင်အား ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦး၏ ရင်တွင်းစကားကိုလည်း ကြားသိခဲ့ရသည်။ "ဒီပင်လုံကျောက်တိုင်ကြီးကို ဘက်စုံပြုပြင်ပြီး ပြတိုက် ပြခန်း၊ ပန်းဥယျာဉ်တွေနဲ့ တည်ဆောက်သွားမယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်၊ ဒီမှာရှိတဲ့လူတွေလည်း ဗဟုသုတတိုးသလို လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေကိုလည်း ပြစရာနေရာတစ်ခု တိုးလာတာပေါ့။ ကောင်းပါတယ်၊ ဒါဟာလည်း မြန်မာနိုင်ငံရဲ့ အရေးပါတဲ့နေရာတစ်ခုပါပဲ၊ အမြန်ဆုံးနဲ့ အောင်မြင်အောင် အကောင်အထည်ပေါ် လာပါစေလို့ ဆန္ဒပြုပါတယ်"။

ကရင်ပြည်နယ်

ကုန်စည်စီးဆင်းမှုကို အဆင်ပြေချောမွေ့စေသည့် (ဂျိုင်း)ကော့ကရိတ်

ကရင်ပြည်နယ်ရှိ ကော့ကရိတ်မြို့နှင့်ကျုံဒိုးမြို့သည် ယခင်က နယ်မြေမအေးချမ်းသဖြင့် ဖွံ့ဖြိုးမှုများ ကြန့်ကြာနှောင့်နှေးခဲ့ရပြီး မြဝတီ- ဘားအံစသည့်မြို့များသို့ ဖြတ်သန်းသွားလာ ကူးသန်းရောင်းဝယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးကြောင့် အခက်အခဲများဖြစ်ပေါ်၍ ကုန်သွယ်မှုစီးဆင်းမည်ဆိုပါက တစ်လမှ တစ်ခါ၊ ဆယ့်ငါးရက်မှတစ်ခါ ကူးသန်းသွားလာ ရောင်းဝယ်ကြရသည်။ ထိုသို့ ကူးသန်းရောင်းဝယ်ဖြတ်သန်းရာတွင် ကုန်ပစ္စည်းတင်ကားနှင့် မော်တော်ယာဉ်များနည်းပါးသဖြင့် ခြေကျင်၊ စက်ဘီး၊ ကား၊ ဇက်၊ သင်္ဘောများဖြင့် ကုန်တင်ကုန်ချ ရောင်းဝယ်ဖြတ်သန်းခဲ့ကြရသည်။ ရေလမ်းတွင် ကျုံဒိုးမြို့ရှိ ဟောင်သရောမြစ်မှ ဖြတ်သန်းခုတ်မောင်းသော စက်လှေ၊ ဇက်၊ မော်တော်၊ သင်္ဘောများဖြင့် ကုန်ပစ္စည်းများ တင်ပို့၍ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ တင်ပို့ရောင်းချကြရသည်။ ဘားအံမြို့သို့ ကုန်ပစ္စည်းများတင်ပို့ရောင်းချရာတွင် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ကို အမှီသဟဲပြု၍ ဇက်များဖြင့် ဖြတ်သန်းသွားလာရမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးကြန့်ကြာနှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

နိုင်ငံတော်အစိုးရက ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘားအံ၊ ကော့ကရိတ်၊ မြဝတီကားလမ်းကို ကုန်ပစ္စည်းများနှင့် မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဂျိုင်း-ကော့ကရိတ် သံမဏိကြိုးတံတားကို ၂၆-၆-၁၉၉၇ ခုနှစ်တွင် စတင်တည်ဆောက်ပေးခဲ့ရာ ၂၂-၅-၁၉၉၉ ခုနှစ်တွင် တံတားကိုစတင်ဖြတ်သန်း ကုန်သွယ်မှုစီးဆင်းသွားလာနိုင်ခဲ့ပြီးဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက်ကြောင့် အိမ်နီးချင်းနိုင်ငံများမှ ကုန်ပစ္စည်းများကို အပြန်အလှန်ဈေးနှုန်းချိုသာစွာဝယ်ယူသုံးစွဲလာနိုင်သလို မြန်မာနိုင်ငံ၏ ကုန်သွယ်စီးဆင်းမှုများလျင်မြန်လာပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖော်ရွေရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လုပ်ကိုင်နိုင်ကြသည်ကိုလည်း တွေ့ရသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် မြို့တစ်မြို့၏လူနေမှုပုံစံ၊ ရိုးရာယဉ်ကျေးမှု၊ စီးပွားရေးများတိုးတက်လာပြီး မြို့ရွာသန့်ရှင်းသာယာဖွံ့ဖြိုးလာသည်ကို တွေ့ရပေမည်။ ကော့ကရိတ်မြို့သည် ယခုအခါတွင် ဖွံ့ဖြိုးတိုးတက်လာပြီးဖြစ်ရာ လမ်းများ၊ လျှပ်စစ်မီးများ၊ မြန်မာ့စီးပွားရေးဘဏ်၊ စေတီပုထိုး၊ ကျောင်း၊ ဈေး၊ သက်ဆိုင်ရာဌာနများဖြင့် အရင်ကနှင့်မတူ စည်ကားလာသည်။ အလားတူ ကျုံဒိုးမြို့တွင်လည်း ဂျိုင်း-ကော့ကရိတ်တံတားနှင့် ဟောင်သရောမြစ်၏ကျေးဇူးကြောင့် ပြည်သူများ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်ပစ္စည်းများနှင့် ကူးသန်းရောင်းဝယ်သွားလာရာတွင် အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖြတ်သန်းလာနိုင်သည်ကို တွေ့ရှိရပေသည်။

ယခင်က နိုင်ငံခြားသားဘုရားဖူးခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ကရင်ပြည်နယ် ဘားအံမြို့မှ သာမညကျေးရွာထိသာ သွားရောက်လည်ပတ်ခွင့်ရကြပြီး ထိုင်းနိုင်ငံ၏နယ်စပ်မြို့ မဲဆောက်မှ မြဝတီမြို့ထိသာ သွားရောက်လည်ပတ်ကြရသည်။ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့များသို့ ဖြတ်သန်းသွားရောက် လည်ပတ်ရာတွင် နယ်မြေမအေးချမ်းသဖြင့် သွားရောက်လည်ပတ်ခွင့် မရရှိခဲ့ပေ။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် ကရင်တိုင်းရင်းသားအဖွဲ့အစည်းများ ထာဝရအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အတူတကွ ဆောင်ရွက်နိုင်မှုကြောင့် ကော့ကရိတ်မြို့နှင့်ကျုံဒိုးမြို့များသို့ ခရီးသွားဧည့်သည်များ အချိန်မရွေးလာရောက်ဖြတ်သန်း၍ လိုရာခရီးသို့ သွားရောက်ကြည့်ရှုဖူးမြော် လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီ ဖြစ်သည်။ ကရင်ပြည်နယ်သို့ ဧည့်သည်များ ဝင်ရောက်လေ့လာမှုအပေါ် ပြည်နယ်ရှိ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်၍ ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်ပြီး မြို့ပြနှင့် ကျေးလက်ဒေသများအတွက် အသေးစား၊ အလတ်စား၊ အကြီးစားချေးငွေလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်လုပ်ကိုင်ပေးမည်ဆိုပါက ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသားများ၊ တိုင်းရင်းသားပေါင်းစုံ မိဘပြည်သူများ လူနေမှုအဆင့်အတန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိပေါများလာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ဒေသထွက်ကုန် ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဂျိုင်း-ကော့ကရိတ်တံတား။

စာမျက်နှာ ၃ မှ

စည်းချက်ကျကျဖြင့်ကပြသော ရှမ်းရိုးရာကိန္နရီ၊ ကိန္နရာ၊ တိုးနရား၊ ဓား၊ တုတ်သိုင်းအကနှင့် ပဒေသာအကများကိုပါ ရှုစားနိုင်ကြသည်။ ယင်းအကများထဲတွင် လယ်ယာလုပ်ငန်းခွင်နှင့် ပတ်သက်သော အကများလည်း ပါရှိလေရာ ရှမ်းတိုင်းရင်းသားများသည် မိမိတို့၏အသက်သွေးကြော တောင်ယာလုပ်ငန်းကို အလေးအနက်ထားကြောင်း သိနိုင်ပေသည်။

သူတို့သည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အလေးအနက်ထားကြပြီး တောင်ယာကို ချစ်ခင်ကြသည်။ တောင်ပေါ်ဒေသစိုက်ပျိုးရေးလုပ်ငန်းသည် မြေပြန့်မှလယ်ယာစိုက်ပျိုးရေးထက် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရပေသည်။ တစ်နှစ်ပတ်လုံး နေပူမိုးရွာမရှောင်ချွေးနှင့်ရင်း၍ စိုက်ပျိုးရသော စပါးခင်းများမှ စပါးများရင့်မှည့်ချိန်ရောက်လျှင် သူတို့အမောပြေရသည်။ ပင်ပန်းသမျှ ရှင်လန်းရသည်။ ကောက်သစ်ကောက်ဦးပေါ်ချိန်တွင် ခံစားရသော ပီတိအဟုန်ကား အနှိုင်းအဆမရှိတော့ပါပြီ။

ကောက်သစ်လှူပွဲ ကျင်းပခြင်းကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် "ပွဲလှူခေါက်မိုင်တိုင်း"ဟု ခေါ်သည်။ ရှမ်းတိုင်းရင်းသားတို့ ပျော်ရွှင်မဆုံး ပီတိဖုံးချိန်သည် "ပွဲလှူခေါက်တိုင်း" ရာသီစပါး ပေါ်ချိန်ပင်ဖြစ်သည်။

စပါးပေါ်ချိန်တွင် တစ်ဦးချင်း တစ်ကိုယ်ရေ ဝမ်းသာပျော်ရွှင်ရရုံဖြင့် အားမရနိုင်ဘဲ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ခေါ်ကာ ကောက်သစ်လှူပွဲကျင်းပပြီး ဝမ်းမြောက်အနုမောဒနာ တရားကို မျှဝေခံစားစေခြင်းမှာ ရှမ်းတိုင်းရင်းသားများ၏ ရိုးသားဖြူစင်သည့် အလေ့အထများဖြစ်သလို ယခုနှစ်တွင်လည်း ကောက်သစ်လှူပွဲ၏ အနှစ်သာရမှာ ပိုမိုပီပြင်လာတော့မည်ဖြစ်ကြောင်း တင်ပြရပါသည်။

စပါးရင့်မှည့်ချိန်တွင် ရိတ်သိမ်းနေစဉ်။

အသိပေးကြေငြာခြင်း

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဧရိယာအတွင်းရှိ အိမ်ထောင်စုများ ပြန်လည်နေရာချထားရေး လုပ်ငန်း စီမံချက် (Resettlement Work Plan(RWP) for Thilawa Special Economic Zone Phase 1) ကို http://www.mediafire.com/view/dmbchg5u2vg9535/110413_RWP_Final.pdf မှ တဆင့်လည်းကောင်း၊ အောက်ဖော်ပြပါဌာနများတွင် လည်းကောင်း ကြည့်ရှုဖတ်ရှုနိုင်ပါကြောင်းနှင့် ၎င်းလုပ်ငန်း စီမံချက်နှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ဖော်ပြပါဌာနများသို့လိပ်မူ၍လည်းကောင်း၊ e-mail: thilawaygn@gmail.comသို့ လည်းကောင်း(၄-၁၁-၂၀၁၃)နေ့မှ (၂၂-၁၁-၂၀၁၃)နေ့ အထိ ပေးပို့နိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်-

၁။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ(ယာယီရုံး)
ကျောက်တန်းမြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ-၂
၂။ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
၃။ ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီ

စားဝတ်နေရေး ပြည့်စုံရေး မီးဘေး မပေါ်နိုင်

UNIQUE STAR TRAVELS.
တောင်ကြီး အင်းလေး Nov: 13, 14, 15 / Dec: 21, 29 (205,000)
ပုဂံ-မန္တလေး ပြင်ဦးလွင် Nov: 15 / Dec: 21 (195,000)
ချောင်းသာ Daily (Hotel Max) (70,000) / ငွေဆောင် (Friday) (80,000)
(5), Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd. Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

ဘဝကို အလှဆင်၊ ဒေသကိုအကျိုးပြု တို့အိမ်တွင်းမှု

အစောဆုံးဖွင့်လှစ်ခဲ့သည့်အိမ်တွင်းမှုကျောင်းများ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် နယ်စပ်ဒေသအသီးသီးတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးခဲ့ရာ ၁၉၉၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော တာချီလိတ်သင်တန်းကျောင်းနှင့် ၁၉၉၂ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော ကော့သောင်းကျောင်းများသည် အစောဆုံးဖွင့်လှစ်ခဲ့သော သင်တန်းကျောင်းများ ဖြစ်ကြသည်။ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်ချုပ်သင်တန်း၊ သိုးမွေးထိုးသင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ ရွှေခြည်ထိုး ငွေခြည်ထိုးသင်တန်းနှင့် အချက်အပြုတ်နှင့် မုန့်လုပ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်

ယနေ့အချိန်၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၆ ကျောင်းကို တိုင်းဒေသကြီး /ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း အောက်ပါအတိုင်း ဖွင့်လှစ်ပေးထားပြီးဖြစ်ပါသည်-

ကချင်ပြည်နယ်	ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ဗန်းမော်
ကယားပြည်နယ်	လွိုင်ကော်
ကရင်ပြည်နယ်	ဘားအံ၊ မြဝတီ၊ မြိုင်ကြီးငူ
ချင်းပြည်နယ်	ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ဟားခါး၊ ကန်ပက်လက်
မွန်ပြည်နယ်	မုဒုံ၊ ရေး
ရခိုင်ပြည်နယ်	မောင်တော
ရှမ်းပြည်နယ်	မူဆယ်၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်
စစ်ကိုင်းတိုင်းဒေသကြီး	ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ ခန္တီး
တနင်္သာရီတိုင်းဒေသကြီး	မြိတ်၊ ကော့သောင်း
မကွေးတိုင်းဒေသကြီး	ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ	လေရှီး၊ လဟယ်၊ နန်းယွန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

သင်ကြားပေးသည့် ဘာသာရပ်များ

အခြေခံစက်ချုပ်ပညာ၊ အဆင့်မြင့်စက်ချုပ်ပညာ၊ ဇာထိုးပန်းထိုး၊ အချက်အပြုတ် ပညာရပ်များအပြင် ဒေသ၏ ရေမြေသဘာဝ ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် သိုးမွေးထိုးစက်ဆွဲအတတ်ပညာ၊ ကနုကမာကျောက်စီပန်းချီပညာရပ်များ၊ ရက်ကန်းအတတ်ပညာစသည်တို့ကို သင်ကြားပေးလျက်ရှိသည်။ ယင်းသို့ သင်ကြားပေးနိုင်ရေးအတွက် သင်တန်း ကျောင်းအုပ်များ၊ ဒုတိယကျောင်းအုပ်များ၊ နည်းပြများအား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ မွမ်းမံသင်တန်းများ တက်ရောက်စေလျက် အဆင့်မြင့်အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပို့ချပေးခဲ့သည်။

ကြိမ်နှင့်ဝါးသည် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ပေါများစွာ ပေါက်ရောက်လျက်ရှိသည့် သဘာဝကုန်ကြမ်းဖြစ်သည်။ လက်ရာမြောက် ကြိမ်၊ ဝါးလက်မှုပစ္စည်းများသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်ရာ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူလေးများအနေဖြင့် ကြိမ်၊ ဝါး အခြေခံလက်မှုအတတ်ပညာများကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ထားခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် အိမ်တွင်းလက်မှုလုပ်ငန်း (ကြိမ်၊ ဝါး) သင်တန်းအမှတ်စဉ် (၁) ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဗဟိုလေ့ကျင့်ရေးကျောင်း၌ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်၊ ငါးသိုင်းချောင်းဒေသမှ ပညာရှင်များ လာရောက်သင်ကြားပို့ချပေးခဲ့သည်။

ဘဝကို အလှဆင်၊ ဒေသကိုအကျိုးပြု

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ သင်တန်းဆင်း တိုင်းရင်းသူအရေအတွက်မှာ ၁၉၉၂ ခုနှစ်မှ ယနေ့ထိ ၄၉၉၈၄ ဦး ဖြစ်ပေရာ နှစ်စဉ်တိုင်းရင်းသူ ၂၄၀၀ ဦးခန့် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ ယင်းကဲ့သို့ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သော၊ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် မိမိတို့အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားလေးစားမြတ်နိုးတတ်သော အမျိုးကောင်းသားသမီး များစွာပေါ်ထွက်စေခဲ့သည်။ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ်များ၏ လူမှုဘဝကိုမြင့်မားတိုးတက်စေခဲ့သည်။ လက်မှုအတတ်ပညာများကို မိမိတို့ဒေသအလိုက် လက်ဆင့်ကမ်းပြန့်ပွားစေခဲ့သည်။ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသည် တိုင်းရင်းသူလေးများ၏ဘဝကို အလှဆင်ပေးသကဲ့သို့ နယ်စပ်ဒေသအသီးသီးကိုလည်း အကျိုးပြုလျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

မြင့်စိုး(နတလ)

မန္တလေးတိုင်းဒေသကြီး

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည့်

သံတော်မြတ်ဘိလပ်မြေစက်ရုံကြီး ပေါ်ပေါက်လာတော့မည်

ယနေ့မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိရာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်အရပ်ရပ်နှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက်နည်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ ဝင်လာမစဲတသဲသဲ နိုင်ငံပေါင်းစုံမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ယခုထက် ပိုမိုဝင်ရောက်နိုင်ရေးအတွက် စီးပွားရေးပညာရှင်များ ထောက်ပြဝေဖန်လျက်ရှိသည့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ပြည့်မီရန်အတွက် အဓိကကုန်ကြမ်းဖြစ်သည့် ဘိလပ်မြေကို နိုင်ငံအတွင်းမှ တစ်နှစ် လျှင် တန်လေးသန်းခန့်သာ ထုတ်လုပ်လျက်ရှိပြီး လုံလောက်စွာထုတ်လုပ်နိုင်စွမ်း မရှိသေးသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းရလျက်ရှိသည်။

အခြေခံအဆောက်အအုံအတွက် အဓိကကုန်ကြမ်းဖြစ်သည့် ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ကျောက်ဆည်မြို့၏ အရှေ့ဘက် မှိုင်းပန်ကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ မှိုင်းပန်ကျေးရွာပိုင် ကွင်းအတွင်း သံတော်မြတ်တောင်ကိုအမှီပြုပြီး အကျယ်အဝန်း ၁၆၅ ဒသမ ၇၆ဧကရှိ သံတော်မြတ်ဘိလပ်မြေစက်ရုံကြီးကို တည်ဆောက်လျက်ရှိသည်။ သံတော်မြတ် ဘိလပ်မြေစက်ရုံကြီးကို သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ပေါ်နိုင်အောင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များပေါင်းစပ်ထည့်ဝင်ပြီး၂၀၁၀ ခုနှစ်တွင် တည်ဆောက်ဖော်ဆောင်လျက်ရှိသည်။

ဘိလပ်မြေထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ်အသုံးပြုသည့် ထုံးကျောက်နှင့် ရွှံ့စေးတို့ကို စီမံကိန်း ဧရိယာဝန်းကျင်မှ ရယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ကုန်ကြမ်းများကို အခြားဒေသများမှ ရယူသွားမည် ဖြစ်သည်။ ကုန်ကြမ်းအဖြစ် အဓိကအသုံးပြုရသည့် ထုံးကျောက်တောင်ရရှိမှုနှင့် ပတ်သက်ပြီး "ကျွန်တော်တို့ ထုံးကျောက်ကို ဒီသံတော်မြတ်တောင်က ရယူသွားမှာပါ၊ ဒီလုပ်ကွက်က စက်မှုဝန်ကြီးဌာနက ရထားတာပါ၊ စက်မှုဝန်ကြီးဌာနကနေ ကျွန်တော်တို့အတွက် ပြန်ပြီး ခွဲပေးတာပါ၊ ခွဲပေးတာလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ သတ္တုဝန်ကြီးဌာနကို ပြန်အပ်၊ ကျွန်တော်တို့က ပြန်လျှောက်ပြီး ရယူတာပါ၊ နှစ် ၂၀ စာချုပ်နဲ့ပါ"ဟု စီမံကိန်းမန်နေဂျာက ထပ်မံပြောကြားသည်။

သံတော်မြတ်ဘိလပ်မြေစက်ရုံကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြချိန်ကတည်းက တစ်ပါးတည်း ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြခဲ့ကြောင်း၊ စက်ရုံကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဘိလပ်မြေစက်ရုံ၏ မီးခိုးခေါင်းတိုင်မှထွက်ရှိသောဖုန်မှုန့်များကို ဖုန် စုပ်စက်တပ်ဆင်ကာ ၉၉ ဒသမ ၉ရာခိုင်နှုန်းထိ သန့်စင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထွက်ရှိလာမည့် အပူငွေ့များကို ဘွိုင်လာအိုးတစ်လုံးတည်ဆောက်ကာ ရေနွေးငွေ့ဖြင့် လျှပ်စစ်ပြန်လည်ထုတ်ယူမည်ဖြစ်ကြောင်း၊ အဆိုပါထုတ်ယူမည့်လျှပ်စစ်သည် စက်ရုံတစ်ခု လုံး၏ လျှပ်စစ်လိုအပ်ချက် ၁၀ ရာခိုင်နှုန်း ပြန်လည်ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မပျက်စီးစေရန်အတွက် သစ်ပင်များအစားထိုး စိုက်ပျိုးရန် ယခုအချိန်ကတည်းက သစ်ပင်များ ပျိုးထားကြောင်း စီမံကိန်းမန်နေဂျာက ပြောကြားခဲ့သလို စက်များအအေးခံသည့် ရေများကိုလည်း သန့်စင်ပြီး ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေသုံးစွဲမှု ထုထည်လျော့နည်းသွားမည်ဖြစ်ကြောင်း စီမံခန့်ခွဲမှုမန်နေဂျာ ဦးသန်းယု၏ ပြောပြချက်များအရ သိရှိရသည်။

သံတော်မြတ် ဘိလပ်မြေစက်ရုံ စီမံကိန်းမှာ စက်ရုံကြီးမပြီးစီးခင်ကတည်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံများ၏ အကျိုးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊နိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးဆိုသည့် ရည်မှန်းချက်သုံးရပ်ကို ဆောင်ရွက်လျက်ရှိရာ စက်ရုံဧရိယာအတွင်းရှိ သာသနိကအဆောက်အအုံများ ပြင်ဆင်ခြင်းအပြင် စီမံကိန်းတည်ရှိရာ နယ်မြေဒေသများတွင် လျှပ်စစ်မီးလင်းရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ လိုအပ်သည်များ ကူညီထောက်ပံ့ခြင်းနှင့် သွားလာမှုလွယ်ကူစေရန် လမ်းတံတားများ ဖောက်လုပ်ပေးခြင်း၊ ဒေသခံများ၏ ကျန်းမာရေး၊ရိုးရာပွဲတော်များတွင်လည်း လှူဒါန်းပါဝင်ပေးခြင်းများကို ယခုအချိန်ကတည်းက ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံ ကဏ္ဍအတွက် အဓိကကုန်ကြမ်းဖြစ်သည့် ဘိလပ်မြေကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ တစ်နှစ်တန်ချိန် ၁ ဒသမ ၂ သန်းခန့် ထုတ်လုပ်ပေးသွားမည် ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရှိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မြန်မာ့အလင်း
၈-၁၁-၂၀၁၃ (သောကြာနေ့)

MAN UTD VS ARSENAL

Team	League	FACup	Capital One	European Cup	Community Shield	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
မန်ယူ	၂၀	၁၁	၄	၃	၂၀	-	၁	၁	၁	၁	၆၂
အာဆင်နယ်	၁၃	၁၀	၂	-	၁၂	-	၁	-	-	-	၃၈



PREDICTED TEAM

ဖူလ်ဟမ်နှင့်ပွဲတွင် မန်ယူ၏ကစားပုံကောင်းမွန်ခဲ့သည်။ အထူးသဖြင့် ရွန်းနေနှင့်ဗန်ပါစီ တွဲဖက်ပိုမိုလာခြင်းကြောင့် တိုက်စစ်ကစားပုံ ကောင်းမွန်လာသည်။ သို့သော် ကွင်းလယ်လို အပ်ချက်အချို့ရှိနေသေးသည်။

KEY PLAYER

ရွန်းနေ(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	-	၅ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	-	၉ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	-	၂၂၁ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	-	၁၄၆ဂိုး
မန်ယူအတွက် ပွဲကစားမှု	-	၄၁၆ပွဲ
မန်ယူအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး	-	၂၀၄ဂိုး

PREDICTED TEAM

အာဆင်နယ်၏ခြေစွမ်း အတည်ငြိမ်ဆုံးပုံစံတွင် ရှိသည်။ ရမ်ဆေးနှင့် အိုဇေးလ်တို့ကြောင့် ကွင်းလယ်ကစားပုံကောင်းမွန်သည်။ သို့သော် တိုက်စစ်မှူးဂီရောက်ဒ်၏ခြေသည် တည်ငြိမ်မှု မရှိသေးပေ။

KEY PLAYER

ရမ်ဆေး(ကွင်းလယ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	-	၆ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	-	၁၀ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	-	၂၄ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	-	၁၃ဂိုး
အာဆင်နယ်အတွက် စုစုပေါင်းပွဲကစားမှု	-	၁၆၅ပွဲ
အာဆင်နယ်အတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး	-	၂၁ဂိုး

သတင်းအဖွဲ့

Last 5 matches record

W(1-3)	W(3-2)	D(1-1)	W(1-2)	L(1-2)

Last 5 matches record

W(2-0)	W(0-2)	W(4-1)	D(1-1)	W(1-2)

ပရီမီယာလိဂ် ပွဲစဉ်(၁၁)

ဗီလာ	-	ကာဒစ်ဖ်	ည	၉း၃၀	(၉-၁၁-၁၃)
ချယ်လ်ဆီး	-	ဝက်စ်ဘရွန်း	ည	၉း၃၀	(၉-၁၁-၁၃)
ပဲလေ့စ်	-	အဲဗာတန်	ည	၉း၃၀	(၉-၁၁-၁၃)
လီဗာပူး	-	ဖူလ်ဟမ်	ည	၉း၃၀	(၉-၁၁-၁၃)
ဆောက်သမ်တန်	-	ဟားလ်	ည	၉း၃၀	(၉-၁၁-၁၃)
နော့ဝှစ်ချ်	-	ဝက်စ်ဟမ်း	နံနက်	၁း၀၀	(၁၀-၁၁-၁၃)
စပါး	-	ကာဆယ်	ည	၆း၃၀	(၁၀-၁၁-၁၃)
ဆန်းဒါးလန်း	-	မန်စီးတီး	ည	၈း၃၅	(၁၀-၁၁-၁၃)
မန်ယူ	-	အာဆင်နယ်	ည	၁၀း၄၀	(၁၀-၁၁-၁၃)
ဆွမ်ဆီး	-	စတုတ်	ည	၁၀း၄၀	(၁၀-၁၁-၁၃)

Five classic matches

မန်ယူ ၂-၁ အာဆင်နယ်
၃-၁၁-၁၂ (ပရီမီယာလိဂ်)

ပွဲအစ ၃မိနစ်မှာပင် ဗန်ပါစီက မန်ယူအတွက် အဖွင့်ဂိုးသွင်းယူမှုကို အာဆင်နယ်တို့ ပြန်မချေပနိုင်သည့်အပြင် ၆၇မိနစ်တွင် အီဗရာက မန်ယူအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် ချေပဂိုးကိုမူ နာကျင်အချိန်ပိုရောက်မှ ကာဇိုလာက သွင်းနိုင်ခဲ့သည်။ ၆၉ မိနစ်တွင်လည်း ဝီလ်ရှီယား အထုတ်ခံရသေးသည်။

မန်ယူ ၈-၂ အာဆင်နယ်
၂၈-၈-၁၁ (ပရီမီယာလိဂ်)

အာဆင်နယ်အရှုံးကြီးရှုံးခဲ့သော ပွဲဖြစ်သည်။ရွန်းနေက ဟက်ထရစ်နှင့် အက်ရှ်လေယန်းက နှစ်ဂိုးအပြင် နာနီ၊ဝဲလ်ဘတ်၊ပတ်ဂျီဆန်တို့က မန်ယူအတွက် တစ်ဂိုးစီသွင်းခဲ့မှုကို ဗန်ပါစီနှင့် ဝေါကော့သ်တို့ကသာ ပြန်ချေပနိုင်ခဲ့သည်။ ၇၇မိနစ်တွင်လည်း ဂျန်ကင်ဆန် အနီကတ်ဖြင့်အထုတ်ခံခဲ့ရသည်။

မန်ယူ ၂-၀ အာဆင်နယ်
၁၂-၃-၁၁ (အက်ဖ်အေ)

ထိုပွဲတွင်လည်း အာဆင်နယ်သည် မန်ယူကို မယှဉ်နိုင်ခဲ့ပေ။ ၂၈မိနစ်တွင် ဖာဘီယိုနှင့် ၄၉မိနစ်တွင် ရွန်းနေတို့က မန်ယူအတွက် ဂိုးများသွင်းယူခဲ့မှုကို အာဆင်နယ်တို့ ပွဲပြီးဆုံးသည်အထိ ချေပနိုင်ခြင်း မရှိဘဲ မန်ယူကသာ ၂-၀ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မန်ယူ ၁-၀ အာဆင်နယ်
၁၄-၁၂-၁၀ (ပရီမီယာလိဂ်)

ဗန်ပါစီကို ပွဲထွက်အသုံးမပြုခဲ့၍ အာဆင်နယ်တိုက်စစ်အသက်မဲ့ခဲ့ရသည်။ ၄၁မိနစ်တွင် ပတ်ဂျီဆန်က မန်ယူအတွက် အဖွင့်ဂိုးသွင်းခဲ့ပြီး ၇၄မိနစ်တွင်ရသည့် ပယ်နယ်တီကို ရွန်းနေကန်သွင်းရာ ဂိုးမဝင်ခဲ့၍သာ အာဆင်နယ်တို့ ၁-၀ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မန်ယူ ၂-၁ အာဆင်နယ်
၂၉-၈-၀၉ (ပရီမီယာလိဂ်)

မိနစ် ၄၀တွင် အာရှာဗင်က ဦးဆောင်ဂိုးသွင်းနိုင်သော်လည်း မန်ယူတိုက်စစ်ကို အာဆင်နယ်တို့ မထိန်းနိုင်ခဲ့။ ၅၉မိနစ်တွင် ပယ်နယ်တီပေးရပြီး ရွန်းနေ အဆုံးမသတ်နိုင်ခဲ့သလို ၆၄မိနစ်တွင် ဒီယာဘီက ကိုယ့်ဂိုးကို ထပ်သွင်းမိ၍ အာဆင်နယ်တို့ ရှုံးခဲ့ရပြန်သည်။

သတင်း - ရဲရင့်ရှိုင်း
ဓာတ်ပုံ - စိုးညွန့်

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုအနေအထားအပေါ် သုံးသပ်ခြင်း

ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်များစွာချီးမြှင့်မည့်အထဲမှ အားလုံး မျှော်လင့်နေသည့် ရွှေတံဆိပ်မှာ အမျိုးသားဘောလုံးရွှေတံဆိပ်ဖြစ်သည်။ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာအပြီးတွင် မြန်မာယူ-၂၃အသင်းအနေဖြင့် ရွှေတံဆိပ်အိပ်မက် အကောင်အထည်ဖော်နိုင်ရေးအတွက် အဆင့်ဆင့်ကျော်ဖြတ်ရမည်ဖြစ်ပြီး ပထမအဆင့်ကျော်ဖြတ်ရမည်က နာမည်ကြီး ထိုင်းနှင့် အင်ဒိုနီးရှားဖြစ်သည်။

နိုဝင်ဘာ ၆ ရက်က ဆီးဂိမ်းဘောလုံးပြိုင်ပွဲအုပ်စုများ ခွဲဝေခဲ့ရာ အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ စင်ကာပူ၊ အုပ်စု(ခ)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ တီမော၊ ထိုင်း၊ ကမ္ဘောဒီးယားတို့ပါဝင်နေသည်။ မြန်မာအသင်းကျရောက်နေသော အုပ်စုအနေအထားကိုကြည့်လျှင် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲထက် ပိုကျပ်သည်ဟုဆိုနိုင်သည်။ အင်ဒိုနီးရှားဆီးဂိမ်းတွင် အသင်းကြီးက ဗီယက်နမ်တစ်သင်းသာ အုပ်စုတွင်ပါပြီး ကျန်အသင်းများက မြန်မာအသင်း အနိုင်ရနေသည့် လာအို၊ တီမော၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားတို့ ဖြစ်သည်။ ယခုအကြိမ်တွင် မြန်မာအသင်းပါဝင်သော အုပ်စု(ခ) ၌ အသင်းကြီးများဖြစ်သည့် ထိုင်းနှင့်အင်ဒိုနီးရှားတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းမှာ

စာမျက်နှာ ၇ သို့ »

" ကန့်ကွက်နိုင်ပါသည် "

[illegible]

YE NOOS & ASSOCIATES (Law Firm)

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
Promotion
3Star Hotel
[illegible]

စာအုပ်စာပေ လူ့မိတ်ဆွေ